


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

ဆင်ဖြူရှင်

စာမူခွင့်ပြုချက်အမှတ် - ၈၂၄/၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၃/၂၀၀၂ (၁၂)

၂၀၀၃ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး - ၃၀ိ/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

# မင်းမြတ်သူရ

ဆင်ဖြူရှင်

မောင်ကျော်လှိုင်စေတနာစာပေမှ
စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာဂိုဏ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေပြီး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘတ်တူရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရုပ်တော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်တောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြွေမင်းသမီး
၁၅။ လိုတရကဲကြီးရှင်
၁၆။ တစ်ကျွန်းပြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးခိုင်တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသားမိုးတောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် တော်မဲ့နှင်းဆီ
၂၂။ ပဥ္စလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွမ်းငွေ့တဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကျီးညိုနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်


တစ်ဖက်သို့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်
၂၉။ မြေပါတောင်နတ်မင်း
၃၀။ ပဥ္စမမြောက်မိုးနတ်မယ်
၃၁။ ရတနာကျွန်းကေရီ
၃၂။ ဂူမှာကျက်တစ်ယောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားကောင်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလူသားမောင်ဒဂါး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့်တာနောယကွ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
ယခုလထုတ်စာအုပ်
၄၂။ ဆင်ဖြူရှင်

## မင်းမြတ်သူရစာနောက်ထွက်မည့်စာအုပ်များ

- ပျောက်သောသူ့ဂူလျှင်တွေ့
- ရွှေမျက်နှာသခင်မ
- ပတ္တမြားဆန်ကျိုး အဖိုးမြည်တန်
- လနတ်သမီး
- လှုဝင်စားကျောင်းတော်
- စကြာရှင်

## စေတနာစာပေ၏ အမှတ်တရအစီအစဉ်

■ ကျွန်တော်အရင်တုန်းက အချစ်ဝတ္ထုတွေကိုသာ ဖတ်ဖြစ်ခဲ့ပါတယ်…နောက်တော့ ဆရာရဲ့'ပဥ္စလက်မောင်နှမစာအုပ်'ကိုဖတ်ပြီး ဆရာ့ရဲ့အရေးအသားကို စွဲလမ်းခဲ့ရတယ်…ဒီအချိန်ကစပြီး ဆရာ့ဝတ္ထုတွေကိုလက်လှမ်းမီသမျှ ဖတ်ခဲ့တာယနေ့အထိပါ..အခုတော့လည်း ဆရာ့ရဲ့ဇာတ်အိမ်တည်ဆောက်ပုံနဲ့အတွေးအခေါ်ကို နှစ်သက်လွန်းလို့ တစ်လတစ်လ, စာအုပ်ထွက်ဖို့မျှော်ရတာ အမောပါပဲဗျာ။

မောင်ထက်အောင်
မြို့ဟောင်းလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်
သံလျှင်မြို့။

■ 'တာနောယကွ'ဝတ္ထုဟာ ဇာတ်လမ်းဇာတ်အိမ်သွက်သွက်လက်လက်နဲ့ ပုံစံသစ်တစ်ခုဖြစ်နေပါတယ်ဆရာ။ ဒါပေမဲ့ အရင်ဆားပုလင်းမင်းအောင်စုံထောက်ဝတ္ထုတွေလို ခုံခုံညားညားမဖြစ်တာ ရင်ထဲမှာ ဟာတာတာကြီးဖြစ်နေရပါတယ်။

ရွှေဝါဖူး
အောင်မင်္ဂလာလမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

■ ဆရာရဲ့'မဟာလူသားမောင်ဒဂါး'ကို ဖတ်ပြီးတော့ အားငယ်တဲ့စိတ်တွေပျောက်ပြီး စိတ်အားတက်ကြွလာမိပါတယ်။ ဒါကြောင့် ကျွန်တော်အပါအဝင် လူငယ်တွေ စိတ်အားတက်ကြွပြီး ဘဝကိုကြံ့ကြံ့ခံရင်ဆိုင်နိုင်တဲ့အစွမ်းသတ္တိတွေရှိအောင်

www.burmeseclassic.com

www.burmeseclassic.com

မောင်ဒဂ်ါးလိုစာအုပ်တွေအများကြီးရေးပေးစေချင်ပါတယ်။

ခွန်တင်ဝင်း
အမှတ်(၅) မြို့ဝင်လမ်း
ကန်တော်မင်္ဂလာပရဟိတကျောင်း
ပဲခူးမြို့။

■ ကျွန်တော်ဟာအရင်က ဝတ္ထုတွေကိုစွဲစွဲမြဲမြဲမဖတ်ဖြစ်ပါဘူး။ ဒါပေမဲ့ ဆရာ့ဝတ္ထုတွေကိုတော့ အမြဲရှာဖွေဖတ်ရှုဖြစ်ပါတယ်။ ဆရာ့ဝတ္ထုတွေဟာ ယနေ့သူများတွေရေးနေကျ အချစ်,အလွမ်း, အဆွေးတွေကခွဲထွက်ပြီး စာဖတ်သူတွေကို ဗဟုသုတ, အသိဉာဏ်,လောကကျင့်ဝတ်တွေကို နှလုံးသားထဲထိ စွဲမြဲအောင် စွမ်းဆောင်နိုင်တဲ့အတွက် အလွန်တန်ဖိုးရှိပါတယ်။

ဇာနည်အောင်
Roll. No. 152, Sec. A
ဒုတိယနှစ်၊ဆေးတက္ကသိုလ်(မကွေး)

■ 'ပေ့ာ်တန်ခိုးရှင်မ'ဟာ အရင်တုန်းက ဇာတ်လမ်းတွေနဲ့ နီးစပ်သယောင်ရှိပါတယ်။ 'မဟာလူသားမောင်ဒဂ်ါး'ကတော့ ဆရာ့ရဲ့တင်ကျန်ခဲ့မဲ့စာအုပ်မျိုးပါ။ ဒီစာအုပ်ထဲမှာ ပရိသတ်အပေါ်ထားတဲ့ဆရာရဲ့မေတ္တာစေတနာကို အထင်းသားကြီးတွေ့မြင်နေရပါတယ်။ လူငယ်တွေရဲ့အနာဂတ်ကို အလေးအနက်ထားတတ်တဲ့ဆရာ့ကိုလေးစားလို့မဆုံးတော့ပါဘူး။ ဒါကြောင့်လဲ ဒီနေ့ခေတ်မှာ ဆရာအကျော်ကြားဆုံးဖြစ်နေတယ်ထင်ပါရဲ့။

မရိုးဝါ
သခင်ဗထိန်လမ်း၊ ၂၉-ရပ်ကွက်
မြောက်ဒဂုံမြို့နယ်။

■ ဆရာ့ရဲ့ထွက်ပြီးသမျှ စာအုပ်တွေကို လက်လှမ်းမီသျှစုဆောင်းထားပါတယ်။ 'ပန်းကိုးပွင့်ဒေဝီ'ရုပ်ပြစာအုပ်ကြီးကိုလည်း မရရအောင်ဝယ်ပြီး သိမ်းဆည်းထားပါတယ်။ ကျွန်မကို ဝတ္ထုစာအုပ်တွေစွဲလမ်းအောင် သင်ပြပေးခဲ့တာ ဆရာ့စာအုပ်တွေပါပဲ။ ပထမဆုံးဖတ်မိတဲ့ 'နေမင်း၏သမီးတော်'ကစပြီး အသည်းစွဲခဲ့လို့ ဒီနေ့အထိ ဆိုင်မှာအမြဲ လုဖတ်ခဲ့ရပြီး ဆရာ့စာအုပ်တွေဖတ်ပြီးတိုင်း ရင်ထဲမှာ တွေးစရာတစ်ခု ကျန်ရစ်တာ ဆရာ့ရဲ့ပညာစွမ်းပါ။

နန်းသီတာခင်
ကျိုက်ဝိုင်းဘုရားလမ်း
မရမ်းကုန်းမြို့နယ်။

■ ဦးဇင်းဟာ အရင်က ဗုဒ္ဓဘာသာစာအုပ်တွေနဲ့ ဗဟုသုတစာအုပ်တွေကိုသာ ဖတ်ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ တစ်နေ့မှာ ဆရာ့စာအုပ်ကို လှန်ကြည့်ပြီး မြည်းစမ်းကြည့်ရာက မဖတ်ရ မနေနိုင်အောင် စွဲလမ်းခဲ့ပါတယ်။ စာအုပ်ရှေ့ပိုင်းမှာပါတဲ့ ချမ်းမြေ့သရဖီလှိုင်ရဲ့ ဒဿနစကားလေးတွေကို အလွန်နှစ်သက်မိပါတယ်။ သူ့ရဲ့ဒဿန တွေကို စာအုပ်တစ်အုပ်ဖြစ်အောင် လုပ်ပေးရင် သိပ်ကောင်းမှာပါ။

သုနန္ဒ(မြစ်သား)
အသောကရာမ သိမ်ကျောင်း
ဘုရားကြီးတောင်ဘက်မုခ်
မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

အမြဲတန်းအလိုမပြည့်တဲ့
ပူပန်စရာတွေ ကြုံရတွေ့သူဟာ
ငရဲပါ...

အမြဲတန်းအလိုပြည့်ပြီး
အေးချမ်းမှုတွေ ရတွေ့သူဟာ
နိဗ္ဗာန်ပါ...

ချမ်းမြေ့သရဖီလှိုင်

အလှူတွေအများကြီးလုပ်
ကုသိုလ်တွေအများကြီးရ

အလှူတွေအများကြီးမလုပ် ...?

ချမ်းမြေ့သရဖီလှိုင်

www.burmeseclassic.com

www.burmeseclassic.com

မွေးကတည်းက
သင်လိုက်တဲ့ ပညာတွေ
ရှာလိုက်ရတဲ့ စည်းစိမ်ဥစ္စာတွေ
ကာကွယ်လိုက်ရတဲ့ ဂုဏ်သိက္ခာတွေ
နေဝင်ချိန်ရောက်တော့
အဓိပ္ပာယ်မဲ့လို့နေ…

ချမ်းမြေ့သရဖီလှိုင်

တနင်္သာရီ စီရင်စု၊ ဘီးလင်းမြို့နှင့်မဝေးလှသော ရွာကလေးတစ်ရွာရှိ လော်ပန်ကြီးဦးဘဒင်၏ ခြံဝိုင်းကြီးထဲတွင် ရွာသူရွာသားများ စုစုဝေးဝေးရှိနေကြပြီး အလှူကြီးတစ်ခု ကျင်းပရန် စီစဉ်နေလေ၏။

ကာလသားများသည် မြေကျင်းကြီးတူး၍ မီးဖိုထားကြပြီး ဒယ်အိုးကြီးတစ်လုံးဖြင့် ဝက်သားဆီပြန်ဟင်းကို စတင်ချက်ပြုတ်ရန် ပြင်ဆင်လေ၏။

ကာလသားခေါင်း ကိုပွကြီးသည် ဟင်းချက်ဝိဇ္ဇာဖြစ်ပြီး ရွာရှိ အလှူပွဲတိုင်းတွင် သူမပါလျှင် ပွဲမစည်သော အိုးသူကြီးတစ်ယောက် ဖြစ်၏။ သူသည် အိုးသူကြီးပီပီ လူများကို ဩဇာလုပ်ရန် ဝါသနာထုံ



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ပြီး ဧရပ်သီးထောင်း၊ ကြက်သွန်ခွာနေသော အပျိုကလေးများ အနီးသို့သွားကာ ဟိုလိုလုပ်ပါလား သည်လိုလုပ်ပါလား ဟု ဆရာလုပ်နေလေ၏။

ကိုပွကြီး၏ ဆရာလုပ်ခြင်းကို သည်းမခံနိုင်သော ဖွေးတုတ်ဆိုသော လုံမပျိုက နှာခေါင်းရှုံ့၍

'' ဒီမှာ အိုးသူကြီး နေရာတကာဝင်ပြီး ဆရာမလုပ်နဲ့၊ ကျွန်မတို့ မိန်းကလေးတွေ ဧရပ်သီးထောင်းတဲ့အလုပ်၊ ကြက်သွန်ခွာတဲ့အလုပ်ကို နေ့တိုင်းလုပ်နေကြတာ၊ ရှင့်ထက်ကျွမ်းကျင်ပြီးသား ''

ဟုပြောလိုက်လေရာ လူအများကို ဩဇာပေးချင်သော ကိုပွကြီးက

'' အောင်မယ်၊ မိန်းကလေးဖြစ်ပြီး နင့်တို့က ဘယ်လောက်ထောင်းတတ်လို့လဲ၊ နင်နဲ့ငါ တစ်ဆုံလောက် ပြိုင်ထောင်းရအောင် ''

ဟုစိန်ခေါ်လိုက်လေ၏။ ထိုအခါ ဇတ်ဇထ်ကြဲလုံမပျိုက နှုတ်ခမ်းကိုမဲ့၍

'' ရှင်က မိန်းမနဲ့တောင် ပြိုင်ပြီးထောင်းချင့်တယ်ပေါ့လေ ''

ဟုရန်တွေ့လေ၏။ အိုးသူကြီးကိုပွကြီးက

'' ထောင်းရတာပေါ့၊ ငါထောင်းတာမြင်ရင် တော်ပါပြီ ကိုပွကြီးရယ်၊ ကျွန်မအရှုံးပေးပါပြီလို့ ညည်းညူသွားစေရမယ်၊ ပွကြီးတဲ့ဘာအောက်မေ့လဲ ''

ဟုကြုံးဝါးလိုက်လေ၏။ ဖွေးတုတ်က ခေါင်းကိုခါယမ်း၍





'' တစ်သက်လုံး အရှုံးမပေးဘူး၊ ရှင်ထောင်းတာ ဘယ်လောက်များ ကောင်းလို့လဲ၊ မိန်းမထက်များ ဧရတ်သီးထောင်းတာပိုကောင်းတယ်လို့ မယုံပါဘူးရှင် ''

ဟု မခံချင်အောင် ပြောလေ၏။ ကာလသားခေါင်းကိုပွကြီးက မျက်နှာကိုမဲ့၍

'' မယုံရင် လက်တွေ့စမ်းကြည့်ပါလား၊ ရှုံးတဲ့သူက နိုင်တဲ့ သူကို ကုန်းပိုးစီးကြေးလေ ''

ဟုစိန်ခေါ်လိုက်လေ၏။ ထိုအခါ အပျိုခေါင်း မအေးလှက နားငြီးလာပြီး

'' တော်ပါတော့ အထောင်းဝိဇ္ဇာနှစ်ယောက်ရယ်၊ နားတွေလဲငြီးလှပြီ၊ ဒီမှာ နင်တို့သိပ်ထောင်းချင်လား၊ ထောင်းချင်ရင် ငါတို့ရှေ့မှာ လာမထောင်းနဲ့၊ အလှူပြီးမှ ဆိပ်ကွယ်ရာမှာ သွားထောင်းပေတော့ ''

ဟုဝင်ရောက်ပြောဆိုလေရာ ဖွေးတုတ်၏မျက်နှာ ရဲခနဲဖြစ်သွားပြီး

'' အောင်မယ် မအေးလှနော်၊ ဘာစကားပြောတာလဲ၊ ဆိပ်ကွယ်ရာမှာထောင်းရအောင် ကျွန်မနဲ့ဒီလူကြီးက ဘာဖြစ်နေလို့လဲ ''

ဟုရန်တွေ့လေ၏၊ ထိုအခါ အပျိုခေါင်း မအေးလှက နှာခေါင်းရှုံ့၍

'' ဖြစ်မဖြစ်တော့ ငါမသိဘူးပေါ့၊ နင်တို့နှစ်ယောက်လုံး သိပ်ထောင်းချင်နေတာတော့ ငါသိတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ အပျိုကလေးများက ဆူညံစွာ အော်ဟစ်၍

'' ဘာထောင်းချင်တာလဲ မအေးလှရဲ့ ''

ဟုမေးမြန်းလေ၏ မအေးလှက ရေတက်ကျည်ပွေ့ကြီးကို မြှောက်ပြ၍

'' ရေပ်သီး ရေပ်သီး ''

ဟုပြန်လည်အော်ဟစ်လေရာ အပျိုကလေးများသည် ဝါးခနဲ ရယ်မောကြကုန်၏။

ကာလသားခေါင်း ကိုပွကြီးလည်း ရှက်ကိုးရှက်ကန်းဖြင့် အပျိုများကြားမှ ကမူးရှူးထိုး ထွက်လေရာ ထင်းချောင်းကြီးတစ်ချောင်းကို ခလုတ်တိုက်၍ ဝမ်းလျားမှောက်လဲပြီး ဣန္ဒြေကြီးတစ်ခွဲသားနှင့် ထိုင်နေသော အပျိုကြီးမတင်စိန်၏ ရင်ခွင်ထဲသို့ ပြိုလဲကျလေ၏။

အပျိုကြီးသည် သူ၏ရင်ခွင်ထဲသို့ လဲကျလာသော ကိုပွကြီး၏ ဆံပင်ကို ရှက်ရှက်နှင့်ဆောင့်ဆွဲကာ

'' ကာလနာကောင်၊ အဖိုဆိုလို့ ယင်ဖိုတောင်မသန်းဖူးတဲ့ ငါ့ရင်ခွင်ထဲကို နင်က စော်စော်ကားကား ကျူးကျော်ဝင်ရသလား၊ မြွေပွေးကိုက်ရဲ့ ''

ဟုကြိမ်းမောင်းလေရာ ကိုပွကြီးသည် တစ်ရက်က နှစ်ရက် ဖြစ်ပြီးနောက် အိုးသူကြီးအလုပ်ကိုပင် မလုပ်ဝံ့တော့ဘဲ လော်ပန်ကြီး ဦးဘဒင်၏နေအိမ်ထဲသို့ ပြေးဝင်လေတော့၏။

လော်ပန်ကြီးဦးဘဒင်၏ အိမ်ဝိုင်းကြီးသည် ကျယ်ဝန်းလှပြီး





အိမ်ဝိုင်းထဲတွင် အိမ်သုံးလုံးရှိ၏။

ထိုအိမ်သုံးလုံးအနက် တောင်ဘက်ဆုံးရှိ အိမ်ထဲတွင် တိတ်ဆိတ်ငြိမ်သက်နေပြီး အသက် (၄၀)ဝန်းကျင် အမျိုးသမီးနှစ်ယောက်သည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေလေ၏။

ခဏအကြာတွင် အမျိုးသမီးတစ်ဦးက မျက်နှာမဲ့သာမယာ ဖြစ်နေသော ကျန်တစ်ဦး၏ပခုံးကို ပုတ်၍

'' သိပ်လဲ စိတ်ဆင်းရဲမနေပါနဲ့ မမြရယ်၊ ကြာရင်တော့ အစ်ကိုကြီး အရင်အတိုင်း ပြန်ဖြစ်သွားမှာပါ ''

ဟုပြောလေ၏။ ထိုအခါ မျက်နှာမသာမယာဖြစ်နေသော အမျိုးသမီးက ခေါင်းခါ၍

'' ဖြစ်နိုင်ပါ့မလား အစ်မရယ်၊ ဒီကောင်မက ကျွန်မတို့ထက် အများကြီးငယ်တယ်၊ ရုပ်လဲချောတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလဲ စွဲလောက်စရာပဲ ''

ဟုပြောလေ၏။ ကျန်အမျိုးသမီးက ခေါင်းခါ၍

'' ဒီကောင်မရဲ့ ရုပ်ရည်နဲ့ ချောမောလှပမှုတွေကို အစ်ကိုကြီးစွဲလမ်းရင် ခဏပါပဲကွယ်၊ ဒါမျိုးက ခဏတာ စွဲလမ်းတာပါ၊ ကြာရင် ရိုးအီလာမှာပါ၊ ပထမပိုင်းတော့ ငါ့ညီမပြောသလိုဖြစ်ရင် ဖြစ်နိုင်တယ်၊ နောက်တော့လဲ ဒါတွေကို ရိုးအီလာတာပါပဲကွယ်၊ တကယ်တော့ ချောတာလှတာဟာ အဓိကမဟုတ်ပါဘူး ''

ဟု ပြောလေ၏။ ထိုအခါ မမြဆိုသောအမျိုးသမီးက စိတ်



www.burmeseclassic.com

www.burmeseclassic.com



အားတက်ကြွဟန်ဖြင့်

" ဟင်… ဒါဆိုရင် ဘာ အဓိကကျတာလဲ အစ်မရဲ့ "

ဟု မေးမြန်းလေ၏။ အမျိုးသမီးက မျက်မှောင်ကြုတ်၍

" အပြုအစု၊ အယုအယပေါ့ကွယ်၊ ယောကျ်ားမှန်ရင် မိန်းမရဲ့ ပြုစုယုယမှုကို မနှစ်သက်တဲ့ယောကျ်ားမရှိဘူး၊ တို့ညီအစ်မက ဒီ အခွင့်အရေးကို အသုံးချရမယ် "

ဟုပြောလေ၏။ မမြဆိုသော အမျိုးသမီးက စိတ်အားတက် ဟန်ဖြင့်

" ကျွန်မတို့လဲ အစ်ကိုကြီးကို တတ်နိုင်သမျှ ဂရုစိုက်ပြီး ပြုစုယုယတာပဲ မဟုတ်လား "

ဟုပြောလေ၏။ ကျန်သောအမျိုးသမီးက သက်ပြင်းချ၍

" ဟုတ်ပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီးက သူများယောကျ်ား တွေနဲ့မတူဘူးလေ၊ သူဟာ ဒီလောက်နဲ့ တင်းတိမ်ရောင့်ရဲပုံမရဘူး၊ ဒါကြောင့် ရှေ့ဆက်ပြီး အစ်ကိုကြီးကျေနပ်အောင် အစွမ်းကုန်ပြုစု ယုယရမယ်၊ ဘာပဲဖြစ်ဖြစ် အစ်မအထင်တော့ ဟိုကောင်မဟာ အပျို ဖြစ်နေတော့ အစ်မတို့ထက် ပြုစုယုယမှုမှာ အများကြီးညံ့ဖျင်းမယ် လို့ အစ်မယုံတယ် "

ဟုပြောလေရာ မမြဆိုသောမိန်းမက စိတ်အားတက်ကြွလာ ပြီး

" ဟုတ်ပြီ၊ ဒါဆိုရင် ကျွန်မတို့ အရင်ထက်ပိုပြီး အစ်ကိုကြီး ကိုပြုစုကြမယ်၊ ကျွန်မတို့ ရင်ခွင်ထဲကနေ ဟိုကောင်မရင်ခွင်ထဲကို





မရောက်စေရဘူး၊ ဒီအကြောင်းတွေကို ကျွန်မတွေးကြည့်တိုင်း ရင်ထဲ မှာ တနုံ့နုံ့ခံစားရတယ် "

ဟုပြောလေ၏။ အမျိုးသမီးက ပြတင်းပေါက်မှ အပြင်ဘက်ရှိ ရှုခင်းများကို ကြည့်ရှု၍

" ဒါဟာ ငါတို့မိန်းကလေးတွေ ကြုံတွေ့ရတဲ့ ဓမ္မတာကိစ္စ တစ်ခုပါ၊ သူတို့ယောကျ်ားတွေဟာ ဘယ်တော့မှ မိန်းမတစ်ယောက် တည်းနဲ့ မကျေနပ်နိုင်ဘူးလေ၊ ယောကျ်ားတွေဟာ အရည်အချင်း ရှိရင်ရှိသလောက်၊ အစွမ်းအစရှိရင် ရှိသလောက်၊ မိန်းမတွေနဲ့ပတ် သက်တဲ့ အင်ပါယာကို ချဲ့ထွင်တော့ရှိတယ် "

ဟုပြောလေ၏။ ထိုအခါ မမြဆိုသောမိန်းမက မကျေမနပ်ဖြင့်

" ရွာထဲကယောကျ်ားတွေက အစ်ကိုကြီးလိုမဟုတ်ပါဘူး၊ အစ်ကိုကြီးက လွန်ကိုလွန်လွန်းပါတယ်၊ မိန်းမနှစ်ယောက်ရှိတာ တောင် မတင်းတိမ်နိုင်ဘူး၊ သုံးယောက်ယူတယ်၊ မိန်းမသုံးယောက် ရှိတာတောင် သူတင်းတိမ်နိုင်ပါ့မလား "

ဟု ပြောလေ၏။ အမျိုးသမီးက သက်ပြင်းချ၍

" ရွာထဲက ယောကျ်ားတွေနဲ့ အစ်ကိုကြီးက မတူဘူး၊ အစ် ကိုကြီးက လော်ပန်လေ၊ ဆင်ကိုးကောင်ကိုပိုင်ဆိုင်တဲ့ ဆင်ခေါင်းကြီး လေ၊ အစ်ကိုကြီးရဲ့ စည်းစိမ်ဥစ္စာကို ဒီနယ်တစ်ကြောမှာ ယှဉ်နိုင်တဲ့သူ ရှားတယ်လေ၊ အစ်ကိုကြီးလို ဆင်အများကြီးပိုင်တဲ့သူဆိုလို့ အင်္ဂလိပ် ကုမ္ပဏီပဲ ရှိတော့တာမဟုတ်လား၊ နောက်ပြီး အစ်ကိုကြီးက အပျို

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သော ယောကျ်ားတွေနဲ့မတူဘူး၊ ဂုဏ်သိက္ခာကို စောင့်စည်းပြီး သူ့ဆန္ဒကို ချိုးနှိမ်ထားမယ့်လူမျိုးမဟုတ်ဘူး၊ သူ့ဆန္ဒရှိရင် ဂုဏ်သိက္ခာ့ကိုလဲ စွန့်လွှတ်သင့်ရင် စွန့်လွှတ်မှာပဲ၊ သူဟာ ဟန်ဆောင်တတ်တဲ့ ယောကျ်ားမဟုတ်ဘူး၊ သတ္တိရှိတယ်၊ ရဲဝံ့တယ်၊ ယောကျ်ားပီသတယ်၊ အစ်ကိုကြီးမှာ အားနည်းချက်ဆိုလို့ မိန်းမတွေအများကြီးယူတာပဲ ရှိပါတယ်၊ ဒါပေမယ့် တို့အပေါ်မှာ တတ်နိုင်သမျှ စာနာထောက်ထားပြီး အလေးဂရုပြုတာ ညီမသတိထားမိမှာပါ၊ ဒါကြောင့်၊ ဒီကောင်မကို ခွဲလင်းလှရင် ယူပြီး (၃)လလောက်အထိပါပဲ၊ (၃)လကျော်ရင် တော့ ဒီမိန်းမရဲ့ပြုစုယုယမှု ညံ့ဖျင်းလာရင် ဒီမိန်းမဟာ သူ့အတွက် အရုပ်တစ်ရုပ်လိုဖြစ်သွားလိမ့်မယ်၊ ကလေးတစ်ယောက်ဟာ အရုပ်တစ်ရုပ်ကို ကစားတာကြာလို့ ရိုးအီလာရင် ဘာလုပ်တတ်လဲ၊ ညီမ စဉ်းစားကြည့်ပါ ''

ဟုပြောလေ၏။ ထိုအခါ မမြဆိုသော မိန်းမက တွေးတွေးဆဆဖြင့်

'' ဒီကောင်မရဲ့အပြုစုယုယမှုတွေ သိပ်ကောင်းနေရင်ရော ''

ဟု မေးမြန်းလေ၏။ အမျိုးသမီးက သက်ပြင်းချ၍

'' ဒါဆိုရင်တော့ အစ်မတို့ရဲ့ ကံကြမ္မာအညံ့ပိုင်းရောက်သွားပြီလို့ တွေးရတော့မှာပေါ့၊ လောကမှာ ဘယ်အရာမှ မတည်မြဲနိုင်ဘူးလေ၊ ဒါပေမယ့် ညီမတွေးသလို မဖြစ်နိုင်ပါဘူး၊ ဒီကောင်မဟာ ယောကျ်ားနဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိတဲ့ အစိမ်းသက်သက်





မိန်းမတစ်ယောက်ပါ၊ အစ်မတို့လောက် ယောကျ်ားတွေရဲ့အကြောင်းကို မသိလောက်ပါဘူး၊ ခေါင်းအေးအေးထားပြီး မျက်နှာကိုရွှင်ရွှင်ပြုပြုနေစမ်းပါ၊ အပူရုပ်နဲ့ နေတာဟာ ဆွဲဆောင်အားမရှိဘူး၊ ဆွဲဆောင်မှုမရှိတဲ့ မိန်းမကို အစ်ကိုကြီးက ပိုပြီး စွန့်ခွာချင်စိတ်ဖြစ်လိမ့်မယ် ''

ဟုပြောကာ ပြတင်းပေါက်ကိုပိတ်၍ အခန်းအပြင်သို့ ထွက်သွားလေတော့၏။

ထိုမိန်းမနှစ်ယောက်သည် ဆင်ခေါင်းကြီး ဦးဘဒင်၏ မယားကြီးနှင့် မယားငယ်ဖြစ်၏။

လော်ပန်ကြီး၏ မယားကြီး၏ အမည်မှာ ဒေါ်နန်းဖြစ်ပြီး မယားငယ်မှာ မမြဖြစ်၏။

ယခု လော်ပန်ကြီးက တတိယမြောက်မယားတစ်ယောက်ကို အတိအလင်းယူရန် ပြင်ဆင်နေစဉ် မမြသည် စိတ်မသိန်းနိုင်အောင် ကြေကွဲဒုက္ခရောက်နေရှာ၏။

မယားကြီးဖြစ်သူ ဒေါ်နန်းမှာမူ လော်ပန်ကြီး၏သဘောကို နားလည်သူဖြစ်၍ ပူဆွေးဝမ်းနည်းမှု နည်းရှာ၏။

သူမသည် လောကတွင် ဖြစ်ပြီးသော ကိစ္စကို ပူဆွေးဝမ်းနည်းနေလျှင် ပိုမို၍ လူဖြစ်ရှုံးရုံသာရှိတော့မည်ဟု ယူဆထားသူဖြစ်၏။

ယခု လော်ပန်ကြီး နောက်ဆုံးယူသည့် မိန်းမမှာ အသက်(၂၅)နှစ်သာရှိပြီး ချောမောလှပသူဖြစ်၏။

သူမသည် ဘိန်းစွဲနေသော သင်လုပ်သားတစ်ဦး၏သမီးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဖခင်သည် လော်ပန်ကြီးထံမှ ငွေကြေးများစွာကို ရယူထားပြီး သမီးနှင့် အကြွေးကို လဲလှယ်ခြင်းခံရသူဖြစ်၏။

လော်ပန်ကြီး၏ နောက်ဆုံးယူမည့်မိန်းမမှာ ငယ်ရွယ်သူဖြစ်သော်လည်း သမီးအလိမ္မာဖြစ်သဖြင့် အဖေအရွယ်ရှိသော လော်ပန်ကြီးကို လက်ထပ်ယူရန် ခေါင်းညိတ်ခဲ့လေ၏။

သူမ၏အမည်မှာ မမြရင်ဟူ၍ဖြစ်ပြီး မမြရင်သည် လော်ပန်ကြီးကို လက်ထပ်ယူရန် နှလုံးသားကို စတေးခဲ့ရလေ၏။

သူမသည် ချစ်သူရှိဖူးသူဖြစ်ပြီး သူမ၏ချစ်သူမှာ ဆင်လုပ်သားအဝမှာ ကြိုးများရှိ [illegible] မြင့် [illegible] ရှာရန် ထွက်သွားသည်မှာ သုံးနှစ်တင်းတင်းရှိခဲ့ပြီ။

ယခုတော့ သူမ၏ဘဝသည် ချစ်သူနှင့် ရှင်ကွဲကွဲသော ဘဝ သို့ ရောက်ခဲ့လေပြီ။

ချစ်သူနှင့် ကွေကွင်းရသော ဆင်းရဲခြင်းသည် အဆင်းရဲ တကာ့ အဆင်းရဲဆုံးပင် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ မမြရင်သည် လော်ပန်ကြီး၏ တတိယ မြောက်မယားဘဝသို့ ရောက်ရှိခဲ့လေပြီ။

လော်ပန်ကြီးသည် သူမကို ချစ်ခင်မြတ်နိုးမှု ရှိမှ ရှိပါလေစ။

သူ၏ မယားနှစ်ယောက်ကို အချစ်ကုန်သွားသကဲ့သို့ နောင် အခါတွင်လည်း သူမကို ရိုးအီသွားလျှင် မည်သို့နေ ိုင်ရမည်မသိ။

မမြသည် သူမအတွက် အသစ်ဆောက်လုပ်ပေးထားသော





အိမ်ငယ်လေး၏ အိပ်ခန်းထဲတွင်ထိုင်ရင် တစ်ဦးတည်း အနာဂတ် အရေးကို တွေးတောနေခြင်းဖြစ်၏။

သူမတွင် အဖေတစ်ဦးတည်းသာ ဆွေမျိုးရင်းခြာရှိသဖြင့် အဖေသည် လော်ပန်၏ ယောက္ခမတော်ရသဖြင့် အပျော်ကြီးပျော် ကာ ဘိန်းခန်းတွင်သာ အပျော်ကြီးပျော်နေရှာ၏။

အဖေသည် လော်ပန်ကို ဆပ်စရာအကြွေးများစွာ မရှိတော့ သဖြင့် စိတ်လက်ပေါ့ပါးနေဟန်ရှိ၏။

အဖေတစ်ယောက် စိတ်လက်ပေါ့ပါးနေသလောက် မမြရင်မှာမူ အနာဂတ်အရေးကိုတွေးတော၍ ရင်ထဲတွင်လေးလံနေလေ၏။

ထိုအခိုက်မှာပင် အိပ်ခန်းအတွင်းသို့ လော်ပန်ကြီးဝင်ရောက် လာပြီး

" မြရင် ဘာတွေ စဉ်းစားနေတာလဲ "

ဟုမေးမြန်းကာ မမြရင်၏ မျက်နှာမကောင်းပုံကိုကြည့်၍

" မြရင် နေမကောင်းဘူးလား "

ဟုမေးမြန်းလေ၏။ လော်ပန်ကြီး၏လက်ကလည်း မမြရင်၏ နဖူးပေါ်သို့ရောက်လာ၏။

ဤလူကြီးသည် ကြင်နာယုယမှုတော့ ရှိသားပဲဟုတွေးတော မိလေ၏။

မမြရင်က ခေါင်းခါ၍

" ဘာမှမဖြစ်ပါဘူး အစ်ကိုကြီး၊ ရောက်တတ်ရာရာ တွေး



www.burmeseclassic.com

www.burmeseclassic.com



တောနေတာပါ ''

ဟု တီးတိုးပြောလိုက်၏။ လော်ပန်ကြီးက ရယ်မော၍

'' လောကမှာ သင်ထားမှတ်ထားရမှာက ဖြစ်ပြီးတဲ့ ကြေကွဲဝမ်းနည်းမှုတွေ၊ မဖြစ်သေးတဲ့ အနာဂတ်စိုးရိမ်သောကတွေကို ဘယ်တော့မှ ကြိုတင်တွေးတောတဲ့အကျင့် မလုပ်ရဘူး၊ အတိတ်က အကြောင်းကိုတွေးရင် ပျော်စရာတွေကိုပဲ တွေးပါ၊ အနာဂတ်ကို တွေးမယ်ဆိုရင် အနာဂတ်မှာ ကြုံတွေ့ရမယ့် ရွှင်မြူးစရာတွေကိုပဲ တွေးပါ၊ စိတ်ဆင်းရဲစရာတွေကို တွေးပါများရင် အလေ့အကျင့်ဖြစ်ပြီး စိုးရိမ်သောကနဲ့ နပန်းလုံးနေရတတ်တယ်၊ လူဖြစ်တဲ့ ခဏတာ အချိန်လေးမှာ စိုးရိမ်သောကကို ရတဲ့လူဟာ လောကရဲ့ရင်ဆိုင်ရတာသဲ၊ အဲဒီရဲ့ဟာ လောကရဲ့ အဆိုးဝါးဆုံး ရေတာစ်ခုပါပဲ၊ တကယ်တော့ လူတွေ ကြိုတင်တွေးတောပြီး ပူပန်လေ့ရှိတဲ့ စိုးရိမ်သောကတွေဟာ ဖြစ်မလာတာများပါတယ်၊ ကိုယ်စိုးရိမ်တဲ့အတိုင်းဖြစ်လာတယ်ပဲ ထားဦးတော့ ကြိုတင်တွေးတောပြီး စိုးရိမ်နေတဲ့အတွက် တစ်ပန်းရှုံးပါတယ် ''

ဟုပြောလေ၏။ မမြရင်က သက်ပြင်းချ၍

'' ဟုတ်ကဲ့ ကျွန်မ မတွေးတော့ပါဘူး၊ နောက်ဆိုရင် ပျော်စရာတွေကိုပဲ တွေးပါတော့မယ် ''

ဟုပြောလေရာ လော်ပန်ကြီးက သူ၏မယားလေးကို သဘောကျဟန်ဖြင့် ကြည့်၍





'' မြရင် လိမ္မာတယ် ''

ဟု ချီးမွမ်းကာ အခန်းတွင်းမှ ထွက်သွားလေတော့၏။

မမြရင်သည် လော်ပန်ကြီး အခန်းအပြင်သို့ ထွက်သွားသော အခါမှပင် နှုတ်ခမ်းကို မဲ့လိုက်ပြီး

'' ဝမ်းနည်းကြေကွဲစရာတွေကို ဘယ်သူက တွေးချင်မှာလဲ၊ ကြေကွဲစရာတွေက အလိုလို ရင်ထဲကိုဝင်ရောက်လာတာ ကျွန်မ ဘာ တတ်နိုင်မှာလဲ ''

ဟု တီးတိုးရေရွတ်လိုက်လေတော့၏။

ထိုအခိုက်မှာပင် မင်္ဂလာမဏ္ဍပ်ဆောက်လုပ်နေသော ရွာသား တစ်ယောက်သည် ဝါးလှေကားပေါ်မှ ဝုန်းခနဲပြုတ်ကျလေ၏။

မမြရင်သည် ဝါးလှေကားမှ ပြုတ်ကျ၍ နာကျင်နေဟန်ရှိ သော ရွာသားကိုကြည့်၍

'' ဒီလူ လှေကားပေါ်က ပြုတ်ကျရင် ဘယ်လိုနေမလဲလို့ မတွေးမိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပြုတ်ကျမယ်ဆိုတာ သူကြို မသိဘူးလေ ''

ဟု ရေရွတ်လိုက်၏။

ထိုနေ့ ညသို့ရောက်သောအခါ ရွာရှိ ကာလသားများသည် လော်ပန်ကြီးထောင်ပေးသော အရက်များကို သောက်၍ မူးယစ် ပျော်ပါးကြကုန်၏။

လော်ပန်ကြီးသည် ကာလသားများ၏ အရက်ဝိုင်းသို့သွား၍



www.burmeseclassic.com

" မောင်ရင်တို့ ဘာလိုသေးလဲ၊ အရက်နဲ့မြည်းဖို့ ကြက်ကြော်တို့ အသားကင်တို့ ရှိသေးရဲ့လား "

ဟု ပျူငှာစွာ မေးမြန်းလေ၏။

ထိုအခါ ကာလသားများက ဆူညံစွာ အော်ဟစ်၍

" အားလုံးပြည့်စုံပါတယ် လော်ပန်ကြီး၊ ဘာမှ မလိုအပ်ပါဘူး ခင်ဗျာ၊ လော်ပန်ကြီးက အလွန်သဘောကောင်းပါပေတယ်၊ ဒါကြောင့်လဲ ဒီဘဝမှာ မိန်းမချောချောလေးတွေ ရတာပါ၊ နောင်လဲ ဒီထက်ငယ်ပြီး ချောမောလှပတဲ့ မိန်းမငယ်လေးတွေ ရပါစေ "

ဟု ဆုတောင်းလိုက်ရာ လော်ပန်ကြီးသည် သဘောကျဟန်ဖြင့် တဟားဟားရယ်မောလိုက်ပြီး

" ဟား ဟား ဟား ငါ့လူတွေ ဆုပေးတာ သိပ်ကောင်းတယ်၊ ဒါပေမယ့် ကျုပ်ခြံဝိုင်းထဲမှာ အိမ်သုံးလုံးပဲ ဆောက်ထားတယ်၊ မိန်းမ သုံးယောက်ရှိရင်တော်ပါပြီကွာ၊ တကယ်တော့ မိန်းမဆိုတာ များတိုင်းလဲ မကောင်းပါဘူး၊ မိန်းမများများ ယူတဲ့လူဟာ အသက်တိုတတ်တယ် "

ဟု ပြောလေရာ ကာလသားများသည် တဟီးဟီး တဟားဟား ရယ်မော၍

" ဘယ်လို အသက်တိုတတ်တာလဲ လော်ပန်ကြီးရဲ့၊ နည်းနည်းပါးပါး ပြောပြပါဦး "

ဟုမေးမြန်းလေ၏။ လော်ပန်ကြီးက ရယ်မော၍





" တစ်မျိုး မတွေးကြပါနဲ့ကွာ မိန်းမတွေများတော့ ဟိုမိန်းမကပူ၊ ဒီမိန်းမကဆူနဲ့ သူတို့ပြဿနာတွေ ဖြေရှင်းရင်း အသက်တိုတတ်တာကို ပြောတာပါ "

ဟုပြောရင် သူ၏မယားကြီး ဒေါ်နန်း၏ အိမ်သို့ ဝင်သွားလေတော့၏။

မမြရင်သည် သူနဲ့လက်ထပ်ရမည့် သတို့သားလောင်း၏ နောက်ကျောကိုကြည့်ရင်း သက်ပြင်းချလိုက်မိလေ၏။

သူမသည် မနက်ဖြန် မင်္ဂလာဆောင်ပြီးလျှင် လော်ပန်ကြီး၏ တတိယမယားဘဝသို့ ရောက်ရပေတော့မည်။

သူမ၏ ချစ်သူ ဖမောင်တစ်ယောက်မှာမူ သူမ၏အဖြစ်ကို သိမည်မထင်ပေ။

သူမသည် ချစ်ဦးသူနှင့် တွေ့ဆုံပြီး ရင်းနှီးကျွမ်းဝင်လာပုံများကို ပြန်လည်တွေးတောရင်း ရင်ထဲမှာ နွမ်းလျနေမိ၏။

ချစ်သူနှင့် ကွေကွင်းရသော ဆင်းရဲသည် ဆင်းရဲတကာ ဆင်းရဲတွင် အဆင်းရဲဆုံးဖြစ်မည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် လော်ပန်ကြီးနှင့် မမြရင်၏ မင်္ဂလာပွဲကို ကျင်းပလေ၏။

လော်ပန်ကြီးသည် ဤဒေသတွင် ဩဇာကြီးသူဖြစ်၍ မင်္ဂလာပွဲသို့ ရပ်ဝေးရှိ ရွာများကပင် တက်ရောက်ကြကုန်၏။

သူတို့ရွာ၏ အနီးအနားတွင် ဘုံဘေဘားမား သစ်ကုမ္ပဏီရှိသဖြင့် သစ်ကုမ္ပဏီမှ မျက်နှာဖြူ အရာရှိကြီးများလည်း မင်္ဂလာပွဲသို့ တက်ရောက်ကြ၏။

ဘုံဘေဘားမားသစ်ကုမ္ပဏီသို့ လော်ပန်ကြီး၏ဆင်များ ထည့်သွင်း၍ သစ်ဆွဲစေခြင်းကြောင့် လော်ပန်ကြီးနှင့် မျက်နှာဖြူအရာရှိများသည် များစွာ ရင်းနှီးကျွမ်းဝင်ကြ၏။





လော်ပန်ကြီးသည် ၎င်းတို့ထံမှ အင်္ဂလိပ်စကားကို သင်ယူထားပြီး အနည်းအကျဉ်းပြောဆိုတတ်သဖြင့် အဆင်ပြေလေ၏။

မျက်နှာဖြူ အရာရှိကြီးများသည် လော်ပန်ကြီး၏ မိန်းမသုံးယောက် ရပုံကို အားကျဟန်ဖြင့် ချီးမွမ်းလေ၏။

လော်ပန်ကြီးနှင့် မမြရင်၏ စုံတွဲပုံများကိုလည်း ဓာတ်ပုံ'တဖျတ်ဖျတ်ရိုက်၏။

ထို့နောက် မျက်နှာဖြူ အရာရှိတစ်ဦးက စိတ်ကူးတစ်မျိုးပေါက်ပြီး လော်ပန်ကြီးနှင့် မယားသုံးယောက်ပုံကို ရိုက်ချင်သည်ဟု ပူဆာသဖြင့် လော်ပန်ကြီးက မယားကြီးနှင့် မယားငယ်ကို ခေါ်ယူကာ သတို့သမီးနှင့်အတူ ဓာတ်ပုံအရိုက်ခံစေ၏။

မမြရင်သည် မယားကြီးနှစ်ယောက်နှင့် တွဲဖက်၍ ဓာတ်ပုံအရိုက်ခံရင်း ရင်ထဲတွင် နာကျင်နေမိ၏။

သူမသည် အခြားသော လုံမပျိုများကဲ့သို့ သတို့သားတစ်ယောက်နှင့် ချစ်ခင်လိုသော်လည်း တတိယမြောက်မယားဘဝသို့ ရောက်ရှာ၏။

မင်္ဂလာပွဲကြီးသည် မနက်ကစပြီး ညနေစောင်းသောအခါမှ ပြီးစီးလေ၏။

မမြရင်သည် အပူရုပ်ကိုဟန်လုပ်၍ ဧည့်သည်များကို ဧည့်ခံ ရင်း ညနေစောင်းသောအခါ တစ်ကိုယ်လုံးနွမ်းလျပြီး ခေါင်းထဲ[illegible] မခံရပ်နိုင်အောင် ကိုက်ခဲနေသဖြင့် သူမနေထိုင်ရာ အိမ်က[illegible] သို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့လေ၏။

ခုတင်ပေါ်တွင် လှဲချလိုက်သောအခါ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေကြောင်း တွေ့ရလေ၏။

သူမသည် ခေါင်းထဲတွင် မူးဝေနေရာမှ သက်သာလို သက်သာငြား အိမ်ပေါ်တွင်လှဲရင် အိပ်ပျော်သွားလေ၏။

သူမအိပ်ရာမှနိုးသောအခါ အခန်းထဲရှိ မှန်အိမ်ကလေးပင် လင်းနေပြီး ညသို့ရောက်နေမှန်း သတိပြုမိလိုက်၏။

သူမသည် အိပ်ခန်းနံရံရှိ ဟိုင်ကပ်နာရီကြီးကို ကြည့်လိုက်သောအခါ ည (၁၂) နာရီထိုးနေသဖြင့် အံ့သြသွားလေ၏။

သူမအိပ်ပျော်သွားသည်မှာ အချိန်အတော်ကြာပေပြီ။

သူမသည် လေဘ်ပန်ကြီးကို မတွေ့သဖြင့် မျက်လုံးကစားကြည့်ပြီး ရင်ထဲတွင် ထိတ်လန့်သလို ခံစားရ၏။

ယနေ့သည် သူမ၏အပျိုစင်နောက်ဆုံးညဖြစ်၏။

ယခုအချိန်ကလေးသည် အပျိုစင်ဘဝ၏ နောက်ဆုံးအချိန်ကလေးပင်ဖြစ်တော့မည်။

လေဘ်ပန်ကြီးရောက်လာလျှင် သူမသည် အပျိုဘဝမှ အအိုဘဝသို့ ကူးပြောင်းရပေလိမ့်မည်။

မမြရင်သည် သူမ၏ မြတ်နိုးစွာ ထိန်းသိမ်းခဲ့သောဘဝကို နှမြောကသ,သလို ခံစားနေရ၏။

လေဘ်ပန်ကြီးအကြောင်း တွေးရင်း ရင်ထဲတွင် လှိုက်ဖိုလာ၏။





ထိုအကြောင်းများကိုတွေးကာရင်ခုန်လှိုက်မောလာ၏။

သူမသည် စိတ်လှုပ်ရှားလွန်းသောကြောင့် လေဘ်ပန်ကြီးကို အမြန်ဆုံးပင် ရောက်လာစေချင်၏။

ကြိုတင်စောင့်စား၍ အန္တရာယ်ကို ထိတ်လန့်နေသည်နှင့်စာလျှင် လာမည့်ဘေးကို ပြေးတွေ့လိုက်ချင်၏။

လေဘ်ပန်ကြီးသည် ကာလသားများနှင့် ပေါင်းသင်း၍ အရက်သောက်နေပုံရ၏။

မြို့ကြီး၏တစ်နေရာတွင် အရက်သမားများ၏ ဆူဆူညံညံအသံများကိုကြားရ၏။

ထိုအခိုက်မှာပင် သူမ၏ ပြတင်းပေါက်အနီးသို့ တစ်စုံတစ်ဦးချဉ်းကပ်လာပြီး ပြတင်းပေါက်ဘောင်ကို ခိုတွယ်၍ တက်လိုက်၏။

မမြရင်သည် ပြတင်းပေါက်အနီးမှ အသံကြား၍ ရုတ်တရက် ထိတ်လန့်သွား၏။

သူမ၏ အိပ်ခန်းသည် သိမ့်ခနဲတုန်သွားပြီး ပြတင်းပေါက်မှ ခိုတွယ်၍ လူတစ်ဦးဝင်လာသဖြင့် ခေါင်းနပန်းကြီးသွားပြီး

'' ဟင်... ဘယ်သူလဲ ပြတင်းပေါက်က ဘာဖြစ်လို့ ဝင်လာတာလဲ ''

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ပြတင်းပေါက်မှ တက်လာသောသူသည် အမှောင်ထုထဲမှ မှန်အိမ်အလင်းရောင်အောက်သို့ တိုးဝင်၍



www.burmeseclassic.com

www.burmeseclassic.com



" မြရင်... မြရင် ကိုယ့်ကိုတောင် မမှတ်မိတော့ဘူးလား "

ဟု ပြောလေရာ မြရင်သည် ထိုသူ၏မျက်နှာကိုကြည့်၍ လွန်စွာ အံ့ဩသွားပြီး

" ကိုဖေမောင်၊ ကိုဖေမောင်မဟုတ်လားဟင်၊ ကိုဖေမောင် ပြန်ရောက်နေတယ် "

ဟု ရေရွတ်လိုက်လေ၏။

ကိုဖေမောင်ဆိုသူမှာ သူမ၏ အချစ်ဦး ချစ်သူဖြစ်လေ၏။

ကိုဖေမောင်သည် ဆင်သမားဘဝကို စွန့်လွှတ်၍ မြို့ကြီးပြကြီးသို့ စီးပွားရှာရန် ထွက်သွားသူဖြစ်၏။

ယခုတော့ ကိုဖေမောင် ပြန်ရောက်လာသော်လည်း အလာကောင်းပေမယ့် အခါနှောင်းသွားလေ၏။

ကိုဖေမောင်က မမြရင်၏လှပသော မျက်နှာကို နမြောတသ ဟန်ဖြင့်ကြည့်ရင်း

" မြရင်ရယ်၊ ကျုပ်မြို့မှာတက်ပြီး စီးပွားရှာတာ အတော်လေး အဆင်ပြေခဲ့တယ်၊ ရန်ကုန်မြို့က ပွဲရုံတစ်ရုံမှာ ဝင်လုပ်ပြီး ဝင်ငွေလည်း ကောင်းခဲ့တယ်၊ ဒါကြောင့် ကျုပ်ငွေတွေစုပြီး မြရင်နဲ့နီးစပ်အောင် ပြန်လာခဲ့တာ၊ အခုတော့ မြရင်ရယ်... "

ဟု မချိတင်ကဲဟန်ဖြင့် ရေရွတ်လေ၏။

မြရင်သည် ကိုဖေမောင်၏စကားကြောင့် ရင်နင့်ကြေကွဲစွာဖြင့်

" ဒါပေမယ့် ကိုဖေမောင်ရယ်၊ ကျွန်မတို့ အချိန်နှောင်းသွား





ပြီ၊ ဒီအချိန်မှ ပြန်ရောက်လာတာ၊ ကျွန်မတို့ ဘယ်လိုလုပ် ပေါင်းသင်းလို့ဖြစ်နိုင်မှာလဲ၊ အားလုံး အချိန်နှောင်းသွားပြီ ကိုဖေမောင်ရယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော် "

ဟု တောင်းပန်လေ၏။

ကိုဖေမောင်က မမြရင်၏ ကိုယ်ခန္ဓာကို ကြည့်၍

" ကျုပ် မြရင်ကိုခွင့်လွှတ်ပါတယ်၊ စိတ်ထဲမှာလဲ ဘယ်လိုမှ မထားပါဘူး၊ မြရင်ဟာ အဖေအရွယ်ရှိတဲ့ လူကြီးကို ဘယ်ယူချင်ပါ့မလဲ၊ နောက်ပြီးတော့ ဒီလူကြီးရဲ့ တတိယမြောက်မယားဖြစ်ရမှာ မဟုတ်လား၊ မြရင် အဖေကြီးရဲ့ ဘိန်းကြွေးတွေကြောင့် မြရင် ဒီလူကြီးကို မချစ်မနှစ်သက်ဘဲယူလိုက်ရတာ ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် မြရင်ရယ်၊ မြရင်ကို ကျုပ်နမြောတယ် "

ဟုပြောလေ၏။

ကိုဖေမောင်သည် မြရင်၏ တစ်ရစ်ဖွံ့ဖြိုးသော ကိုယ်ခန္ဓာကို မျက်လုံးဝေ့ကြည့်၍ ခေါင်းခါယမ်း၍

" မြရင်နဲ့ ဒီလူကြီး လုံးဝမတန်ဘူး၊ မြရင်ဘက်က ပေးဆပ်ရတာ သိပ်များနေပြီ "

ဟုရေရွတ်လေ၏။

မြရင်သည် ကိုဖေမောင်၏ စူးရဲသောအကြည့်ကြောင့် ခေါင်းကိုငုံ၍နေလိုက်၏။

ကိုဖေမောင်သည် ရှေ့သို့တိုးကပ်လာပြီး မမြရင်၏ ပခုံးစဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်၏။ ပြီးနောက် တုန်ယင်သောလေသံဖြင့်

" မြရင် ဒီလူကြီးကို တကယ်ယူရတော့မယ်နော် "

ဟုကီးတိုးရေရွတ်လေ၏။

မြရင်က ရင်ထဲတွင် နှမ်းလျတုန်ယင်နေပြီး ကိုဖေမောင်ကို မော့ကြည့်လိုက်၏။ ကိုဖေမောင်က လေသံတီးတိုးဖြင့်

" မြရင်ရဲ့ အပျိုစင်ဘဝကို ဒီလူကြီးကို တကယ်ပေးတော့မှာလား၊ ဒီလူကြီးဟာ မြရင်ရဲ့ အဖေအရွယ်လောက်ရှိရုံမကဘူး၊ သူ့မှာ လက်ရှိ မယားနှစ်ယောက်လဲရှိတယ်၊ မြရင်နဲ့ဒီလူကြီး လုံးဝမတန်ဘူး၊ ဒါကြောင့် မြရင်ရဲ့ အပျိုဘဝကို ဒီလူကြီးလက်ကို လုံးဝမအပ်သင့်ဘူး "

ဟုပြောကာ မြရင်၏ နူးညံ့သော ခန္ဓာကိုယ်လေးကို ပွေ့ဖက်လိုက်လေ၏။

မြရင်သည် ကိုဖေမောင်၏အပြုအမူကြောင့် မျက်လုံးပြူးသွားပြီး

" အို... ကိုဖေမောင်၊ ကိုဖေမောင် ဒီလိုမလုပ်ပါနဲ့၊ မသင့်တော်ပါဘူး "

ဟုရုန်းကန်လေ၏။

သို့သော် ကိုဖေမောင်သည် မြရင်၏ တောင်းပန်မှုကို [illegible]ခံဘဲ

" ကိုယ့်ချစ်သူရဲ့အပျိုစင်ဘဝကို မိန်းမနှစ်ယောက်ရှိတဲ့လူကြီးလက်ကို ကျုပ်မအပ်နိုင်ဘူး၊ ကျုပ်ကိုခွင့်လွှတ်ပါ "

ဟုပြောကာ မမြရင်၏ကိုယ်ခန္ဓာကို ကုတင်ပေါ်သို့တွန်းလှဲရန်ကြိုးစည်လိုက်၏။





ထိုအခိုက်မှာပင် အိမ်ငယ်လေး၏ လှေကားဝတွင်ခြေသံကြားလိုက်ရသဖြင့် ကိုဖေမောင်သည် လွန်စွာအကြံရခက်ဟန်ဖြင့် တက်ခေါက်လိုက်ပြီး

" တောက်... ဟိုလူကြီးရောက်လာပြီ၊ မြရင်ကို ဆုံးရှုံးရတော့မယ်၊ ကျုပ် ကံဆိုးသွားပြီ မြရင် "

ဟုရေရွတ်လိုက်ပြီး မြရင်၏မျက်နှာကို တဝကြီးငေးမောကြည့်ရှုနေလိုက်ပြီး အံကိုကြိတ်ကာ

" ကျုပ်သွားတော့မယ်မြရင် "

ဟုနှုတ်ဆက်ကာ ပြတင်းပေါက်မှ ခုန်ချ၍ အမှောင်ထဲသို့ ပျောက်ကွယ်သွားလေ၏။

ထိုအချိန်မှာပင် အိပ်ခန်းတံခါးကို တဒေါက်ဒေါက်ခေါက်သံကြားရပြီး

" မြရင်၊ မြရင် အိပ်နေပြီလား၊ အစ်ကိုကြီးကို တံခါးဖွင့်ပေးပါဦးကွယ် "

ဟုအော်ဟစ်လိုက်သော လော်ပန်ကြီး၏အသံကိုကြားရလေ၏။

မြရင်သည် ပြတင်းပေါက်မှ အမှောင်ထဲသို့ ငေးစိုက်ကြည့်နေပြီးမှ အံကိုကြိတ်ကာ တံခါးဆီသို့လျှောက်လာပြီးတံခါးကိုဖွင့်လိုက်၏။

လော်ပန်ကြီးသည် အရက်သောက်ထားပြီးနောက် ရီဝေဝေဖြစ်နေရာမှ မြရင်ကို မြင်သောအခါ

" မြရင် အိပ်ပြီလား၊ အစ်ကိုကြီး ကာလသားတွေနဲ့အရက်



www.burmeseclassic.com

နည်းနည်းသောက်လို့ နောက်ကျသွားတယ် ''

ဟုတီးတိုးရေရွတ်ကာ မြရင်၏ လှပသောခန္ဓာကိုယ်ကို ကြည့်လေ၏။ ပြီးနောက် တီးတိုးရယ်မောကာ

'' မြရင်က ဘယ်အချိန်ကြည့်ကြည့် လှနေတာပဲ၊ ဒါမှ ကျုပ်ရဲ့ မယားလေးဗျ၊ ဟိုကောင်မတွေနဲ့ မိုးနဲ့မြေလိုကွာတယ် ''

ဟုပြောဆိုကာ မြရင်ကို ဖက်လိုက်လေ၏။

မြရင်သည် ရင်ထဲတွင်လှိုက်ဖိုနေပြီး ယောင်ယမ်း၍ ရုန်းကန်လိုက်မိ၏။

ပြီးမှ လော်ပန်ကြီးသည် သူမ၏ ကာမပိုင်ယောက်ျားမှန်း သတိရ၍ ငြိမ်သက်စွာ နေလိုက်၏။

လော်ပန်ကြီးသည် တဟားဟားရယ်မောကာ မြရင်ကို အခန်းတွင်းသို့ခေါ်သွားလေ၏။

မြရင်သည် ရှက်ရွံ့လှသည်ဖြစ်၍ မှန်အိမ်၏အလင်းရောင်ကို လျှော့ရန်ကြိုးစား၏။

လော်ပန်ကြီးက ပမိမကန်းဖြစ်နေသော မြရင်၏လက်ပေါ်မှ ဆုပ်ကိုင်၍ မှန်အိမ်၏မီးဇာကို လျှော့ရန် ကူညီပေး၏။

သို့သော် လော်ပန်ကြီးသည် အရက်မူးနေသဖြင့် မှန်အိမ်မီးဇာကို မနိမ့်ဖြစ်ဘဲ အလင်းရောင်သည် အလင်းထိန်ဆုံးဖြစ်သွားလေ၏။

မြရင်သည် မှန်အိမ်ကိုကြည့်၍ မျက်လုံးပြူးနေစဉ် လော်ပန်ကြီး၏ ချော့မြှူမှုများကြောင့် ပတ်ဝန်းကျင်ကို မေ့လျော့သွားလေတော့၏။





ထိုအချိန်တွင် မမြရင်သည် ကိုဇေမောင်ကို မေ့လျော့သွားလေတော့၏။

[illegible] ရောင်းသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ် (၅)၊ [illegible]

ရန်ကုန်သို့ လိပ်မူ၍ ရောင်းသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြရင်သည် နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါ သူမ၏ ဘဝ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီဟု ထင်မြင်မိလေ၏။

လော်ပန်ကြီးသည် အိပ်ရာမှမနိုးသေးဘဲ အိပ်လို့ကောင်း တုန်း ရှိနေဆဲဖြစ်၏။

လော်ပန်ကြီးသည် ညက ညဥ့်အတော်နက်သည်အထိ မအိပ် သေးဘဲ မမြရင်ကို အမျိုးမျိုးချော့မြူနေခဲ့၏။

မမြရင်သည် လော်ပန်ကြီး၏ ချော့မြူမှုများကြောင့် သူမလည်း အိပ်ရာဝင်နောက်ကျခဲ့၏။





သူမသည် လော်ပန်ကြီး၏ အိပ်မောကျနေပုံကိုကြည့်ရင်း ညက အိပ်ခန်းထဲသို့ ကျူးကျူးကျော်ကျော်ဝင်ရောက်ခဲ့သော ကိုဖေမောင်ကို သတိရလိုက်၏။

ကိုဖေမောင်သည် သူမ၏ချစ်ဦးသူဖြစ်သော်လည်း အဂၤ ကောင်းသော်လည်း အခါနှောင်းခဲ့ပေပြီ။

ချစ်ဦးသူသည် လော်ပန်ကြီးထက်ဦးအောင်လာ၍ သူမ၏ အပျိုစင်ဘဝကို ရယူရန်ကြိုးပမ်းခဲ့၏။ လော်ပန်ကြီး အလာဦးခဲ့၍ အပျိုစင်ဘဝကို ရရှိမသွားခဲ့။

မည်သို့ပင်ဖြစ်စေ မမြရင်သည် သူမ၏အပျိုစင်ဘဝကို လော်ပန် ကြီးလက်သို့ အပ်နှံနိုင်ခြင်းကို ကျေနပ်နေမိ၏။

လော်ပန်ကြီးသည် သူမ၏ ကာမပိုင်ယောကျ်ားပင်မဟုတ် ပါလား။

ထိုအခိုက်မှာပင် လော်ပန်ကြီး အိပ်ရာမှနိုးလာပြီး ခုတင်ပေါ် တွင်ထိုင်နေသော မမြရင်၏ ပခုံးကိုဖက်ကာ

'' မြရင် အစောကြီးနိုးနေတယ်ဟုတ်လား၊ နေကောင်းတယ် မဟုတ်လား ''

ဟုမေးမြန်းလေ၏။ မြရင်က လော်ပန်ကြီးဘက်သို့လှည့်၍ ခေါင်းညိတ်ပြလေ၏။

လော်ပန်ကြီးသည် ညကမက်ခဲ့သောအိပ်မက်ကို ပြန်လည် သတိရဟန်ဖြင့်ပြုံး၍



www.burmeseclassic.com

www.burmeseclassic.com



'' ညက အိပ်မက်ထဲမှာ မြရင်က အလွန်လှတာပဲ၊ ကျုပ်တော့ လူပျိုကလေးတစ်ယောက်လို စွဲလမ်းသွားတယ် ''

ဟုပြောလေရာ မြရင်သည် ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကိုငုံ၍

'' အို...အစ်ကိုကြီး ဘာတွေပြောနေတာလဲ၊ မြရင် ရှက်လိုက်တာ ''

ဟုတိုးတိုးပြောလေ၏။

မြရင်သည် လော်ပန်ကြီးလက်မှ ရုန်းထွက်၍ အိပ်ခန်းတံခါးကိုဖွင့်ကာ အခန်းထဲမှ ထွက်ပြေးခဲ့လေ၏။

အိပ်ခန်းအပြင်သို့ရောက်သာအခါ မျက်နှာသစ်ရန် ရေချိုးကြီးရှိရာသို့ ထွက်ခဲ့လေ၏။

သူမ မျက်နှာသစ်ပြီး အခန်းထဲသို့ ရောက်သောအခါ လော်ပန်ကြီးသည် ပြတင်းပေါက်အနီးတွင်ရပ်၍ ဆေးလိပ်တိုတစ်ခုကို ကြည့်ရှုနေလေ၏။

မမြရင်သည် ဆေးလိပ်တိုကိုကြည့်၍ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

ကိုဖေမောင် သောက်လေ့ရှိသော ပွတ်ချွန်းဆေးလိပ်သည် အိပ်ခန်းထဲတွင် ကျကျန်နေခဲ့လေ၏။

လော်ပန်ကြီးသည် မမြရင်ကို သမင်လည်ပြန်ကြည့်၍

'' မြရင် ဟောဒီ ပွတ်ချွန်းဆေးလိပ်ဟာ အခန်းထဲကို ဘယ်လို ရောက်နေတာတုန်း ''





ဟုမေးမြန်းလေ၏။

မမြရင်က ဆေးလိပ်တိုကိုကြည့်၍ အထစ်ထစ်အငေါ့ငေါ့ဖြင့်

'' ဒီဆေးလိပ်ကို ကျွန်မ သောက်တာပါ ''

ဟုပြောလေ၏။ လော်ပန်ကြီးက မျက်မှောင်ကြုတ်၍

'' မြရင် ဆေးလိပ်သောက်တယ်လို့ ကျုပ်မကြားဖူးပါဘူး ''

ဟုပြောလေ၏။

မြရင်က လော်ပန်ကြီးကိုဆက်လက်၍ လိမ်ညာရန် စဉ်းစားလိုက်ပြီး

'' မနေ့ညက အစ်ကိုကြီးအတော်နဲ့ရောက်မလာလို့ အိမ်ဝိုင်းထဲမှာလှည့်လည်ရင်း ပွတ်ချွန်းဆေးလိပ်ကိုတွေ့တာနဲ့ ကောက်ယူလာခဲ့တာပါ၊ ပြီးတော့ အိပ်ခန်းထဲမှာ တစ်ယောက်တည်း အထီးကျန်သလိုဖြစ်တာနဲ့ ပွတ်ချွန်းကို ကောက်ဖွာနေတာပါ၊ ပွတ်ချွန်းကို သောက်ရတာ အရသာမရှိပါဘူး၊ ညှော်လိုက်တာ တအားပါပဲ ''

ဟုဖြေလေ၏။

လော်ပန်ကြီးသည် မမြရင်၏အဖြေကြောင့် ယုံကြည်သွားဟန်ဖြင့် ပြုံးယောင်သန်းနေပြီး

'' ဪ... မြရင်က အစ်ကိုကြီးကိုစောင့်မျှော်ရင်း စိတ်လှုပ်ရှားနေတယ်ပေါ့၊ ဒီလိုမှန်းသိရင် အစ်ကိုကြီး အစောကြီးပြန်လာခဲ့တာပေါ့ကွယ်၊ အစ်ကိုကြီး နောက်ကျပြန်တော့ မြရင်အိပ်ရာထ နောက်ကျနေပြီ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေတော့၏။

ထိုအခါမှပင် မြရင်သည် သက်ပြင်းရှည် ကြီးကို ဟင်းခနဲချလိုက်လေ၏။

ဤသို့ဖြင့် လော်ပန်ကြီးနှင့်မြရင်၏ မင်္ဂလာဦးရက်များသည် ကုန်လွန်ခဲ့လေ၏။

လော်ပန်ကြီးသည် မြရင်ကို ကောင်းစွာ ပြုစုယုယလေ၏။

သူမသည် ငယ်ရွယ်နုနယ်ပြီး ချောမောလှပသောကြောင့် လော်ပန်ကြီးသည် အစွဲကြီးစွဲခဲ့လေ၏။

လော်ပန်ကြီးသည် သူမကို များစွာ ကရုဏာသက်သောကြောင့် ချစ်မှုရေးရာများကို စိတ်ရှည် လက်ရှည်သင်ပြပေးလေ၏။

မြရင်သည် လော်ပန်ကြီးနှင့်လက်ထပ်ခါစက အခက်အခဲများနှင့် ကြုံတွေ့ခဲ့သော်လည်း နောက်ပိုင်းတွင် အသားကျသွားလေ၏။

ပတ်ဝန်းကျင်၏ဝေဖန်မှုများကိုလည်း သူမ ရှက်ရွံ့ခြင်းမရှိတော့ချေ။

သူမသည် လော်ပန်ကြီး၏ တတိယမြောက်မယားဘဝတွင် ပျော်ရွှင်နေလေ၏။

မင်္ဂလာဦးရက်များသည် သူမ ကြိုတင်တွက်ဆထားသည် ထက် များစွာအဆင်ပြေချောမွေ့ခဲ့လေ၏။

သူမ၏ချစ်ဦးသူ ကိုဖေမောင်သည် မင်္ဂလာဦးညက အိပ်ခန်းထဲသို့ ခိုးဝင်ရန် ကြိုးစားခဲ့ပြီး နောက်ရက်များတွင် ရောက်လာခြင်း မရှိ





တော့ပေ။

မြရင်သည် ကိုဖေမောင် ဝင်ရောက်လာသော ပြတင်းပေါက်၏ တံခါးချက်ကိုအမြဲပင်ပိတ်ထားလေ၏။ သူမသည် လော်ပန်ကြီး၏ တရားဝင်ဇနီးမယားပင်မဟုတ်ပေလား။

လော်ပန်ကြီးသည် မြရင်နှင့်လက်ထပ်ပြီးနောက် သုံးလနီးပါးခန့် သူမနှင့်ညစဉ်အတူတူအိပ်လေ၏။

မြရင်သည် ထိုရက်များတွင် အိမ်ဝိုင်းတစ်ဝိုင်းတည်း အတူနေသော လော်ပန်ကြီး၏ မယားနှစ်ယောက်နှင့် မျက်နှာချင်းမဆုံအောင် ကြိုးပမ်းရလေ၏။

လော်ပန်ကြီး၏ မယားနှစ်ယောက်၏ အခိုးအငွေ့များ လျှံထွက်နေသော မျက်လုံးများကို သူမ ရင်မဆိုင်ဝံ့ပေ။

လော်ပန်ကြီး၏ မယားကြီးနှင့်မယားငယ်သည် သူမကို အမုန်းကြီးမုန်းတီးနေလေ၏။

လော်ပန်ကြီးသည် သုံးလကျော်သောအခါ သူမနှင့်အတူ ညစဉ်ဆက်တိုက် အိပ်နေရာမှ မယားနှစ်ယောက်ထံသို့ တစ်လှည့်စီ ပြောင်းလဲအိပ်လေ၏။

မမြရင်သည် လော်ပန်ကြီး မရှိတော့သောအခါ ရင်ထဲတွင် ဟာတာတာဖြစ်သွားလေ၏။

ခုတင်ပေါ်တွင် တစ်ကိုယ်တည်းအထီး ကျန်အိပ်စက်ရင်း လော်ပန်ကြီး၏ အမူအရာများကို မြင်ယောင်နေမိ၏။



www.burmeseclassic.com

သူမကို ရှိးအီလာသောကြောင့် မယားများထံသို့ ပြန်လည်ခြေဦးလှည့်သွားလေသလားမသိ။

လော်ပန်ကြီးသည် အပျိုစင်တစ်ယောက်ကို သုံးလအတွင်း ရှိးအီသွားလေသည်လားမသိ။

မမြရင်သည် အိပ်မရသောညများကို ကျော်ဖြတ်ရလေ၏။ လော်ပန်ကြီးသည် တစ်ပတ်လျှင် နှစ်ရက်ခန့် သူမနှင့်အတူလာအိပ်ဖြစ်၏။

မမြရင်သည် ထိုညများတွင် လွန်စွာပျော်ရွှင်ပြီး စိတ်ကျေနပ်ခဲ့ရ၏။


ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။






တစ်ညသ၌ လော်ပန်ကြီးရောက်မလာသောကြောင့် ခုတင်ပေါ်တွင် တစ်ကိုယ်တည်းရှိနေစဉ် ပြတင်းပေါက်မှ အသံကြား၍ ခုတင်ပေါ်မှကြည့်လိုက်ရာ သူမ၏ချစ်ဦးသူ ကိုဖေမောင်ကို တွေ့ရပြန်၏။

မြရင်သည် ကိုဖေမောင်ကိုမြင်သောအခါ ထိတ်လန့်သွားပြီး

'' ဟင် ကိုဖေမောင် ရှင်ဘာလာလုပ်တာလဲ၊ ဒီကို ရှင်မလာသင့်ဘူး၊ ထွက်သွား၊ အခုထွက်သွားပါ ''

ဟုမောင်းနှင်ထုတ်လေရာ ကိုဖေမောင်သည် မမြရင်၏မျက်နှာကို နားမလည်ဟန်ဖြင့်ကြည့်၍

'' ဟင်... မြရင်၊ မြရင်က ကျုပ်ကိုမောင်းထုတ်နေပြီလား ''



www.burmeseclassic.com

ဟုရေရွတ်လေ၏။ မမြရင်က မျက်မှောင်ကြုတ်၍

" ကျွန်မဟာ လော်ပန်ကြီးရဲ့မယားဖြစ်နေပြီ၊ ရှင်နဲ့ဘာမှ မဆိုင်တော့ဘူး၊ အတိတ်ကအကြောင်းတွေကို အတိတ်မှာပဲထားခဲ့ပါ၊ ရှင်ဒီအခန်းထဲက အမြန်ဆုံးထွက်သွားပါ၊ ရှင်နဲ့ကျွန်မ ချစ်သူဖြစ်ခဲ့ဖူးတာကိုထောက်ထားပြီး လော်ပန်ကြီးလူတွေကို မတိုင်ခဲ့တာ ကိုဖေမောင် အခွင့်ကောင်းမယူပါနဲ့ "

ဟုပြောလိုက်လေ၏။

ကိုဖေမောင်က မမြရင်ကို နှမြောတသဟန်ဖြင့်ကြည့်၍ သက်ပြင်းချကာ

" ကျုပ်နားလည်ပါပြီ မြရင်ရယ်၊ မြရင်ဟာ မိန်းမကောင်း တစ်ယောက်ပီပီ ပန်းတစ်ပွင့်ပန်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတာ ကျုပ်နားလည်ပါပြီ၊ အခု ဒီလိုကျုပ်လာတာက မမြရင်ဆီမှာ အကူအညီ တစ်ခုတောင်းမလို့ပါ၊ ကျုပ်ဟာ မြရင်နဲ့အတူပေါင်းဖို့ဆိုပြီး မြို့ကနေ ငွေတွေစုပြီး ရွာကိုပြန်လာခဲ့တယ်၊ ဒါပေမယ့် ဒီကိုရောက်တော့ မြရင် မင်္ဂလာပွဲနဲ့ဆုံတွေ့ပြီး စိတ်အညစ်ကြီးညစ်ပြီး ပဲဝိုင်းတွေ၊ ကြက်ဝိုင်း တွေမှာ ငွေတွေကို သုံးဖြုန်းပစ်ခဲ့တယ်၊ ဟော အခုတော့ ကျုပ် လက်ထဲ မှာ ငွေတွေအားလုံးလဲကုန်ရော ကျုပ်မိခင်ကြီးဟာ အသည်းအသန် ဖြစ်နေပြီ၊ မိခင်ကြီးကို ဆေးကုဖို့ ငွေတွေလိုနေတယ်၊ ရွာမှာလဲ ကျုပ် တို့မှာ ဆွေမျိုးရင်းခြာ မရှိတော့ ကူညီမဲ့သူမရှိဘူး၊ ဒါကြောင့် မမြရင်ဆီမှာ ပိုက်ဆံအကူအညီတောင်းမလို့ပါ "





ဟုပြောလေတော့၏။

မမြရင်သည် ကိုဖေမောင်၏ အကူအညီတောင်းခံမှုကြောင့် ချစ်သူဖြစ်ခဲ့ဖူးသောသံယောဇဉ်ဖြင့် အကူအညီပေးရန် ဆုံးဖြတ်လိုက်၏။

လော်ပန်ကြီးသည် ဗီရိုထဲတွင် မမြရင်သုံးစွဲနိုင်ရန် ငွေကြေးများ ထည့်သွင်းပေးထား၏။

မမြရင်သည် ထိုငွေကြေးများကို တစ်ကြိမ်တစ်ခါမျှ မသုံးစွဲဖူးချေ။

မြရင်သည် ဗီရိုကိုဖွင့်ကာ ပိုက်ဆံအနည်းငယ်ကိုယူ၍ ကိုဖေမောင်၏ လက်ထဲသို့ထည့်ကာ

" ကိုဖေမောင် ပိုက်ဆံယူပြီး အပြန်မှ ပြန်မပေးတော့၊ ဒီပိုက် ဆံကို ပြန်ဆပ်စရာမလိုဘူး၊ နောင်လဲ ကျွန်မဆီကို မလာပါနဲ့နော် "

ဟုပြောဆိုလေ၏။

ကိုဖေမောင်သည် မမြရင်၏မျက်နှာကို ကြည့်၍ သက်ပြင်းချကာ

" ကောင်းပါပြီ မမြရင်၊ ကိုယ်မလာတော့ပါဘူး၊ ဒါပေမယ့် မြရင်ပိုက်ဆံကိုတော့ အလကားမယူပါဘူး၊ ကိုယ်အဆင်ပြေတဲ့ တစ်နေ့ မှာ ပြန်ဆပ်ပါ့မယ် "

ဟုပြောဆိုကာ ပြတင်းပေါက်မှ ခုန်ချကာ အမှောင်ထဲသို့ ပြန်လည်ထွက်ခွာသွားသဖြင့် စိတ်သက်သာရာရပြီး သက်ပြင်းရှည် ကြီးကို ချလိုက်လေ၏။

ကိုဖေမောင်ကို မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ဘဲ အိပ် ခန်းထဲမှ ပြန်ထွက်နိုင်ခဲ့သည်ဟု ယုံကြည်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လော်ပန်ကြီး၏ကပည့် ဆင်သမားတစ်ဦးသည် ခြံဝင်းတစ်နေရာတွင် ဘိန်းရှူနေရင်း မီးတုတ်အလင်းရောင်ဖြင့် ခြံတွင်းမှ ထွက်သွားသူကို မြင်လိုက်ရလေ၏။

ဆင်သမားသည် မယုံနိုင်တန်ဖြင့် သူ၏မျက်လုံးကို ပွတ်သပ်ကြည့်လိုက်ရာ ကျူးကျော်လာသူကို မမြင်ရတော့ချေ။

မည်သို့ပင်ဖြစ်စေ နောက်တစ်နေ့တွင် လော်ပန်ကြီးကို အကျိုးအကြောင်း ပြောပြမည်ဟု ဆုံးဖြတ်လိုက်လေ၏။

လော်ပန်ကြီးသည် နောက်တစ်နေ့တွင် သူ၏ခြံဝိုင်းသို့ ခိုးဝင်လာသူ၏သတင်းကို နားထောင်ကာ မျက်မှောင်ကြုတ်လိုက်ပြီး

" ဒီရွာမှာ ငါ့ခြံဝိုင်းကို ဘယ်သူခိုးဝင်ဝံ့သလဲ "

ဟုကြိုးဝါးလေ၏။

ထို့နောက် သူ၏တပည့်ဆင်သမားများနှင့်အတူ ခြံဝိုင်းထဲသို့ လှည့်လည်ကြည့်ရှုလေရာ ခြံစည်းရိုးတစ်နေရာတွင် ပွတ်ချွန်းဆေးလိပ်တစ်လိပ်ကိုတွေ့ရလေ၏။

လော်ပန်ကြီးသည် ပွတ်ချွန်းဆေးလိပ်ကို ကောက်ယူ၍ ဆင်သမားများဘက်သို့လှည့်ကာ

" ဒီပွတ်ချွန်းကို ဘယ်သူသောက်သလဲ "

ဟုမေးမြန်းလေရာ ဆင်သမားအားလုံးက ၎င်းတို့၏ဆေးလိပ်မဟုတ်ကြောင်း ငြင်းဆိုကြလေ၏။

လော်ပန်ကြီးသည် ပွတ်ချွန်းဆေးလိပ်ကို ကြည့်၍မျက်မှောင်





ကြုတ်လိုက်ပြီး

" ရွာထဲမှာ လူစိမ်းဘယ်သူရှိသလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ဆင်သမားများက တညီတညွတ်တည်း လူစိမ်းမရှိကြောင်း ပြောဆိုကြကုန်၏။

သို့သော် ဆင်သမားတစ်ဦးကမူ တွေးတွေးဆဆဖြင့်

" ရွာထဲမှာ လူစိမ်းမရှိပေမယ့် မြို့ကနေ ပြန်ရောက်တာ သုံးလလောက်ရှိနေတဲ့ ဖေမောင်တော့ရှိပါတယ်၊ ဖေမောင်ဟာ မြို့က ပြန်ရောက်ပြီး အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နဲ့ အတော်လေးကို သောင်းကျန်းနေပါတယ် "

ဟုပြောလေရာ လော်ပန်ကြီးသည် မျက်မှောင်ကြုတ်၍

" ဖေမောင်... ဖေမောင် "

ဟုတီးတိုးရေရွတ်နေလေ၏။

ဖေမောင်သည် မမြရင်၏ ငယ်ရည်းစားမှန်း သူကောင်းစွာသိ၏။

မမြရင်သည် ဖခင်၏စကားကို နားထောင်၍ မိမိနှင့်လက်ထပ်ခဲ့သော်လည်း ဖေမောင်သည် မြို့သို့တက်၍ မမြရင်နှင့်နီးစပ်ရန် စီးပွားရှာသွားသည်ဟု သိရ၏။

ယခုတော့ ဖေမောင်ပြန်လာပြီး ပျက်စီးချင်တိုင်း ပျက်စီးနေသည်ကို ကြားသိနေရ၏။

ဖေမောင်သည် ယခင်က ဤရွာသားတစ်ဦးဖြစ်ခဲ့သဖြင့် အကျင့်



www.burmeseclassic.com

www.burmeseclassic.com



စာရိတ္တ ဆိုးဝါးသူမဟုတ်မှန်း ကောင်းစွာသိ၏။

ယခု ဖေမောင် အဘယ်ကြောင့် ပျက်စီးနေသနည်း။

လော်ပန်ကြီးသည် တွေးရင်း ခေါင်းခြောက်လာဟန်ဖြင့် ဆက်၍ မတွေးတော့ဘဲ ဆင်သမားများဘက်သို့လှည့်၍

" ဖေမောင်သောက်တဲ့ဆေးလိပ်ကို စုံစမ်းကြစမ်း "

ဟုအမိန့်ပေးလိုက်လေ၏။

နောက်နှစ်ရက်အကြာတွင် ဆင်သမားတစ်ဦးသည် လော်ပန်ကြီးထံသို့ရောက်ရှိလာပြီး ဖေမောင်သောက်လေ့ရှိသော ပွတ်ချွန်းဆေးလိပ်တိုများကို ယူလာလေ၏။

ထိုသူသည် ဖေမောင်နှင့် ဖဲဝိုင်းတွင် အတူကစားရင်း ဆေးလိပ်တိုများကို ယူလာခဲ့ခြင်းဖြစ်၏။

လော်ပန်ကြီးသည် ပွတ်ချွန်းဆေးလိပ်တိုများကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်လေ၏။

သူသည် ဆင်သမားကို ပိုက်ဆံပေး၍ နှင်လွှတ်လိုက်ပြီး လွန်ခဲ့သောညက ခြံစည်းရိုးအနီးတွင် ကောက်ရခဲ့သော ပွတ်ချွန်းဆေးလိပ်နှင့် ယှဉ်ကြည့်၏။

ပွတ်ချွန်းလိပ်သော စက္ကူသားနှင့် ဆေးအမျိုးအစားမှာ ထပ်တူနီးပါးဖြစ်နေ၏။

ဖေမောင်သည် အဘယ်ကြောင့် မိမိ၏ခြံဝိုင်းသို့ ခိုးကြောင်ခိုးဝှက် ဝင်ထွက်ရသနည်း။ မိမိ၏ခြံဝိုင်းအတွင်း ခိုးဝှက်စရာအဖိုးတန်





ပစ္စည်းလည်းမရှိ။

ခြံဝိုင်းအတွင်းရှိ အိမ်သုံးအိမ်စလုံး၌ ပစ္စည်းများ အပျောက်အရှလည်းမရှိ။

ဤသို့ဆိုလျှင် ဖေမောင်သည် မည်သည့်အတွက်ကြောင့် မိမိ၏အိမ်ဝိုင်းသို့ ဝင်ထွက်ရသနည်း။

လော်ပန်ကြီးသည် နောက်ဆုံးတွင် သူ မတွေးချင်သော အတွေးကို တွေးတောမိလေ၏။ ဖေမောင်နှင့်သူ၏မယား မမြရင်သည် ဟိုစဉ်ကယ်ရည်းစားဖြစ်၏။

ဖေမောင်သည် မမြရင်ကို သံယောဇဉ်မကုန်သဖြင့် တိတ်တခိုး ဝင်ထွက်နေသလော။ ချောင်းမြောင်းကြည့်ရှုနေသလော။

မမြရင်သည် သစ္စာမဲ့သော စိတ်ဓာတ်ရှိသူမဟုတ်ဟု လော်ပန်ကြီး ယုံကြည်နေမိ၏။

လော်ပန်ကြီးသည် ပွတ်ချွန်းဆေးလိပ်တိုလေးများကို စားပွဲပေါ်တွင်တင်ထားရင်း သူ၏ရင်ထဲတွင် လွန်စွာလှုပ်ရှားသွားမိ၏။

မဂ်လာဦးညက သူ၏အိပ်ခန်းထဲတွင် ပွတ်ချွန်းဆေးလိပ်တိုလေးကို သတိရ၍ ရင်ထဲတွင် ဆောက်တည်ရာမရအောင် ဗလောင်ဆူလာ၏။

သူသည် ထိုင်ရာမှ ဝုန်းခနဲထ၍ အိပ်ခန်းထဲရှိ ကျွန်းဗီရိုကြီးကိုဖွင့်၏။ ထို့နောက် ဗီရိုအံဆွဲကိုဖွင့်ကာ ပွတ်ချွန်းဆေးလိပ်တိုလေး[illegible] တုန်ယင်နေသောလက်များဖြင့် ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤဆေးလိပ်တိုလေးကို မင်္ဂလာဦးညက မမြရင်သောက်ခဲ့သော ဆေးလိပ်တိုလေးအဖြစ် သူအမှတ်တရ သိမ်းဆည်းထားခဲ့၏။

နောင်နှစ်ပေါင်းများစွာကြာလျှင် မမြရင်ကို ပွတ်ချွန်းဆေးလိပ်ကိုပြ၍ အမှတ်တရ စကားဆိုမည်ဟု ရည်ရွယ်ခဲ့၏။

လော်ပန်ကြီးသည် မင်္ဂလာဦးညက သိမ်းဆည်းထားခဲ့သော ပွတ်ချွန်းဆေးလိပ်တိုလေးနှင့် ယခုရှိနေသော ပွတ်ချွန်းဆေးလိပ်တိုများကို တိုက်ဆိုင်ကြည့်ရင်းခေါင်းထဲတွင် ချာချာလည်သွားလေ၏။

ရင်ထဲတွင် ဆောက်တည်ရာမရ ဖြစ်သွားလေ၏။

သူသည် အလိမ်အညာလှည့်စားခံခဲ့ရလေပြီ။ သူ၏မယား မမြရင်နှင့်ဖေမောင်သည် သူ့ကိုလှည့်စားသွားချေပြီ။

မင်္ဂလာဦးညက မမြရင်သည် ဖေမောင်၏ရင်ခွင်ထဲတွင် ပျော်ရွှင်မြူးတူးခဲ့၏။

သူမ၏ အပျိုစင်ဘဝကို ဖေမောင်ကို ပေးအပ်ခဲ့ခြင်းဖြစ်၏။

သူသည် ချောမောလှပသော မမြရင်ကို အပျိုစင်ဘဝကို ရရှိသည်ဟု အကျေနပ်ကြီး ကျေနပ်ခဲ့၏။

ယခုတော့ မမြရင်သည် ရည်းစားဟောင်းနှင့်အားရအောင် ပျော်ပါးပြီးနောက် နွမ်းကြေနေသော ခန္ဓာကိုယ်ကိုသာ မိမိအား ပေးအပ်ခဲ့ခြင်းဖြစ်၏။

လော်ပန်ကြီးသည် မယားများစွာကို ရယူခဲ့ဖူးသော်လည်း အလှည့်စားမခံခဲ့ရ။





ယခုတော့ မမြရင်နှင့်ဖေမောင်၏ လှည့်စားခံရခြင်းကို ခံလိုက်ရ၏။

လော်ပန်ကြီးသည် တွေးရင်း ရင်ထဲတွင် နာကျင်လာပြီး မခံချိမခံသာဖြစ်လာ၏။

" တောက်... ဆွမ်းတော်ပွဲကို ခွေးဝင်စားသွားတာနာတယ်ကွာ "

ဟုကြုံးဝါးလိုက်လေ၏။

ဖြန့်ချိစံကျွန်းဈေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လော်ပန်ကြီးသည် ထိုအချိန်မှစ၍ မမြရင်နှင့်အတူ အိပ်စက်ခြင်းမရှိတော့ဘဲ သူမကို ရှောင်တိမ်း၍နေလေ၏။

မမြရင်သည် ချစ်စခင်စအချိန်တွင် လော်ပန်ကြီး ရောက်မလာသဖြင့် ရင်ထဲတွင် ဟာတာတာဖြစ်၍နေလေ၏။

လော်ပန်ကြီးသည် သူမကို ချစ်တတ်လွမ်းတတ်အောင် သင်ပြပေးပြီး ချစ်တတ်လာသောအခါ ရှောင်ခွာပြေးသွားသကဲ့သို့ ရှိနေလေ၏။





လော်ပန်ကြီးရောက်မလာသည့်ရက်များတွင် သူမ၌ ကိုယ်ဝန်ရှိကြောင်း အရိပ်အယောင်များကိုတွေ့ရလေ၏။

ရွာထဲရှိ လက်သည်အဘွားကြီးကို ခေါ်ယူပြသသောအခါ အဘွားကြီးက ရယ်မော၍

“ ဘာမှမပူနဲ့၊ လော်ပန်ကြီးတော့ သားဦးတစ်ယောက်ရနေပြီလို့ မှတ်လိုက်ပေတော့၊ ဒီကလေးဟာ သားယောက်ျားလေး ဖြစ်လိမ့်မယ် ”

ဟုပြောလေ၏။ မမြရင်သည် ထိုသတင်းကို လော်ပန်ကြီးကို ဝမ်းသာအားရပြောဆိုသော်လည်း လော်ပန်ကြီးသည် မည်သို့မျှ ထူးခြားဟန်မပြသဖြင့် အံ့ဩနေမိ၏။

လော်ပန်ကြီးသည် ပယားကြီးနှင့်မယားငယ်မှ သမီးတစ်ယောက်သာ မွေးဖွားသဖြင့် ယခင်က သားယောက်ျားလေးကို အလွန်တမ်းတ၏။

သူ၏သားသည် လော်ပန်အရာကို ဆက်ခံ၍ ဤဒေသတွင် ဆင်များကို ပိုင်ဆိုင်ရမည်ဖြစ်ကြောင်း ကြုံးဝါးလေ၏။

မမြရင်သည် လော်ပန်ကြီး၏ အေးတိအေးစက်နိုင်ပုံကို နားမလည်နိုင်အောင်ဖြစ်မိ၏။

လော်ပန်ကြီးသည် သူမနှင့်အိပ်စက်ခြင်းမရှိသည်မှာ ကြာခဲ့ပြီ။

လော်ပန်ကြီး သူမကို စိတ်အခန့်မသင့်ဖြစ်နေသလော။ သို့တည်းမဟုတ် သူမကို ရိုးအိသွား၍ပေလော။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အပြုအစုအယုအယများ ညှံ့ဖျင်း၍ ငြီးငွေ့သွားခြင်း ပေလော။

မမြရင်သည် နောက်ဆုံးတွင် မနေနိုင်တော့ဘဲ လော်ပန်ကြီးကို မရှက်မကြောက်ဖွင့်ပြော၍ တောင်းဆိုကြည့်၏။

'' အစ်ကိုကြီး ကျွန်မနဲ့လာမအိပ်တာကြာပြီ၊ ဟိုအိမ်တွေမှာပဲ အိပ်နေတယ်နော်၊ ကျွန်မဆီ ဘာဖြစ်လို့ လာမအိပ်တာလဲ ''

ဟုမေးမြန်းလေ၏။ လော်ပန်ကြီးက မျက်နှာတင်းမာသွားပြီး

'' မင်း အေးအေးချမ်းချမ်းနေရအောင် ကျုပ်လာမအိပ်ဘဲနေတာပါ၊ ကျုပ်မလာရင် မင်းပိုပြီးအေးချမ်းမယ်မဟုတ်လား၊ စိတ်ရှိလက်ရှိ နေလို့ရတာပေါ့ ''

ဟုပြောလေရာ မမြရင်က နားမလည်နိုင်ပာန်ဖြင့်

'' အစ်ကိုကြီးရှိရင်လဲ ကျွန်မ မအေးချမ်းစရာ အကြောင်းမရှိပါဘူး၊ အစ်ကိုကြီး ကျွန်မကို ဘာမကျေမနပ်ဖြစ်နေသလဲဟင် ''

ဟုမေးမြန်းလေ၏။ လော်ပန်ကြီးက သူမ၏မေးခွန်းကို မဖြေဘဲ ခေါင်းကိုခါရမ်း၍

'' ကဲ အပိုတွေပြောမနေပါနဲ့ကွာ၊ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ပါ၊ ကျုပ်သွားတော့မယ်၊ လိုအပ်တာရှိရင် ကျုပ်ကို မှာလိုက်ပါ ''

ဟုပြောကာ အခန်းထဲမှ ထွက်ခွာသွားလေ၏။

မမြရင်သည် လော်ပန်ကြီး၏နောက်ကျောကိုကြည့်၍ ဝမ်းပန်းတနည်း ကျန်ရစ်ခဲ့လေ၏။





လော်ပန်ကြီး သူမကို မည်သည့်အတွက်ကြောင့် စိမ်းစိမ်းကားကား ဆက်ဆံနေသည်မသိ။

လော်ပန်ကြီးသည် လက်ထပ်ကာစ သူမကို အလွန်စွဲလမ်းတမ်းတ၍ ဂရုတစိုက်ရှိကြောင်းတွေ့ရ၏။

လော်ပန်ကြီးသည် မမြရင်ထံသို့ မရောက်မလာသော်လည်း သူ၏တပည့်များအား ခြံဝိုင်း၏လုံခြုံရေးကို စောင့်ကြပ်ရန် အမိန့်ပေးထားလေ၏။

တစ်ညသ၌ မမြရင်တစ်ကိုယ်တည်း အိပ်မပျော်နိုင်ဘဲရှိနေစဉ် ပြတင်းပေါက်မှ ကိုဖေမောင်ရောက်လာပြန်၏။ မမြရင်သည် ကမန်းကတန်းအိပ်ရာမှထ၍

'' ကိုဖေမောင် ရှင်ရောက်လာပြန်ပြီလား၊ ဒီကိုမလာပါနဲ့လို့ ရှင့်ကို ဘယ်နှစ်ခါပြောရမလဲ၊ ဒီလိုလာတာ တစ်ယောက်ယောက်တွေ့သွားရင် ကျွန်မတို့လင်မယား အကြီးအကျယ်ပြဿနာဖြစ်နိုင်တယ်၊ ရှင် အခုချက်ချင်းထွက်သွားပါ ''

ဟုပြောဆိုလိုက်လေ၏။

ကိုဖေမောင်က ကမန်းကတန်းလက်ကာပြ၍

'' ကျုပ်ကို တလွဲမထင်ပါနဲ့မမြရင်ရယ်၊ ကျုပ်မိခင်ကြီးအတွက် မမြရင်ပေးတဲ့ပိုက်ဆံနဲ့ ဆေးကုနိုင်လို့ ကျန်းမာရေးပြန်ကောင်းနေပြီ၊ ဒါကြောင့် အခုရက်ပိုင်းမှာ ကျုပ်ဖဲနိုင်လာတဲ့ပိုက်ဆံတွေ စုဆောင်းပြီး မမြရင်ရဲ့ပိုက်ဆံကို ပြန်လာပေးတာပါ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မမြရင်က ခေါင်းခါ၍

'' အို... ရှင့်ကို ဒီပိုက်ဆံပြန်လာမပေးပါနဲ့လို့ ပြောထားပြီးပြီပဲ၊ ရှင် ဒီခြံဝိုင်းထဲကို တိတ်တိတ်ခိုးဝင်နေတာ အန္တရာယ်သိပ်ကြီးတယ်၊ လော်ပန်ကြီးရဲ့ တပည့်တစ်ယောက်ယောက်တွေ့သွားရင် ရှင့်အသက်အန္တရာယ်လဲရှိတယ်၊ ကျွန်မတို့ အိမ်ထောင်ရေးလဲ အကြီးအကျယ်ထိခိုက်သွားနိုင်တယ်၊ ဒါကြောင့် ရှင်အမြန်ဆုံးပြန်ပါ၊ နောက်လုံးဝမလာပါနဲ့ ''

ဟုမောင်းထုတ်လေရာ ကိုဖေမောင်သည် မမြရင်ကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

'' တင်းမာလှချည့်လား မမြရင်ရယ်၊ တစ်ချိန်တုန်းက ချစ်သူဖြစ်ခဲ့ဖူးတာထောက်ပါဦး ''

ဟုတောင်းပန်လေ၏။ မမြရင်က ကိုဖေမောင်ကိုကြည့်၍

'' ချစ်သူ ဖြစ်ခဲ့ဖူးတာကို ထောက်လို့ ရှင့်ကို ဒီလိုမောင်းထုတ်နေတာပေါ့၊ ချစ်သူ မဟုတ်ခဲ့ဘူးဆိုရင် လော်ပန်ကြီးရဲ့တပည့် ဆင်သမားတွေကို အော်ခေါ်လိုက်ပြီ ''

ဟု လေသံမာမာဖြင့်ပြောလေရာ ကိုဖေမောင်က စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချ၍

'' တော်ပါပြီ မမြရင်ရယ်၊ ကျုပ်နားလည်ပါပြီ၊ ကျုပ်သွားတော့မယ်၊ နောက်ဘယ်တော့မှ မမြရင်ဆီ မလာတော့ပါဘူး ''

ဟုပြောလေ၏။ မမြရင်က ကိုဖေမောင်၏အမူအရာကိုကြည့်၍





'' ရှင် အရင်ကတည်းက ဒီလိုစဉ်းစားဖို့ကောင်းတယ်၊ ညဉ့်နက်သန်းခေါင် ကျွန်မ အိပ်ခန်းထဲကို ခိုးဝင်နေတာ ရှင်ဘယ်လောက်ရိုးသားတယ်ပြောပြော ပတ်ဝန်းကျင်က လက်ခံမှာမဟုတ်ဘူး၊ ကျွန်မတို့နှစ်ယောက်ကို တစ်မျိုးမြင်မှာသေချာတယ် ''

ဟုပြောလေ၏။ ကိုဖေမောင်သည် မမြရင်ကို တုံ့ပြန်ရန် စကားမရှိတော့ဟန်ဖြင့် ပြတင်းပေါက်ပေါ်သို့ ခြေတစ်ဖက်တင်၍

'' ကျုပ်သွားပြီ ''

ဟုနှုတ်ဆက်ကာ အောက်သို့ခုန်ချလိုက်လေ၏။

ကိုဖေမောင်သည် အမှောင်ရိပ်ကို အကာအကွယ်ပြု၍ ခြံစည်းရိုးပေါ်မှ တိုးထွက်လိုက်၏။

သူသည် လော်ပန်ကြီး၏ တပည့် ဆင်သမားများကို ကြောက်ရွံ့ခြင်းမရှိပေ။

ဆင်သမားများသည် ညစဉ်ညတိုင်း ဘိန်းပြောင်းကိုယ်စီဖြင့် နတ်စည်းစိမ်ခံယူနေမည်ဖြစ်၍ သူ့အား ဂရုစိုက်မိမည် မထင်ချေ။

သို့သော် လော်ပန်ကြီး၏ တစ်ချက်လွှတ်အမိန့်ကြောင့် ဆင်သမားများ ဘိန်းမရှူတော့သည်မှာ ကြာပြီဖြစ်ကြောင်း ကိုဖေမောင်မသိပေ။

အိမ်ကြီး၏အောက်ရှိ ကင်းပုန်းချထားသော ဆင်သမား[illegible]ယောက်သည် မမြရင်၏အိပ်ခန်းမှ ခုန်ထွက်လာသော ကိုဖေမောင်ကိုကောင်းစွာ မြင်တွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကို လော်ပန်ကြီးထံသို့ ရောက်သွားသောအခါ လော်ပန်ကြီးသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍

'' ငါတော့ ခွေးလုံးလုံးဖြစ်ပြီ၊ ဒီကောင်နဲ့ကောင်မကို မျက်နှာချင်းဆိုင်တွေ့ပေးပြီး လူသိရှင်ကြား လက်ထပ်ပေးလိုက်မှဖြစ်မယ် ''

ဟုတစ်ဦးတည်း ရေရွတ်လေ၏။ လော်ပန်ကြီးသည် ဆင်စခန်းကိုပင် မသွားနိုင်ဘဲ နှစ်လုံးပြူးသေနတ်ကြီးကို တိုက်ချွတ်၍သာ တစ်နေကုန် အချိန်ကုန်နေလေ၏။

ညနေစောင်းသောအခါ နှစ်လုံးပြူးသေနတ်ကို အိမ်နံရံတွင် ပြန်ချိတ်ထားလိုက်ပြီး သူ့စိတ်ကို သူထိန်းနိုင်ခဲ့၏။

ဤပြဿနာကို ဒေါသအလျောက်ဖြေရှင်းလျှင် လူသတ်မှု ဖြစ်ရုံသာ ရှိတော့မည်။

ထို့ကြောင့် ကိုဖေမောင်ကို သူ၏ရှေ့သို့ခေါ်ဆောင်၍ မမြရင်နှင့်ပေးစားရန် ကြံစည်လိုက်၏။

ရွာရှိ ကာလသားများကမူ သည်တစ်ကြိမ်တွင်တော့ လော်ပန်ကြီး ကောင်းကောင်းခံလိုက်ရပြီဟု ပြောဆိုနေမည်မှာ သေချာလှ၏။

လော်ပန်ကြီးသည် ရှက်ဒေါသကို ချုပ်တီး၍ သူ၏တပည့်များအား ကိုဖေမောင်ကို ခေါ်ခိုင်းလိုက်၏။ ခဏကြာလျှင် ဆင်သမားများပြန်ရောက်လာပြီး ကိုဖေမောင် မရှိတော့ဘဲ ရွာမှ အပြီးအပိုင်ထွက်သွားပြီဟု သိရ၏။

ကိုဖေမောင်၏ မိခင်ကြီးကိုမူ အိမ်နီးချင်းရွာသူရွာသားများထံ





တွင် အပ်နှံခဲ့သည်ဟုဆို၏။

လော်ပန်ကြီးသည် ကိုဖေမောင်မရှိတော့၍ သူ၏ရည်ရွယ်ချက်များ ပျက်စီးသွားရ၏။

မည်သို့ပင်ဖြစ်စေ မမြရင်ကို လူသိရှင်ကြား လက်ထပ်ခဲ့ရ၍ သူမ၏စားဝတ်နေရေးကို မိမိတာဝန်ယူရမည်ဟု ယူဆထားလေ၏။

ထို့ကြောင့် လော်ပန်ကြီးသည် မမြရင်ကို လိုလေသေးမရှိအောင်ထားသော်လည်း သူမနှင့်ပေါင်းသင်းခြင်း မရှိတော့ပေ။

မမြရင်၏ ကိုယ်ဝန်မှာလည်း တဖြည်းဖြည်း ရင့်မာလာပြီး မွေးဖွားရန် နီးကပ်လာလေ၏။

မမြရင်သည် လော်ပန်ကြီး၏ စိမ်းကားသောအပြုအမူကြောင့် ကိုယ်ဝန်အရင့်အမာရှိနေချိန်၌ စိတ်ဆင်းရဲရရှာ၏။

သူမကို ရွာထဲမှ မိန်းမပျိုတစ်ဦးက လာရောက်ကူညီပေးလေ၏။

တစ်နေ့သ၌ မမြရင်က လော်ပန်ကြီး သူမကို ဂရုမစိုက်ကြောင်း ပြောဆို၍ ငိုကြွေးလေရာ မိန်းမပျိုက မမြရင်ကို ဂရုဏာသက်ဟန်ဖြင့်ကြည့်၍

'' အစ်မ ဒီအကြောင်းတွေကို မသိဘူးနော်၊ အစ်မ ဝမ်းနည်းနေတာ မကြည့်ရက်လို့ ကျွန်မ ဖွင့်ပြောပြမယ်၊ ကျွန်မပြောတယ်လို့ ဘယ်သူမှ မပြောပါနဲ့နော်၊ ဒါပေမယ့် ဒီအကြောင်းကို တစ်ရွာလုံးနီးပါး သိနေပါပြီ ''

ဟုပြောလေရာ အိမ်ထဲမှ အိမ်ပြင်မထွက်သော မမြရင်က



www.burmeseclassic.com

အံ့ဩသွားလေ၏။

ထို့ကြောင့် မိန်းမပျိုကို အလောတကြီးမေးမြန်းလေရာ

'' အစ်မရဲ့ရည်းစားဟောင်း ကိုဖေမောင်ဟာ ဒီခြံဝိုင်းထဲကို မကြာခဏ ခိုးဝင်နေတာ လော်ပန်ကြီး သိနေတယ်၊ ဒါကြောင့် လောပန်ကြီးဟာ အစ်မကို အမျက်ကြီးနေတာ၊ လော်ပန်ကြီးရဲ့တပည့် ဆင်သမားတွေကလဲ ကိုဖေမောင်ကို မြင်ခဲ့တယ်၊ ဒါကြောင့် လော်ပန်ကြီးက ကိုဖေမောင်ကိုခေါ်ပြီး အစ်မနဲ့ပေးစားဖို့တောင် ကြံစည်ခဲ့တယ်၊ ဒါပေမယ့် ကိုဖေမောင်က ရွာမှာမရှိတော့လို့ ပေးစားဖို့မဖြစ်ခဲ့ဘူး၊ လော်ပန်ကြီးဟာ အစ်မရဲ့ရင်သွေးကိုလဲ သူ့ရင်သွေးလို့ ထင်ပုံမရဘူး ''

ဟုပြောလေရာ မမြရင်သည် လွန်စွာစိတ်ထိခိုက်သွားပြီး ချုံးပွဲချငိုကျွေးခဲ့လေ၏။

လော်ပန်ကြီး အမျက်တော်ရှခြင်းအကြောင်းကို သူသိခဲ့ပေပြီ။

လော်ပန်ကြီးသည် ကိုဖေမောင်နှင့်သူမကို အထင်အလွဲကြီးလွဲနေလေပြီ။

ထို့ကြောင့် လော်ပန်ကြီးကိုခေါ်၍ ကိုဖေမောင် ခြံဝိုင်းထဲသို့ ခိုးဝင်သည့်ကိစ္စကို ငိုယိုပြီး ရှင်းလင်းပြလေ၏။

လော်ပန်ကြီးသည် သူမ၏ရှင်းလင်းချက်များကို ငြိမ်သက်စွာ နားထောင်နေပြီးနောက် သက်ပြင်းချ၍

'' ဒီအကြောင်းတွေကို မင်္ဂလာဦးညမှာကတည်းက မင်းငါ့ကို ပြောပြသင့်တယ်၊ အခုတော့ အချိန်တွေ အများကြီးနှောင်းခဲ့ပြီ၊





မင်းစကားတွေကို ငါယုံချင်ပါတယ်၊ ယုံတယ်ပဲ ထားလိုက်ပါတော့၊ ဒါပေမယ့် တစ်ရွာလုံးကလူတွေက ယုံမှာမဟုတ်ဘူး၊ ရွာထဲမှာ ငါ့ကို နွားတစ်ကောင်လိုပြောပြီး လှောင်ပြောင်နေကြပြီ၊ လော်ပန်ကြီးဟာ လည်လွန်းတဲ့ဘီး ချေးသင့်ပြီလို့ ကွယ်ရာမှာလှောင်ပြောင်နေပြီ၊ သူတို့ရဲ့လှောင်ပြောင်မှုတွေကို ငါဘယ်လိုရင်ဆိုင်ရမလဲ၊ ဒါပေမယ့် မင်းဘဝရှေ့ရေးအတွက် ဘာမှပူပင်သောက မဖြစ်ပါနဲ့၊ အချိန်တန်ရင် အားလုံးအဆင်သင့်ဖြစ်အောင် ကျုပ်စီစဉ်ထားပါတယ် ''

ဟုပြောလေရာ မမြရင်သည် ရှိုက်ကြီးတငင်ငိုယို၍

'' အစ်ကိုကြီး ကျွန်မ ပြောတာမယုံဘူးလား၊ ကျွန်မနဲ့ ကိုဖေမောင် ဘာမှမဖြစ်ခဲ့ဘူးဆိုတာ ဘုရားမှာ သစ္စာရေသောက်ပြပါမယ် ''

ဟုပြောလေ၏။ လော်ပန်ကြီးသည် ခေါင်းခါရမ်း၍

'' ဒါတွေ မလိုအပ်တော့ပါဘူးမြရင်၊ အရေးကြီးတာက မင်းမှာ ကိုယ်ဝန်အရင့်အမာရှိနေတယ်၊ ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ ကလေးဟာ ဘယ်သူနဲ့ရတဲ့ကလေးပဲဖြစ်ဖြစ် ဒီကလေးရဲ့ နောင်ရေးအတွက် ကျုပ်ကူညီစောင့်မှာပါ ''

ဟုပြောရင်း ကျောခိုင်းထွက်ခွာသွားလေတော့၏။

မြရင်သည် လော်ပန်ကြီး၏ နောက်ကျောကိုကြည့်၍ ဝမ်းနည်းစွာ ငိုရှိုက်၍ ကျန်ရစ်ခဲ့လေ၏။

သူမ၏ဘဝအနာဂတ်သည် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ချစ်သူဟောင်း ကိုဖေမောင်၏ စဉ်းစားဆင်ခြင်ကင်းမဲ့ခြင်းကြောင့် လော်ပန်ကြီး၏ အထင်လွဲခြင်းကို ခံရပေပြီ။

မမြရင်သည် ဝမ်းနည်းလွန်း၍ ငိုရှိုက်၍သာ နေမိ၏။

၆၀ ဖန်စာ၊ ဘာကြဲပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ် (၇)၊ အင်သောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။





မမြရင်သည် မီးဖွားမည့်ရက်နီးလာသည်အထိ မိန်းမပျိုလေးတစ်ဦးနှင့်သာ အထီးကျန်နေထိုင်ရ၏။

သူမ၏ကိုယ်ဝန်ကို ရွာထဲရှိ အရပ်လက်သည် အဘွားကြီးက မကြာခဏ လာရောက်ကြည့်ရှု၍ မြရင်၏ဗိုက်ကို စမ်းသပ်ကာ

" ဟင်... ကလေးက ယောကျ်ားလေးဖြစ်မှာသေချာတယ်၊ ဒီဗိုက်မျိုးက ယောကျ်ားလေးပဲမွေးတတ်တယ် "

ဟုပြောလေတော့၏။ မမြရင်သည် အဘွားကြီး၏စကားကြောင့် ငိုယိုဝမ်းနည်းလာပြီး မျက်ရည်များ စီးကျလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက နားမလည်နိုင်ဟန်ဖြင့်ကြည့်၍

" ဟဲ့ သားယောကျ်ားလေးမွေးတာပဲ ငိုစရာလားဟဲ့၊ လော်ပန်ကြီးက ယောကျ်ားလေး သိပ်လိုချင်နေတာ၊ သူ့ရဲ့အရင်မယားတွေက မိန်းကလေးတွေပဲ မွေးထားတာ "

ဟုပြောလေ၏။ မြရင်သည် သူမ၏သားလေးအား လော်ပန်ကြီး၏ သားအရင်းအဖြစ် အသိအမှတ်ပြုလျှင် မည်မျှကောင်းမည်နည်းဟု တွေးတောကာ ဝမ်းနည်းပူဆွေးနေခြင်းဖြစ်၏။

တစ်ညသ၌ မမြရင်သည် ဗိုက်ထဲတွင် ပြင်းထန်စွာနာကျင်လာသဖြင့် မိန်းမပျိုက လက်သည်အဘွားကြီးကို သွားရောက်ခေါ်ယူလေ၏။

သူမသည် ထိုညမှာပင် သားယောကျ်ားလေးတစ်ယောက်ကို ဖွားမြင်ခဲ့လေ၏။ အဘွားကြီးက ကလေးငယ်၏ချက်ကြိုးကို ဖြတ်၍ ရယ်မောကာ

"ဟားဟားဟား... ရွှေပန်းလေးနဲ့ယောကျ်ားလေးဟော့၊ လော်ပန်ကြီး သိပ်လိုချင်နေတဲ့ ယောကျ်ားလေးမွေးပြီ "

ဟုပြောဆိုလေ၏။ မြရင်သည် ကလေးကို နို့တိုက်ရင်း အနီးတွင် လော်ပန်ကြီးရှိလျှင် မည်မျှကောင်းမည်နည်းဟုတွေးတောနေလေ၏။

ထိုနေ့နံနက်တွင် မမြရင် မီးဖွားသောသတင်းသည် ခြံဝိုင်းတစ်ခုလုံး ပျံ့နှံ့သွားပြီး လော်ပန်ကြီးရောက်လာလေ၏။





မမြရင်သည် ကလေးကိုပွေ့ချီ၍

" အစ်ကိုကြီး ကလေးကို ချီပါဦး၊ အစ်ကိုကြီးက သားယောကျ်ားလေး သိပ်လိုချင်တယ်ဆို "

ဟုမေးမြန်းလေ၏။

မမြရင်၏စကားကြောင့် လော်ပန်ကြီးသည် ကလေး၏ မျက်နှာကို သေချာစွာကြည့်ရှုနေရာမှ ခေါင်းခါယမ်း၍

" မချီတော့ပါဘူး ကျုပ်ဆင်စခန်းကိုသွားရမယ်၊ ညက ဆင်တစ်ကောင်မုန်ယိုပြီး ချောက်ထဲပြုတ်ကျလို့ ဆင်ရော ဆင်ဦးစီးပါ ဆုံးရှုံးသွားတယ်၊ ဒီနေ့ဟာ ကျုပ်အတွက် ဂြိုဟ်ဆိုးဝင်တဲ့နေ့ပဲ "

ဟုပြောကာ အခန်းထဲမှ ခြေလှမ်းကြဲကြီးဖြင့် ထွက်ခွာသွားလေတော့၏။

မမြရင်သည် လော်ပန်ကြီး၏ စိမ်းကားရက်စက်သော အပြုအမူကြောင့် ဝမ်းနည်းကြေကွဲပြီး ရှိုက်ငိုလိုက်လေ၏။

မမြရင် မီးဖွားသည့်နေ့တွင်ပင် တိုက်တိုက်ဆိုင်ဆိုင် လော်ပန်ကြီး၏ ဆင်နှင့်ဆင်ဦးစီး ဆုံးရှုံးရသဖြင့် ရွာထဲတွင် ကောလာဟလမျိုးစုံ ဖြစ်ပေါ်နေလေ၏။ လော်ပန်ကြီး၏ မယားကြီးဒေါ်နန်းက

" ဒီကလေးဟာ ကောင်းကျိုးပေးမဲ့ကလေးမဟုတ်ဘူး၊ ဒီကလေး လူ့လောကကို ရောက်တဲ့နေ့မှာပဲ လော်ပန်ကြီးရဲ့ ဆင်တစ်ကောင်ဆုံးရှုံးရပြီ၊ ဆင်ဦးစီးကလဲ အတွေ့အကြုံအလွန်များတဲ့ လော်ပန်ကြီးရဲ့ အားအကိုးရဆုံး လက်ရုံးကြီးလေ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

မယားငယ် မမြကလည်း မျက်နှာကိုမဲ့ကာ ရွဲ့ကာဖြင့်

" ကလေးက အစ်ကိုကြီးကလေးမှမဟုတ်တာ၊ ဒီကောင်မ ဖောက်ပြန်ပြီး မွေးတဲ့ကလေးမို့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေက ဒဏ်ခတ်တာဖြစ်မှာပေါ့၊ ကြာရင် ဒီကလေးကြောင့် အစ်ကိုကြီးရဲ့ စည်းစိမ်ဥစ္စာတွေ ပြုတ်ပြုတ်ပြုန်းတော့မှာပဲ "

ဟုလှည့်လည်ပြောဆိုလေ၏။

ထိုမှတစ်ဆင့် တစ်ယောက်စကားမှ တစ်ယောက်နားသို့ ရောက်ကာ တစ်ရွာလုံး သတင်းပျံ့နှံ့ သွားလေ၏။

ရွာသူရွာသားများသည် မမြရင်၏ ကလေးကို ကောင်းကျိုးမပေးသောကလေးဟု ယူဆကြကုန်၏။

ထိုအယူအဆကြောင့် မမြရင်ကို ဖောက်ပြန်သောမိန်းမဟု ယူဆချက်သည် ပိုမိုခိုင်မာလာလေ၏။

ရွာထဲတွင် ဟိုနေရာစပ်စပ် သည်နေရာစပ်စပ် ပါဝင်တတ်သော ဒေါ်ရွှေစန်းဆိုသော အဘွားကြီးက

" ဒီကလေးဟာ မမြရင် ဖောက်ပြန်ပြီး မွေးတဲ့ကလေးဆိုတော့ ရွာစောင့်နတ်က မနှစ်သက်ရင် ကျုပ်တို့တစ်ရွာလုံးတောင် ဖြစ်ဒဏ်ခတ်တာ ခံရနိုင်တယ်၊ ဒီကောင်မကို အရပ်က နှင်ထုတ်ပစ်ဖို့ကောင်းတယ်၊ သူ့အတွက်နဲ့ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ် "

ဟုပြောလေရာ အသိဉာဏ်နည်းသော ရွာသူရွာသားအချို့





သည် တွေဝေသွားလေ၏။

သို့သော် စဉ်းစားဉာဏ်ရှိသော ရွာသားအချို့ကမူ

" ရွာစောင့်နတ်က မနှစ်သက်လို့ ဒဏ်ခတ်ချင်ရင် ကာယကံရှင်ကိုပဲ ဒဏ်ခတ်မှာပေါ့၊ တို့နဲ့ဘာဆိုင်လို့လဲ "

ဟုငြင်းဆိုလေတော့၏။ မမြရင်သည်သူ၏သားလေးကို ဖခင်ရှိလျက်နှင့်ပင် တစ်ကိုယ်တည်း ပျိုးထောင်ရလေ၏။

လေဘ်ပန်ကြီးသည် တစ်လလျှင်တစ်ကြိမ်မျှ သူ၏အိမ်သို့လာ၍ လိုအပ်ချက်များကို မေးမြန်းလေ၏။

မမြရင်သည် လေဘ်ပန်ကြီးကို အကြိမ်ကြိမ် ရှင်းပြပြီးဖြစ်သဖြင့် ထပ်မံ၍ အသနားခံရန် မကြိုးစားတော့ပေ။

လေဘ်ပန်ကြီးက မမြရင်ထံသို့ ရောက်သည့်အခါတိုင်း

' မင်းအတွက် ဘာလိုအပ်လဲ '

ဟုမေးမြန်းလေ၏။ မမြရင်က သက်ပြင်းချ၍

" ကျွန်မအတွက်တော့ ဘာမှမလိုပါဘူး အစ်ကိုကြီးရယ်၊ သားလေးအတွက် ဖခင်မေတ္တာသာ လိုမိတယ် "

ဟုပြောဆိုလေ့ရှိ၏။ လေဘ်ပန်ကြီးက ခေါင်းကိုခါယမ်း၍

" မင်းတို့သားအမိကို လိုလေသေးမရှိအောင် တာဝန်ယူမယ်၊ ဒီ့ပြင်တော့ ဘာမှမပေးနိုင်ဘူး "

ဟုပြောဆိုကာ အခန်းထဲမှ ထွက်ခွာသွားလေ့ရှိ၏။

မမြရင်သည် အံကိုကြိတ်၍ ကံဆိုးရှာသော သားလေးကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလေ့ရှိ၏။

သူမ၏သားလေး အခါလည်သားအရွယ်လို့ရောက်သောအခါ ခြံထဲသို့ သူတော်စင်ကြီးတစ်ဦး ဝင်ရောက်လာသဖြင့် မမြရင်က အိမ်အောက်သို့ဆင်း၍ မုန့်များကပ်လှူလေ၏။

သူတော်စင်ကြီးက မမြရင်ကပ်လှူသောမုန့်များကိုလက်ခံယူ၍

" ငါ့သမီးမှာ အခက်အခဲတွေ အများကြီးရှိနေတယ်၊ စိတ်ဆင်းရဲပြီး ဒုက္ခရောက်ခံနေရတာပဲ၊ သဗ္ဗေသတ္တာကမ္မသကာလို့သာ သဘောထားပေတော့၊ သမီး အချိန်တန်ရင်တော့ ဒုက္ခဆင်းရဲတွေ အားလုံး လွင့်စင်ပပျောက်ကုန်မှာပါ၊ ဒီအချိန်ရောက်ရင်တော့ ငါ့သမီး ဘဝလဲ အေးချမ်းသွားပါပြီ "

ဟုပြောလေ၏။ မမြရင်က သူတော်စင်ကြီး၏ စကားများကို နားထောင်၍ သက်ပြင်းချလိုက်ပြီး

" သမီးရဲ့သားလေးကို နာမည်လေးတစ်ခွန်းလောက် ချီးမြှင့်ပေးပါ အဘရယ် "

ဟုတောင်းဆိုလိုက်လေ၏။ သူတော်စင်ကြီးက မမြရင်လက်ထဲမှ ကလေးငယ်၏မျက်နှာကိုတစ်ချက်ကြည့်၍

" ငါ့သမီးရဲ့ကလေးကို ရာဇာလို့အမည်ပေးလိုက်ပါ၊ ရာဇာဆိုတာ 'မင်း' လို့အဓိပ္ပာယ်ရတယ်၊ ရန်အန္တရာယ်အပေါင်းကို ဖြေရှင်းအောင်နိုင်တယ်ဆိုတဲ့အတိတ်နိမိတ်ပဲ "

ဟုပြောကာ ခြံဝိုင်းထဲမှ ထွက်ခွာသွားလေတော့၏။ မမြရင် က





သူတော်စင်ကြီး၏ နောက်ကျောကိုကြည့်၍

" ရာဇာ... ရာဇာ သိပ်ကောင်းတဲ့နာမည်ပဲ "

ဟုတစ်ဦးတည်း တီးတိုးရေရွတ်နေစဉ် သူတော်စင်ကြီးသည် အိမ်ဝိုင်းထဲမှ ထွက်ခွာသွားလေ၏။

မမြရင်သည် ထိုနေ့မှစ၍ သူမ၏သားလေးကို သူတော်စင်ကြီးပေးခဲ့သောအမည်ကိုပင် ခေါ်ခဲ့၏။

ရာဇာ စကားပြောတတ်ကာစအချိန်သို့ရောက်သောအခါ

" မေမေ သူများတွေမှာ အဖေရှိတယ်၊ သားရဲ့အဖေဘယ်မှာလဲ "

ဟုမေးမြန်းသည့်အခါတိုင်း မမြရင်က မျက်ရည်များစီးကျကာ

" သားရဲ့အဖေက လော်ပန်ကြီးပေါ့ကွယ်၊ လော်ပန်ကြီးက သားရဲ့အဖေအစစ်ပါ "

ဟုပြောဆိုခဲ့လေ၏။ ရာဇာသည် သူ၏ဖခင်မှာ လော်ပန်ကြီးမှန်း သိသွားသောအခါ မျက်မှောင်ကြုတ်၍

" အဖေက သားတို့အိမ်ကို မလာဘူးနော်၊ သားကိုလဲ တစ်ခါမှ စကားမပြောဘူး "

ဟုပြောလေရာ မမြရင်သည် ရင်ထဲတွင် နင့်ကနဲဖြစ်သွားလေ၏။ ရာဇာ၏စကားကို မည်သို့တုံ့ပြန်ရမှန်းမသိ ဖြစ်သွား၏။

ရာဇာသည် လော်ပန်ကြီးကို သူ၏ဖခင်မှန်း သိသောအခါ ထိုနေ့ညနေမှာပင် ခြံဝိုင်းထိပ်သို့ထွက်၍ လော်ပန်ကြီးကို စောင့်ကြို



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

လော်ပန်ကြီး ဆင်စခန်းမှာ ပြန်လာသောအခါ ခြံဝိုင်းထိပ်မှ စောင့်ကြို၍

" အဖေ "

ဟုခေါ်ဝေါ်လိုက်၏။ လော်ပန်ကြီးသည် ရာဇာက မိမိအား အဖေဟု ခေါ်လိုက်သဖြင့် ရုတ်တရက် တုန်လှုပ်သွားပြီး မျက်နှာတည် ဝ.ည်ဖြင့်

" ဟေ့ကောင်လေး မင်းငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ "

ဟုမေးမြန်းလေ၏။ ရာဇာက စိတ်အားတက်ကြွစွာဖြင့်

" လော်ပန်ကြီးဟာ ကျုပ်အဖေလို့ အမေကပြောတယ်၊ ရွာထဲက ကလေးတိုင်းမှာအဖေရှိတယ်၊ ကျုပ်မှာ အဖေမရှိဘူး၊ ဒါကြောင့် အဖေလို့ခေါ်တာ၊ အဖေဘာဖြစ် လို့ ကျုပ်တို့အိမ်ကို မလာ တာလဲ "

ဟုမေးမြန်းလေ၏။ လော်ပန်ကြီးသည် အရွယ်နှင့်မလိုက် အောင် စကားတတ်လှသော ရာဇာကို အံ့ဩသွားလေ၏။ ဤ ကလေးသည် ဉာဏ်ရည်ဉာဏ်သွေးကောင်းလှုန်လှချည်လားဟု တွေး တောမိ၏။

ဤကလေး၏ ရုပ်ဆင်းသဏ္ဍာန်သည် မိမိနှင့် ဆင်တူသည်ဟု ၍ပင် တွေးလိုက်မိ၏။ သို့သော် မင်္ဂလာဦးညက ပွတ်ချွန်ဆေးလိပ်တို ကို မြင်ယောင်မိပြီး အံကိုကြိတ်၍

" ငါက မင်းအဖေလို့ ဘယ်သူကပြောသလဲ "

ဟုမေးမြန်းလိုက်၏။ ရာဇာက နားမလည်ဟန်ဖြင့်ကြည့်၍





" အမေကပြောတယ်၊ လော်ပန်ကြီးက ကျုပ်အဖေတဲ့ "

ဟုပြောလေ၏။ လော်ပန်ကြီးက အံကိုတင်းတင်းကြိတ်၍

" ငါက မင်းအဖေမဟုတ်ဘူး "

ဟုပြောကာ ခြံဝိုင်းထဲသို့ ခြေလှမ်းကြဲကြီးဖြင့် ဝင်ရောက်သွား လေ၏။

ရာဇာသည် လော်ပန်ကြီး၏နောက်ကျောကိုကြည့်ရင်း ဝမ်း နည်းကြေကွဲဟန်ဖြင့်

" လော်ပန်ကြီးက ငါ့အဖေမဟုတ်ဘူးတဲ့၊ ဒါဆိုရင် ငါ့အဖေ က ဘယ်သူလဲ၊ ငါ့အဖေဘယ်သူလဲ "

ဟုတစ်ဦးတည်းရေရွတ်၍ ကျန်ရစ်ခဲ့လေတော့၏။

မမြရင်သည် သား၏အဖြစ်ကိုသိရသောအခါ လော်ပန်ကြီး ကို ရင်ထဲတွင် နာကြည်းမိ၏။

ထို့ကြောင့် လော်ပန်ကြီးထံသို့ သွားရောက်၍

" အစ်ကိုကြီး သားလေးကို ဘယ်လိုပြောလိုက်တာလဲ၊ သား လေးဟာ သူ့မှာအဖေမရှိတဲ့အတွက် ဘယ်လောက်ဝမ်းနည်းနေသလဲ ဆိုတာ အစ်ကိုကြီး မသိဘူးလား၊ တကယ်တော့ သားလေးဟာ အစ်ကိုကြီးရဲ့သားအရင်းပါ၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ အားလုံးကို တိုင်တည်ပြီး ကျွန်မ သစ္စာပြုဝံ့ပါတယ်၊ နောက်တစ်ကြိမ် သားလေးမေးခဲ့ရင် အစ်ကိုကြီးက သူ့အဖေလို့ပြောပေးဖို့ ကျွန်မ မေတ္တာရပ်ခံပါတယ်ရှင် "



www.burmeseclassic.com

www.burmeseclassic.com



ဟုတောင်းပန်လေ၏။ လော်ပန်ကြီးသည် မမြရင်၏စကားကြောင့် ရာဇာကို ကရုဏာသက်သလိုဖြစ်သွားသော်လည်း မင်္ဂလာဦးညက ပွတ်ချွန်းဆေးလိပ်များကို ပြန်လည်မြင်ယောင်မိပြီး ရင်ထဲတွင် နာကျင်လာ၍

'' ငါ့ကို ဘာမှလာမပြောနဲ့၊ ငါနွားမဟုတ်ဘူး၊ မင်းတို့သားအမိကို ဒီခြံဝင်းထဲမှာ မတောင့်မတ ထားတာတောင် လွန်လှပြီ ''

ဟုအော်ဟစ်လိုက်လေ၏။

မမြရင်သည် မျက်လုံးထဲမှ မျက်ရည်များ တွင်တွင်စီးကျလာပြီး အံကိုကြိတ်ကာ

'' ဒါတွေဟာ ကျွန်မဘဝရဲ့ဝဋ်ဆင်းရဲခြင်းတွေပါပဲ၊ ရှေးဘဝက ဝဋ်ကြွေးရှိရင်လဲ ကြေပါစေတော့လို့ ဆုတောင်းပါတယ် အစ်ကိုကြီးရဲ့၊ ကျွန်မ သားလေးဟာ အပြစ်မရှိတဲ့ကလေးပါ၊ ဒီကလေးရဲ့ ဘဝတစ်လျှောက်လုံး အဖေမရှိတဲ့ကလေးအဖြစ်နဲ့ မျက်နှာငယ်ရတော့ ''

ဟုပြောကာ ချုံးပွဲချငိုကြွေးပြီးလော်ပန်ကြီးရှေ့မှ ပြေးထွက်ခဲ့လေ၏။





လော်ပန်ကြီးသည် ရာဇာက သူ့ကိုအဖေဟု ခေါ်သောအသံကိုသာ ကြားယောင်နေမိ၏။

ရာဇာ၏ မျက်နှာသည် မိမိနှင့်ရုပ်ချင်းဆင်တူသည်ဟု တွေးမိပြန်၏။ ရာဇာသည် မိမိ၏သားအရင်းပင် ဖြစ်လေသလားမသိ။

လော်ပန်ကြီးသည် တွေးတောရင်း သက်ပြင်းရှည်ကြီးကိုချ ကာ ဤကလေး၏ အနာဂတ်အတွက် မိမိတစ်ခုခု ပြုလုပ်ပေးရမည် ဟု တွေးလိုက်မိပြန်၏။

လော်ပန်ကြီး၏ ရည်ရွယ်ချက်ကို မယားနှစ်ယောက်က [illegible] အထန်ကန့်ကွက်လေ၏။ မယားကြီးဒေါ်နန်းက



www.burmeseclassic.com

www.burmeseclassic.com



'' အစ်ကိုကြီးနဲ့ရတဲ့သားအရင်းမှမဟုတ်တာ၊ အစ်ကိုကြီးက ဒီကောင်လေးအတွက် အမွေပေးခဲ့မယ်ဆိုရင် ဖောက်ပြန်တဲ့ကောင်နဲ့ကောင်မက ကွယ်ရာမှာ လှောင်ပြောင်နေမှာပေါ့၊ တစ်ရွာလုံးရဲ့ ရယ်စရာလဲဖြစ်ကုန်လိမ့်မယ် ''

ဟုပြောလေ၏။ မယားငယ် မမြကလည်း

'' ဟုတ်ပါ့တော်၊ သစ္စာမရှိတဲ့မိန်းမရဲ့ကလေးကို အစ်ကိုကြီးက ဘာဖြစ်လို့ ပြန်ကြည့်ရမှာလဲ၊ သူ့ဘာသာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားလိုက်ရင်ပြီးတာပဲ၊ ခြံဝိုင်းထဲမှာ ခေါ်ပြီးကျွေးမွေးထားတာ တောင် အစ်ကိုကြီး သိက္ခာကျလှပြီ၊ ရာဇာဆိုတဲ့ကောင်လေးရဲ့ရုပ်ကို ကြည့်ပါဦး၊ အစ်ကိုကြီးနဲ့တစ်စက်ကလေးမှမတူဘူး၊ ဖေမောင်နဲ့တော့ ရုပ်ချင်းချွတ်စွပ်တူတယ်၊ အစ်ကိုကြီး တကယ်အမွေပေးသင့်တာက ကျွန်မတို့မွေးထားတဲ့ သမီးလေးတွေကိုပဲ ပေးသင့်တယ်၊ ဒီကလေးတွေကမှ အစ်ကိုကြီးရဲ့ ရင်သွေးအစစ်တွေ ''

ဟုကန့်ကွက်လေ၏။ လော်ပန်ကြီးသည် မယားနှစ်ယောက်၏ စကားကြောင့် ဆုံးဖြတ်ချက်ကို မပြင်ဘဲ ခေါင်းခါယမ်း၍

'' မင်းတို့မွေးထားတဲ့ ငါ့သမီးနှစ်ယောက်ကို ဆင် ၃ ကောင်စီ ပေးထားပြီးပြီလေ၊ ဒီကလေးကို ပေးမယ်ဆိုတာက ငါပိုင်တဲ့ ဆင် ၃ ကောင်ထဲက ပေးမှာ ''

ဟုပြောလေ၏။ ထိုအခါ မယားကြီးဒေါ်နန်းက လော်ပန်ကြီးကို အံ့သြဟန်ဖြင့်ကြည့်၍





'' အစ်ကိုကြီး ဆင်နှစ်ကောင်ထဲကပေးရင် အစ်ကိုကြီးမှာ ဆင်လက်မဲ့ဖြစ်သွားမှာပေါ့၊ ဒီနယ်တကြောမှာ လော်ပန်ကြီး အမည်ခံထားပြီး ဆင်မရှိရင် ဘယ်လောက်မျက်နှာငယ်ရသလဲဆိုတာ အစ်ကိုကြီးအသိပဲလေ ''

ဟုပြောလေ၏။ လော်ပန်ကြီးက ဆေးပြင်းလိပ်ကို မီးညှိလိုက်ပြီး

'' ဒါတွေ ငါသိပြီးသားပါ၊ ရာဇာကိုပေးမယ်ဆိုတာက ဆင်မကြီးမိဖြူကမွေးတဲ့ ဆင်ကလေးကို ပေးမယ်လို့ဆုံးဖြတ်ထားတာ ''

ဟုပြောလေရာ မယားနှစ်ယောက်၏မျက်နှာသည် အနည်းငယ်သက်သာရာရသွားလေ၏။

ဆင်မကြီးမိဖြူမွေးမည့်ဆင်ကလေးကို အမွေပေးမည်ဆိုလျှင် မိမိတို့စီးပွားရေးကို အကြီးအကျယ်ထိခိုက်မည်မဟုတ်ပေ။

ထို့ကြောင့် မယားကြီးဒေါ်နန်းက လော်ပန်ကြီး၏ပခုံးကို ခေါင်းတင်၍

'' ဒါဆိုရင်တော့ အစ်ကိုကြီးရဲ့ဆန္ဒအတိုင်းပါပဲ၊ ဆင်မကြီးမိဖြူမွေးမဲ့ဆင်ကလေးကို မျိုးမစစ်လေးကို ပေးရင်ပေးလိုက်ပေါ့၊ ဒါပေမယ့် တစ်ခါတည်း အပြတ်ပြောထားပေတော့၊ ဒီတစ်ကြိမ်ပေးပြီးရင် နောက်မပေးတော့ဘူးလို့ ''

ဟုပြောလေရာ မယားငယ်မမြက ဝင်ရောက်၍

'' ဟုတ်တယ်အစ်ကိုကြီး အခုရုပ်မှနောင်ရှင်းမယ်ဆင်မကြီး



www.burmeseclassic.com

www.burmeseclassic.com



မိဖြူကမွေးတဲ့ဆင်ကလေးကလွဲရင် ဘယ်အမွေပစ္စည်းကိုမှ မပေးနိုင်ဘူးလို့ အပြတ်ပြောလိုက်ပါ ''

ဟုပြောဆိုလေ၏။ လေဘ်ပန်ကြီးသည် လောဘရမ္မက်ကြီးလှသော မယားနှစ်ယောက်ကို စကားမတုံ့ပြန်တော့ဘဲ သူ့အား အမေဟုခေါ်သော ရာဇာ၏မျက်နှာကိုသာ မြင်ယောင်နေလေ၏။

ရာဇာသည် သူ၏သားအရင်းပင်ဖြစ်လေသလားမသိ။

သူ၏မယားကြီးနှစ်ယောက်မှ သမီးမိန်းကလေးများကိုသာ မွေးဖွားခဲ့သဖြင့် သားယောကျ်ားလေးကို လွန်စွာလိုချင်မိ၏။ ယခုတော့ သားယောကျ်ားလေးကို ရရှိသော်လည်း မိမိ၏သားအရင်းဖြစ် မှန်းသေချာစွာမသိရ၊

လေဘ်ပန်ကြီးသည် နောက်တစ်နေ့တွင် မမြရင်ထံသို့ထွက်ခဲ့လေ၏။ သူသည် မမြရင်နှင့်ရာဇာကို ခပ်စိမ်းစိမ်းကြည့်၍

'' ဒီကလေးရဲ့အနာဂတ်အတွက် ကျုပ်စီစဉ်ထားတာရှိတယ်၊ အဲဒါကတော့ ဆင်မကြီးမိဖြူကမွေးမဲ့ ဆင်ကလေးကို ဒီကလေး အတွက် ကျုပ်ရည်စူးထားတယ် ''

ဟုပြောလေရာ မမြရင်သည် လေဘ်ပန်ကြီး၏ မယားကြီးမယားငယ်များအတွက် ဆင်သုံးကောင်စီ ခွဲဝေပေးမှန်းသိ၍ ရင်ထဲတွင် နာကျင်သွားလေ၏။

သူ၏သားလေးအတွက်မှ ဆင်မကြီးကမွေးမည့် ဆင်ကလေးကို ပေးမည်ဆို၏။ မည်သို့ပင်ဖြစ်စေ ကလေးအတွက် လေဘ်ပန်ကြီး





၏နားလည်သိတတ်မှုကို လက်ခံလို၍

'' အစ်ကိုကြီးက သားလေးအတွက် အခုလို စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် သားလေးတကယ်လိုအပ်နေတာက ဆင်တစ်ကောင်မဟုတ်ပါဘူး၊ ဖခင်တစ်ယောက်ရဲ့ မေတ္တာပါ၊ သားလေးဟာ ဖခင်ရဲ့ မေတ္တာ ငတ်မွတ်နေပါတယ် ''

ဟု ပြောလိုက်လေ၏။ လေဘ်ပန်ကြီးက မမြရင်၏ မျက်နှာကို စိမ်းစိမ်းကြည့်၍

'' ကျုပ် မပေးနိုင်တာကို မတောင်းဆိုနဲ့ မြရင်၊ ကလေး အတွက် ဆင်တစ်ကောင်ကို ကျုပ် အမွေပေးတယ် ဒါပဲ ''

ဟုပြောကာ အိမ်ပေါ်မှ ခြေသံပြင်းပြင်းနင်း၍ ထွက်ခွာသွားလေတော့၏။

လေဘ်ပန်ကြီးမရှိတော့သောအခါ ရာဇာသည် ငိုယိုနေသော မိခင်၏အနီးသို့တိုးကပ်၍

'' အမေ၊ အမေ ဘာဖြစ်လို့ ငိုနေတာလဲ၊ အဖေက ကျုပ်ကို ဆင်တစ်ကောင်ပေးမယ်ဆို၊ ဒါဟာ သူ့သားမို့လို့ဆင်ပေးတာပေါ့၊ သားမဟုတ်ရင် ဆင်တစ်ကောင်ကို အလကားဘယ်ပေးပါ့မလဲ၊ အဖေက ကျုပ်ကိုသားလို့မခေါ်ပေမယ့် ဆင်တစ်ကောင်ကိုပေးတဲ့ အတွက် ကျုပ် သိပ်ဝမ်းသာတယ်၊ ကျုပ်ကြီးလာရင် ဆင်ဦးစီးဖြစ် အောင်လုပ်မယ်၊ ဆင် တွေ အများကြီးဖမ်းပြီး အဖေ့လို လေဘ်ပန်ကြီး ဖြစ်အောင်လုပ်မယ် ''

ဟုပြောလေရာ မမြရင်သည် အားတက်သရော ပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



သော ရာဇာ၏မျက်နှာကိုကြည့်၍ အဖေ၏ မေတ္တာကို မရရှိသော ကံဆိုးရှာသည့်သားလေးဟု တွေးတောကာ စိတ်မကောင်းဖြစ်နေမိ၏။

ရာဇာကမူ ဆင်တစ်ကောင်ကို ပိုင်ဆိုင်ခွင့်ရရှိမည်ဟု တွေးကာ ပျော်ရွှင်နေပုံရ၏။

ရာဇာသည် အရွယ်ရောက်လာလျှင် ဆင်ကြီးတစ်ကောင်နှင့် တောထဲတွင် လှည့်လည်၍ ဆင်များကို ဖမ်းဆီးမည်ဟု မမောနိုင် မပန်းနိုင် ပြောဆိုနေလေ၏။

ရာဇာသည် ဆင်ကလေးကို ရရှိမည်ဟု အမျှော်လင့်ကြီး မျှော်လင့်၍ ပျော်ရွှင်နေသော်လည်း ဆင်မကြီးမိဖြူသည် ဆင်ထီးများနှင့် မိတ်လိုက်သော်လည်း သားမတင်ဘဲ ရှိနေလေ၏။

ရာဇာသည် တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်လာသည်အထိ ဆင်မကြီး မိဖြူ သားမတင်သည့်အတွက် စိတ်မရှည်နိုင်အောင် ဖြစ်လာရ၏။ ရာဇာက မိခင်ကိုကြည့်၍

'' အမေ ဆင်မကြီးက ဘာဖြစ်လို့ ဆင်ကလေးမမွေးသေးတာလဲဟင် ''

ဟူ၍ အကြိမ်ကြိမ် မေးမြန်းလေ၏။ မမြရင်သည် ဆင်ကလေး ရရှိမည်ဆိုပြီး စိတ်အားတက်ကြွနေသော ရာဇာကိုကြည့်၍ စိတ်မကောင်းဖြစ်နေပြန်၏။

ဆင်တို့၏ သဘာဝမှာ အသက် ၁၇ နှစ်နှင့် ၂၀ နှစ်ကြားတွင် မိတ်လိုက်လေ့ရှိသော်လည်း ဆင်မကြီး မိဖြူသည် အသက် (၂၀)





အရွယ်ရောက်သည့်အခါမှပင် မိတ်လိုက်၍ ယခုအသက် ၂၄ နှစ် အရွယ်အထိ သားမတင်သေးပေ။

ဆင်မကြီး မိဖြူသားမတင်ခြင်းကို လော်ပန်ကြီးကပင် တအံ့တဩဖြစ်နေလေ၏။

လော်ပန်ကြီး၏ မယားနှစ်ယောက်ကမူ ဆင်မကြီးဖီးမတင်သည့်ကိစ္စကို ဝမ်းမြောက်ဝမ်းသာဖြစ်နေပြီး မယားငယ်မမြက

'' ဟီး ဟီး… ဒီကောင်လေးနဲ့မထိုက်တော့ ဆင်မကြီးတောင် ဖီးမတင်တော့ဘူး၊ ရွာစောင့်နတ်တွေက သူတို့သားအမိကို ဒဏ်ခတ်ချင်တော့ ဆင်မကြီးကို သားမတင်အောင်လုပ်ထားတာဖြစ်မယ် ''

ဟုပြောလေရာ မယားကြီးဒေါ်နန်းကလည်း ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုဖွာ၍

'' ဟုတ်တယ်၊ ဒီကောင်မမှာ အပြစ်ရှိတာ သိပ်ထင်ရှားတယ်၊ ရွာစောင့်နတ်မကျေနပ်ရင် လူတွေကို ဒဏ်ခတ်တာ အားလုံး အသိပဲလေ ''

ဟုပြောလေ၏။ ရွာထဲရှိ ဆင်သမားအချို့ကလည်း ဆင်မကြီး မိဖြူ သားမတင်ခြင်းကို နားမလည်နိုင်အောင်ဖြစ်ပြီး ရွာစောင့်နတ် ကို ပူဇော်ရန် လော်ပန်ကြီးကို အကြံပြုလေ၏။

လော်ပန်ကြီးသည် ဆင်သမားများ၏ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် ရွာစောင့်နတ်ကို ကြက်၊ ဘဲ စသည်တို့ဖြင့် ပူဇော်၍ ဆင်မကြီး သားတင်ရန် ဆုတောင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲရှိ လောကီပညာနားလည်သော အဘွားကြီးတစ်ယောက်နှင့်လည်း ခေါ်စာပစ်ခြင်း၊ ရွာချခြင်း စသည်တို့ကို ပြုလုပ်လေ၏။

သို့သော် ဆင်မကြီးမိဖြူသည် သားတင်ခြင်းမရှိပေ။

ရာဇာသည် ဆင်မကြီးမိဖြူရှိရာ ဆင်စခန်းသို့ မကြာခဏသွားကြည့်၍ ဆင်မကြီး သားတင်ခြင်းရှိမရှိ အကဲခတ်လေ၏။

ထို့ကြောင့်ပင် ဆင်စခန်းရှိ ဆင်သမားများသည် ရာဇာကို ကောင်းစွာသိကျွမ်းနေလေ၏။ ဆင်သမားများက ရာဇာကို လော်ပန်လေးဟု ခေါ်ဝေါ်လေ၏။

ရာဇာသည် ရွာဦးကျောင်းဆရာတော်ထံတွင် ကျောင်းသားအဖြစ် စာပေပညာများ စတင်သင်ကြားနေပြီဖြစ်၏။ သူသည် ရွာထဲရှိ ကလေးငယ်များထက် ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်သဖြင့် ဘုန်းကြီးများ၏ နှစ်သက်ခြင်းကို ခံရလေ၏။ ဆရာတော်ကြီးက ရာဇာ၏ပခုံးကိုပုတ်၍

'' လော်ပန်ကြီးသား ပီသပါပေတယ်၊ ဒီကလေးဟာ ဉာဏ်ကောင်းတယ်၊ အသက်ကြီးလာရင် လော်ပန်ဖြစ်မှာသေချာတယ် ''

ဟုချီးမွမ်းတတ်၏။ ရာဇာသည် ဆရာတော်ကြီးက သူ့အား လော်ပန်ကြီးသား ပီသပါပေတယ် ဟုချီးမွမ်းခြင်းကို အလွန်သဘောကျလေ၏။





တစ်နေ့သ၌ ရာဇာ ဘုန်းကြီးကျောင်းမှပြန်လာသောအခါ မိခင်က ဆီးကြို၍

'' ငါ့သား ဝမ်းသာပေတော့ ဆင်မကြီးမိဖြူ သားတင်ပြီလို့ ဆင်စခန်းက အဘတိုးသာဦးပြောတယ် ''

ဟုပြောလေရာ ရာဇာသည် ဝမ်းသာအားရ ထခုန်၍

'' ဟားဟားဟား... ဝမ်းသာလိုက်တာ အမေရယ်၊ ဒါဆိုရင် သားအတွက် ဆင်ကလေးမွေးတော့မှာပေါ့နော်၊ သိပ်ဝမ်းသာတာပဲ ဆင်စခန်းကို အခုပဲသွားကြည့်မယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထမင်းကိုပင် မစားတော့ဘဲ ရွာနှင့်တစ်မိုင်ခန့်ဝေးသော ဆင်စခန်းသို့ အပြေးအလွှားသွားကြည့်လေ၏။

ဆင်စခန်းရှိ ဝါရင့်ဆင်သမားကြီးဘိုးသာဦးနှင့်တွေ့သောအခါ ၎င်းက

'' လော်ပန်လေး ဝမ်းသာပေတော့၊ ဆင်မကြီး သားတင်တာ သေချာပြီ၊ လော်ပန်လေးအတွက် ဆင်ကလေးတစ်ယောက် မွေးပေးလိမ့်မယ် ''

ဟုပြောလေရာ ရာဇာက ဝမ်းမြောက်ဝမ်းသာဟန်ဖြင့်

'' သေချာရဲ့လားအဘရယ်၊ ဆင်မကြီး သားတင်တာ အဘ ဘယ်လိုလုပ်သိသလဲ ''

ဟုမေးမြန်းလေ၏။ ဆင်သမားကြီးက ရယ်မော၍

'' ဟားဟားဟား... လော်ပန်လေးက ကျုပ်ကိုမယုံလို့လား။ ကျုပ်က ဆင်စခန်းမှာ နေလာတာ နှစ်ပေါင်း (၆၀) ရှိပြီ၊ ဆင်မတစ်ကောင်ကိုကြည့်လိုက်တာနဲ့ သားတင် မတင် မြင်တာနဲ့သိတယ်၊ ဟဲဟဲ ဆင်မကြီးမိဖြူ သားတင်တာကို ကျုပ်ကလွဲပြီး ဘယ်သူမှ မပြောနိုင်သေးဘူး၊ ကိုယ်ဝန်ရင့်မာတော့မှ အခြားဆင်သမားတွေ သိလိမ့်မယ်၊ ကျုပ်ကတော့ မြင်တာနဲ့ သား တင်မတင် ပြောနိုင်တယ် ''

ဟု ဂုဏ်ယူဟန်ဖြင့်ပြောလေ၏။

ရာဇာသည် ထိုနေ့က ဆင်မကြီးမိဖြူကို တစ်နေကုန်အောင် ထိုင်ကြည့်၍ နေလေ၏။





သူသည် နောက်နေ့များတွင် ကျောင်းမှပြန်လာသည့်အခါ တိုင်း ဆင်စခန်းသို့သွားနေလေ၏။

ရာဇာသည် ဆင်စခန်း၌ ဆင်လုပ်သားများနှင့် အဖွဲ့ကျနေပြီဖြစ်၏။

ဆင်လုပ်သားများသည် ဉာဏ်ရည်ဉာဏ်သွေးထက်၍ ရိုးသားပွင့်လင်းသော ရာဇာကို ချစ်ခင်ကြ၏။ ရာဇာသည် ရွာထဲတွင် ရွယ်တူကလေးများနှင့်ဆော့ကစားခြင်းကို ပျော်ရွှင်ခြင်းမရှိပေ။

ရွာထဲရှိကလေးများသည် ရာဇာကို အဖေမရှိသောသား အဖြစ်နှိမ်ချဆက်ဆံလေ့ရှိ၏။

သူနှင့်အိမ်ဝိုင်းတစ်ခုတည်းတွင်နေထိုင်သော လော်ပန်ကြီး၏ မယားကြီး မယားငယ်၏သမီးများသည် အဆိုးဆုံးဖြစ်၏။

၎င်းတို့သည် အပျိုပေါက်အရွယ်သို့ရောက်နေသည့်တိုင် ရာဇာအား မျိုးမစစ်သားဟု မကြားတကြားခေါ်ဝေါ်လေ့ရှိ၏။

ရာဇာသည် လူမှန်းသိစအရွယ်ကပင် ထိုသို့ခေါ်ဝေါ်ခြင်းခံလာရသဖြင့် များစွာစိတ်ဆင်းရဲခြင်းမရှိတော့ပေ။

ထို့ကြောင့်ပင် ဆင်လုပ်သားများကြားတွင် သူပျော်ရွှင်နေခြင်းဖြစ်တန်ရာ၏။

ဆင်လုပ်သားများ၏ဘဝသည် ကြမ်းတမ်းခက်ထန်ပြီး စားဝတ်နေရေးခက်ခဲလှ၏။ မည်သို့ပင်ဖြစ်စေ ဆင်သမားများသည် မိမိဘဝနှင့် မိမိ ပျော်ရွှင်အောင် နေထိုင်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာသည် ဆင်ဦးစီးများနှင့် သွားရောက်ပေါင်းသင်းရင်းနှီးတို့ထံမှ ဆင်နှင့်ပတ်သက်သော ဗဟုသုတမျိုးစုံကိုကြားရလေ၏။

ဆင်သမားကြီးဘိုးသာဦးက ဆင်နှင့်ပတ်သက်၍ များစွာ သင်ပြပေးလေ၏။

ထိုကဲ့သို့ သင်ပြပေးရာတွင် ရာဇာ စိတ်အဝင်စားဆုံးမှာ တောဆင်ရိုင်းများကို ဖမ်းဆီးခြင်းနှင့်ပတ်သက်သောဗဟုသုတပင် ဖြစ်၏။

ဆင်သမားကြီး ဘိုးသာဦးက

'' တို့နိုင်ငံမှာဆင်ဖမ်းရင် ဆင်ကို ကြိုးကွင်းစွပ်ပြီးဖမ်းတာနဲ့ ကျုံးသွင်းပြီး ထောင်ဖမ်းတာဆိုပြီး နှစ်မျိုးရှိတယ်၊ မေ့ဆေးသေနတ်နဲ့ပစ်ပြီး ဖမ်းတဲ့နည်းလဲရှိတယ်၊ တောထူထပ်တဲ့နေရာတွေမှာတော့ ဆင်ကို ကျုံးသွင်းပြီး မဖမ်းကြဘူး၊ မေ့ဆေးသေနတ်နဲ့ပစ်ဖမ်းတာတို့၊ ကြိုးကွင်းစွပ်ပြီးဖမ်းတာတို့ကို အသုံးပြုကြတယ်၊ ငါတို့တိုင်းရင်းသားတွေက ဆင်ကို မေ့ဆေးသေနတ်နဲ့ပစ်ပြီးဖမ်းရင် ဆင်ရဲ့ဉာဏ် ထိုင်းသွားပြီး ခိုင်းလို့မကောင်းဘူးလို့ ယူဆကြတယ်၊ ဒါကြောင့် ကြိုးကွင်းစွပ်ပြီး ဖမ်းတဲ့နည်းကိုပဲ အသုံးပြုကြတယ်၊ ကြိုးကွင်းစွပ်ပြီးဖမ်းတဲ့နည်းဟာ အန္တရာယ်အများဆုံးပဲကွ ''

ဟုပြောလေရာ ရာဇာက စိတ်ဝင်စားစွာဖြင့်

'' ဆင်ရိုင်းတွေကို ကျုံးသွင်းပြီးဖမ်းတာကျတော့ရော ''

ဟုမေးမြန်းလေ၏။ ဆင်သမားကြီးဘိုးသာဦးက ဆက်လက်၍

'' ပထမဦးဆုံး ဆင်ဖမ်းသမားတွေက တောနက်ထဲမှာ ဆင်ရိုင်းတွေရဲ့သွားလာပုံကိုလေ့လာရတယ်၊ ပြီးတော့မှ တောဆင်ရိုင်းတွေဖြတ်သန်းသွားလာလေ့ရှိတဲ့လမ်းကို ရွေးချယ်ပြီး ဆင်ကျုံး တည်ဆောက်ရတယ်၊ ဒီလိုတည်ဆောက်တဲ့နေရာမှာ တောင်ကုန်းလဲမဟုတ်၊ မြေပြန့်သက်သက်လဲမဟုတ်တဲ့ ဆင်ခြေလျောနေရာမျိုး ကိုရွေးပြီး ဆင်ကျုံးကို တည်ဆောက်ရတယ်၊ ဆင်ရိုင်းတွေ ဖမ်းမိရင် လေ့ကျင့်ပေးဖို့ လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့နေရာ၊ စမ်းချောင်း ရေအိုင်တွေနဲ့ နီးတဲ့နေရာကိုရွေးပြီး တည်ဆောက်လေ့ရှိတယ်၊ ဆင်ကျုံးဆောက်ပြီးရင် ဆင်တွေကို ကျုံးထဲကို မောင်းသွင်းရတာ ပျော်စရာလဲကောင်းတယ်၊ ပင်လဲအလွန်ပင်ပန်းကြတယ်၊ ဆင်တွေကို ကျုံးထဲကိုမောင်းသွင်းဖို့ ပေထုပ်တွေ၊ ဗျောက်အိုးတွေကို သုံးရတယ်၊ ဗျောက်အိုးကို မီးရှို့ပြီး ဖောက်ရင် တောဆင်ရိုင်းတွေ လန့်ပြီး ကျုံးဘက်ကိုပြေးကြတယ်၊ ပေထုပ်ကိုတော့ ကျောက်တုံးတွေ၊ သစ်ပင်တွေကို ပစ်ဖောက်ရင် တဒိုင်းဒိုင်းအသံတွေမြည်ပြီး ဆင်တွေကို မောင်းထုတ်ရတယ် ''

ဟုပြောလေရာ ရာဇာသည် ဆင်သမားကြီး၏စကားကိုစိတ်ဝင်စားစွာနားစွင့်နေမိ၏။

သူကိုယ်တိုင် တောထဲသို့ဝင်၍ ဆင်ဖမ်းထွက်ရန် စိတ်အားတက်ကြွနေမိ၏။

ဆင်သမားကြီးဘိုးသာဦးက ဆက်လက်၍

'' ဆင်ဖမ်းအဖွဲ့တွေဟာ တောဆင်ရိုင်းအုပ်စုတွေကို ကျုံ့တဲ့ဘက်ကို မောင်းသွင်းရတယ်၊ အဲဒါကိုမောင်းတဲ့အခါမှာ ဗျောက်အိုးတွေ၊






www.burmeseclassic.com

www.burmeseclassic.com



ပေသီးတွေကို တဒိုင်းဒိုင်း မဖောက်ဘဲ ညင်ညင်သာသာလေး မောင်းသွင်းရတယ်၊ ဒီလိုနဲ့ ဆင်ရိုင်းအုပ်ဟာ ဆင်ကျုံးနဲ့ နီးလာတော့မှ ဒယ်မှိုက်တွေကို မီးရှို့ပြီး ဆင်တွေကိုမီးနဲ့ပိတ်ရတယ်၊ ဆင်တွေဟာ မီးကိုအတော်ကြောက်တဲ့အတွက် နောက်ကြောင်းကို မပြန်ဝံ့တော့ဘဲ ကျုံးရှိရာဘက်ကို ဆက်သွားတယ်၊ ဒီတော့မှ တောဆင်ရိုင်းတွေကို ဆင်ဖမ်းသမားတွေက ကျုံးထဲကို ပေထုပ်၊ ဗျောက်အိုးတွေဖောက်ပြီး ခြောက်လှန့်သွားရတယ်၊ ဒီအချိန်မှာတော့ ဆင်ဖမ်းသမားတွေအတွက် ပျော်စရာကောင်းတယ်ကွ၊ ပေထုပ်တွေ ဗျောက်အိုးတွေ တဒိုင်းဒိုင်းဖောက်ပြီး ဆင်တွေကို အော်ဟစ်ပြီး ခြောက်လှန့်ရတယ် ''

ဟုပြောလေရာ ရာဇာသည် စိတ်လှုပ်ရှားစွာဖြင့်

'' ဟီးဟီး ပျော်စရာကြီးနော်၊ နောက်တစ်ကြိမ်ဆင်ကျုံးသွင်းရင် ကျုပ်လဲလိုက်ချင်လိုက်တာ ''

ဟုပြောလေ၏။ ဆင်သမားကြီး ဘိုးသာဦးကခေါင်းကိုခါ၍

'' ငါတို့နယ်မှာ ဆင်ကျုံးမသွင်းတာကြာပြီကွ၊ မီလာရှိကာနည်းနဲ့ပဲ ဆင်ဖမ်းလေ့ရှိတယ် ''

ဟုပြောလေရာ ရာဇာက စိတ်ဝင်စားစွာဖြင့်

'' မီလာရှိကာဆိုတာဘာလဲ ''

ဟုမေးမြန်းလေ၏။ ဘိုးသာဦးက ခေါင်းညိတ်၍

'' မီလာရှိကာဆိုတာ ကုလားစကားကွ၊ ကြိုးကွင်းစွပ်ဖမ်းတယ်လို့အဓိပ္ပာယ်ရတယ်၊ ဆင်ကို ကြိုးကွင်းစွပ်ဖမ်းတဲ့နည်းဟာ အိန္ဒိယ





က လာတဲ့နည်းကွ၊ ဟူးကောင်းတောင်ကြားဘက်မှာတော့ မီလာရှိကာလို့မခေါ်ဘူး၊ မဂွေဂျစ်လို့ခေါ်တယ်၊ မဂွေဆိုတာ ကချင်စကားနဲ့ ဆင်လို့အဓိပ္ပာယ်ရတယ်၊ ဂျစ်ဆိုတာက ချည်နှောင်တာကို ဆိုလိုတယ်၊ ဒါကြောင့် မဂွေဂျစ်ဆိုတာ ဆင်ကိုဖမ်းဆီးချည်နှောင်တယ်ပေါ့ကွာ ''

ဟုပြောလေ၏။ ထိုအခါ ရာဇာက စိတ်ဝင်စားစွာဖြင့် ဘိုးသာဦးကြီးကိုကြည့်၍

'' ဆင်ကို ဘယ်လိုကြိုးနဲ့ပစ်ဖမ်းတာလဲ ''

ဟုမေးမြန်းလေ၏။ ဆင်သမား ဘိုးသာဦးက

'' ပီလောပီနံလျှော်နဲ့လုပ်ထားတဲ့ကြိုးကွ၊ သိပ်ခိုင်တယ်၊ ပီလောပီနံလျှော်ကြိုးကို ပေ ၅၀ လောက်ရှည်အောင် လက်နဲ့ စိတ်ရှည်လက်ရှည် ကျစ်ရတယ်၊ ကြိုးကိုလက်နဲ့ကျစ်ပြီး မိုးရေမစိုအောင် ထားရတယ်၊ မိုးရေမစိုမှ ဆင်ဖမ်းလို့ကောင်းတယ်၊ မိုးရေစိုသွားရင် ကြိုးခေါက်ပြီး ပစ်လို့မကောင်းတော့ဘူး၊ ကြိုးအရှည်ကလဲ ပေ ၅၀ လောက်မှ ကောင်းတယ်၊ ကြိုးသိပ်တိုရင်လဲ ဆင်ကိုပစ်ဖမ်းလို့ မရတော့ဘူး ''

ဟုပြောလေရာ ရာဇာက မျက်လုံးများအရောင်တဖျတ်ဖျတ်တောက်လာပြီး

'' ကျုပ်ကြီးလာရင် ဆင်ဖမ်းသမားလုပ်မယ်ဗျာ ''

ဟုပြောလိုက်လေ၏။

ဘိုးသာဦးကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' မင်းအဖေ လော်ပန်းကြီးဟာ ငယ်ငယ်က ဆင်ဖမ်းသိပ်



www.burmeseclassic.com

ကောင်းတဲ့ မီလာရှီကာကြီးပေါ့ကွာ၊ သူပိုင်တဲ့ဆင်တွေအားလုံးဟာ ဝယ်ထားတာ တစ်ကောင်မှမရှိဘူး။ သူကိုယ်တိုင်ပစ်ဖမ်းထားတဲ့ ဆင်တွေချည်းပဲ ''

ဟုပြောလေရာ ရာဇာက ခေါင်းညိတ်၍

'' အန္တရာယ်တော့ သိပ်များမှာပဲနော် ''

ဟုပြောလေရာ ဘိုးသာဦးကြီးက

'' တောဆင်ရိုင်းဟာ အလွန်ခွန်အားသန်မာပြီး ရိုင်းစိုင်းကြမ်းတမ်းတဲ့သတ္တဝါပဲကွာ၊ အန္တရာယ်ကြီးတာပေါ့၊ ကုန်းသတ္တဝါထဲမှာ ဆင်ဟာ ခွန်အားအသန်မာဆုံးပဲ၊ ဒီလိုသတ္တဝါမျိုးကို ကြိုးကွင်းပစ်ဖမ်းတယ်ဆိုတာ ဘယ်လောက်အန္တရာယ်ကြီးသလဲ၊ ဆင်ကိုဖမ်းဖို့ကြိုးက အရေးကြီးတယ်၊ အကောင်းဆုံးကြိုးတစ်ချောင်းကို ရဖို့လိုတယ်၊ ဆင်ဖမ်းမဲ့လူဟာ တစ်ယောက်တည်းဖမ်းလို့မဖြစ်နိုင်ဘူး၊ ဆင်နောက်လိုက်တစ်ယောက်လိုတယ်၊ ဆင်နောက်လိုက်က ဆင်ဖမ်းမဲ့သူကို အကူအညီအများကြီးပေးနိုင်တယ်၊ ဆင်ရိုင်းကို ဖမ်းမဲ့ ဆင်ယဉ်ကလဲ ခွန်အားသန်မာပြီး လိမ္မာရေးခြားရှိဖို့လိုတယ်၊ ဆင်ရိုင်းက ခွန်အားသန်မာရင် ဆင်ယဉ်မခံနိုင်ဘူး၊ တစ်ခါတလေ ဆင်ရိုင်းက ခန္ဓာကိုယ်ချင်းယှဉ်တိုက်ရင် ဆင်ပေါ်မှာပါလာတဲ့ ဆင်ဖမ်းသမားနဲ့ ဆင်နောက်လိုက်ဟာ ဆင်ပေါ်က ပြုတ်ကျနိုင်တယ်၊ ဆင်ရိုင်းက ဆင်ယဉ်ကို အစွယ်နဲ့ထိုးတဲ့အတွက် ဆင်ယဉ် ဖင်ထိုင်ကျတာလဲရှိတယ်၊ ဆင်ယဉ် ဖင်ထိုင်ကျရင်တော့ ဆင်ပေါ်မှာ လိုက်လာတဲ့ ဆင်ဖမ်းသမားနှစ်ယောက်ရဲ့အသက်ကို





ဖက်နဲ့ထုပ်ထားပေတော့၊ တောဆင်ကို ဆင်ယဉ်နဲ့မီအောင်လိုက်ပြီး ကြိုးကွင်းပစ်ဖမ်းတာဆိုတော့ တောဆင်ဟာ သူ့ကိုကြိုးကွင်းစွပ်မိသွားရင် ကြောက်လန့်တကြားနဲ့ အသေအလဲပြေးတော့တယ်၊ ဒီလိုပြေးတဲ့အခါ ကြိမ်တော ချုံတောထဲကို အရှိန်အဟုန်နဲ့ပြေးတာဆိုတော့ ကြိုးကွင်းပစ်ပြီး ဆင်ယဉ်နဲ့ လိုက်လာတဲ့ ဆင်သမားနှစ်ယောက်ဟာ အန္တရာယ်သိပ်ရှိတယ်၊ ဆင်တွေရဲ့ပြေးနှုန်းဟာလဲ ကားတစ်စီးလောက်မြန်တယ်၊ ကြောက်လန့်ပြီး ပြေးနေတဲ့ဆင်ဟာ ကြိမ်တော ချုံတောထဲကို အဟုန်ပြင်းပြင်းနဲ့ပြေးလေ့ရှိတယ်၊ ဆင်ရဲ့အရေပြားဟာ အင်မတန်ထူတဲ့အတွက် ကြိမ်တော ချုံတောကို မကြောက်ဘူး၊ ဒါပေမယ့် ဆင်ပေါ်မှာလိုက်လာတဲ့ ဆင်သမားနှစ်ယောက်ကတော့ သစ်ပင်ကြီးတွေနဲ့တိုက်မိ ပြီး ကိုယ်ခန္ဓာစိစိညက်ညက်ကျေသွားနိုင်တယ်၊ ဒါကြောင့် ဆင်ပေါ်မှာထိုင်လိုက်ရုံနဲ့ မရဘူး၊ တစ်ခါတလေ သစ်ပင်ကြီးတွေနဲ့တိုက်မိမှာစိုးလို့ ဆင်ရဲ့ဝမ်းဗိုက်အောက်၊ နားရွက်အောက်တွေမှာ ပုန်းကွယ်ပြီး လိုက်ရတယ်၊ ဒါတောင် သစ်ပင်နဲ့ရိုက်မိလို့ ပြုတ်ကျတဲ့ဆင်သမားတွေ၊ ဆင်နဲ့သစ်ပင်ကြားမှာညှပ်ပြီး ခန္ဓာကိုယ်စိစိညက်ညက်ကျေသွားတာတွေ အများကြီးရှိတယ် ''

ဟုပြောရင်း ဘိုးသာဦးကြီးက သူ၏စကားကို ခဏမျှရပ်နားပြီး ဆေးပြင်းလိပ်ကို မီးညှိလိုက်လေ၏။

ရာဇာက စိတ်ဝင်တစား နားထောင်နေရာမှ

'' ကြောက်စရာကြီးနော်၊ ဆင်ဖမ်းရင်း အချိန်ရွေး သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ် ''

ဟုရေရွတ်လေ၏။

ဘိုးသာဦးကြီးက ခေါင်းညိတ်၍

'' ဆင် ရိုင်းဟာ ခေါင်းကိုကြိုးကွင်းစွပ်ခံရတာနဲ့ ကြောက်လန့်တကြားပြေးတော့တာပဲ၊ ဆင်ရိုင်းဟာ ပြေးပြီဆိုရင် ဆင်ယဉ်က ကြိုးတန်းလန်းနဲ့အပြေးလိုက်ရတယ်၊ ဆင်ရိုင်းက အလွန်မြန်လို့ ဆင်ယဉ်က မလိုက်နိုင်ရင် ကြိုးတင်းခနဲဖြစ်သွားတယ်၊ ဆင်ရိုင်းနဲ့ ဆင်ယဉ် အားပြိုင်တဲ့ပွဲမှာ ဆင်ရိုင်းကအားသန်ရင် ဆင်ယဉ်က တရွတ်တိုက်ပါသွားတတ်တယ်၊ ဒီအခါမျိုးမှာလဲ အန္တရာယ်ကြီးတာပဲ၊ ဆင်ရိုင်းဟာ နှစ်ဖာလုံလောက်ပြေးပြီးရင် မောလာပြီး တဖြည်းဖြည်း ပြေးအားလျော့လာတယ်၊ ဒီအခါမျိုးကိုရောက်မှ ဆင်နှစ်ကောင် ကြားမှာရှိတဲ့ကြိုးကို တဖြည်းဖြည်းစုစည်းပြီး ဆင်နှစ်ကောင်ကို နီးအောင်လုပ်ရတယ်၊ ဆင်နှစ်ကောင်နီးလာပြီး ဘေးချင်းယှဉ်မိပြီဆိုရင် ဆင်ယဉ်က တောဆင်ရိုင်းကိုတွဲပြီး ဆင်စခန်းကိုခေါ်လာရတယ်''

ဟုပြောလေရာ ရာဇာက စိတ်ဝင်စားစွာဖြင့်

'' ဆင်ရိုင်းက ဆင်စခန်းကို အေးအေးဆေးဆေးလိုက်လာတာပဲလား ''

ဟုမေးမြန်းလေ၏။ ဘိုးသာဦးကြီးကခေါင်းခါ၍

'' မဟုတ်ဘူးကွ၊ ဆင်နှစ်ကောင်ယှဉ်မိတဲ့အခါမှာ ဆင်ဖမ်းသမားက တောဆင်ရိုင်းရဲ့နားရွက်ကို သွေးထွက်အောင် ဓားနဲ့လှီး





လိုက်ရတယ်၊ ဆင်ရဲ့နားရွက်ဟာ နူးညံ့ပျော့ပျောင်းပြီး အနာမခံနိုင်တဲ့အတွက် နားရွက်ကို သွေးထွက်အောင်ဓားနဲ့လှီးလိုက်တာဟာ ဆင်ကို အနိုင်ယူလိုက်တဲ့သဘောပဲ၊ ဆင်ရိုင်းဖမ်းတဲ့အခါမှာ ကြောက်စရာကောင်းတဲ့အချက်တစ်ချက်ရှိသေးတယ်၊ အဲဒါကတော့ ဖမ်းမိထားတဲ့ဆင်ရိုင်းကို တောထဲက ဘဝတူဆင်ရိုင်းတွေက ဝိုင်းအကူအညီပေးတာရှိတယ်၊ သူတို့ဟာ ဆင်ရိုင်းကို အတင်းဝင်လုပြီး ပြန်ဆွဲခေါ်တတ်တယ်၊ ဆင်ယဉ်ကိုလဲ ဆင်ရိုင်းတွေဝိုင်းပြီး အစွယ်နဲ့ထိုးတတ်တယ်၊ ရွာတောင်ပိုင်းက ဆင်ဖမ်းသမား ဘိုကောင်းကြီး သေတာတောဆင်ရိုင်းတွေ အန္တရာယ်ပြုန်ပေးလို့ပေါ့၊ ဘိုကောင်းကြီးဟာ ဆင်ယဉ်ပေါ်မှာ ဆင်နောက်လိုက်အဖြစ်ရှိနေတုန်း တောဆင်ရိုင်းတွေဟာ အိမ်ဆင်ကို အစွယ်နဲ့ထိုးတော့ အိမ်ဆင်လန့်ပြေးတယ်၊ အဲဒီမှာ ဘိုကောင်းကြီး ဆင်ပေါ်ကပြုတ်ကျပြီး ဆင်ရိုင်းတွေနင်းတာ ခံလိုက်ရတယ်၊ ဆင်ဖမ်းလို့ရတဲ့ဆင်ကို ဝေစုခွဲတဲ့အခါမှာ ဆင်ဖမ်းသမားက ခြေတစ်ချောင်းရတယ်၊ လော်ပန်က ခြေတစ်ချောင်းရတယ်၊ အလုပ်သမားအဖွဲ့က ခြေတစ်ချောင်းရတယ်၊ ကျန်တဲ့ ခြေတစ်ချောင်းကိုတော့ စရိတ်အဖြစ်သတ်မှတ်လိုက်တယ်ကွ၊ သဘောကတော့ကွာ ဆင်တစ်ကောင်ရဲ့တန်ဖိုးကို လေးပုံပုံပြီး ခွဲဝေယူလိုက်တဲ့သဘောပဲ၊ ဆင်နောက်လိုက်ကတော့ ဝေစုအနေနဲ့ သပ်သပ်မရဘူး၊ သူ့ဝေစုက အလုပ်သမားအဖွဲ့ထဲမှာပဲပါတယ်၊ ဒါပေမယ့် ဆင်နောက်လိုက်လုပ်ရာကနေ အဖွဲ့အကြီးရလာရင် ဦးဆောင်ဆင်ဖမ်း သမားလုပ်နိုင်တယ်၊ မီး[illegible]ရှိကာ



www.burmeseclassic.com

ဖြစ်တဲ့အခါ ဆင်တစ်ကောင်ရဲ့ လေးပုံတစ်ပုံကိုရရှိနိုင်တယ်ကွ ''

ဟုပြောလေရာ ရာဇာသည် စိတ်အားတက်ကြွစွာ နားထောင်နေရာမှ လက်သီးဆုပ်၍

'' ကျုပ်လဲ တစ်နေ့မှာ မီလာရှိကာဖြစ်အောင် လုပ်မယ် ''

ဟုကြုံးဝါးလိုက်လေရာ ဘိုးသာဦးကြီးက ရယ်မော၍

'' မင်းက လော်ပန်ကြီးဖြစ်မှာပါကွာ၊ လော်ပန်ကြီးရဲ့သားဟာ လော်ပန်ပဲဖြစ်တော့မှာပေါ့ကွ ''

ဟုပြောလေတော့၏။ ရာဇာသည် ဆင်မကြီးမိဖြူ သားတင်သည်ဟူသောအချိန်မှစ၍ ဆင်စခန်းတွင်သာ အချိန်ကုန်လေ၏။





တစ်နေ့သ၌ လော်ပန်ကြီးသည် ဆင်မကြီးမိဖြူကို လာရောက်ကြည့်ရှုသည်နှင့်ကြုံလေ၏။

လော်ပန်ကြီးသည် ဆင်မကြီးရှေ့တွင်ရပ်၍ စိတ်ဝင်စားစွာကြည့်ရှုနေသော ရာဇာကိုကြည့်၍ ဆင်များနှင့်ပတ်သက်၍ ဝါသနာကြီးပုံကို အံ့သြနေမိ၏။

သူငယ်စဉ်ကလည်း ဤအတိုင်းပင်မဟုတ်ပါလား။

သူ ငယ်စဉ်က ရွာထဲရှိကလေးငယ်များ ဆော့ကစားနေစဉ် ဆင်စခန်းသို့ ရောက်ရှိနေတတ်၏။ ဤကလေးသည် သူ၏သေ...င် ဖြစ်လေမလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



လော်ပန်ကြီးသည် ရာဇာ၏ပခုံးကိုပုတ်၍

" မင်း ဘာဖြစ်လို့ ဆင်စခန်းကို နေ့တိုင်းလာနေတာလဲ "

ဟုမေးမြန်းလိုက်၏။ ရာဇာက ဆတ်ခနဲလှည့်ကြည့်၍ လော်ပန်ကြီးကိုမြင်သောအခါ အံ့ဩသွားပြီး

" ကျုပ် ဆင်တွေနဲ့နေရတာပျော်တယ်၊ ဆင်သမားဖြစ်ချင်တယ်၊ အသက်ကြီးလာရင် မီလာရှိကာလုပ်မယ်၊ ဆင်တွေအများ ကြီးရအောင် ဖမ်းမယ် "

ဟုပြောလေရာ လော်ပန်ကြီးသည် ရင်ထဲတွင်ကြိတ်၍ သဘောကျသွားသည်။

ဤကလေးသည် သူ၏စိတ်ဓာတ်နှင့် ဆင်တူလှချည်လား။

သူ ငယ်စဉ်ကလည်း မီလာရှိကာဘဝကို လွန်စွာအားကျခဲ့၏။ လော်ပန်ကြီးက

" မင်းက လော်ပန်လုပ်ချင်လို့ ဆင်တွေအများကြီးပိုင်ချင်တာလား "

ဟုမေးမြန်းလိုက်၏။ ရာဇာက ခေါင်းခါ၍

" ဟင့်အင်း၊ ကျုပ်က လော်ပန်မလုပ်ချင်ဘူး၊ မီလာရှိကာလုပ်ပြီး ဆင်တွေဖမ်းချင်တာပါ၊ တောထဲက ဆင်ရိုင်းကြီးတွေကိုဖမ်းပြီး ဆင်ယဉ်တွေဖြစ်အောင်လုပ်မယ် "

ဟုပြောလေ၏။ လော်ပန်ကြီးသည် အရွယ်နှင့်မလိုက်အောင် ရည်ရွယ်ချက်ကြီးသော ရာဇာကိုသဘောကျသွား၏။

——— စေတနာတာပေ ———



ထို့ကြောင့် ရာဇာ၏ခေါင်းကိုပုတ်၍ ပထမဆုံးအကြိမ်ချီးမွမ်းလိုက်မိ၏။

" မင်းမဆိုးဘူး၊ ဆင်တွေကိုစိတ်ဝင်စားသားပဲ၊ ငါတို့ရွာမှာ ဆင်တွေကိုစိတ်ဝင်စားတဲ့သူ တဖြည်းဖြည်းနည်းလာပြီး ဆင်သမားတိုင်း ဆင်တွေကို စိတ်ဝင်စားတာမဟုတ်ဘူးကွ၊ ဆင်သမားအချို့က စားဝတ်နေရေးကြောင့်သာ ဆင်သမားဖြစ်နေတာ၊ ဆင်တွေကို စိတ်မဝင်စားဘူး၊ အချို့လဲ သတ္တိမရှိဘူး၊ ဒါကြောင့် အခုနောက်ပိုင်းမှာ မီလာရှိကာတွေ သိပ်နည်းလာပြီ "

ဟု ပြောလေရာ ရာဇာက စိတ်အားတက်ကြွစွာဖြင့် လက်သီးဆုပ်၍

" အဖေက မီလာရှိကာဆို၊ ဆင်တွေကို တောထဲမှာ ထွက်မဖမ်းတော့ဘူးလား "

ဟု မေးမြန်းလေ၏။

လော်ပန်ကြီးက ခေါင်းခါယမ်း၍

" ငါ့အသက်ကြီးပြီကွ၊ ငယ်ငယ်တုန်းကလို မဖျတ်လတ်တော့ဘူး၊ မီလာရှိကာအလုပ်က လျင်မြန်ဖျတ်လတ်ဖို့ အရေးကြီးတယ်၊ ကျွမ်းကျင်မှုလဲ အများကြီးလိုတယ် "

ဟုပြောလေ၏။ ရာဇာက လက်သီးဆုပ်၍

" ကျုပ်ကြီးလာရင်တော့ မီလာရှိကာအလုပ်ကို လုပ်နိုင်အောင်လုပ်မယ်၊ ဆင်တွေကို အများကြီးဖမ်းမယ် "

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့၏ အနောက်သို့ ဆင်သမားကြီး ဘိုးသာဦးရောက်လာပြီး

'' ဒီကောင်လေး မီလာရှိကာဖြစ်မှာသေချာတယ် လော်ပန်ကြီး၊ လော်ပန်ကြီးရဲ့ သွေးမို့လို့လားမသိဘူး၊ ဆင်တွေကို အတော်စိတ်ဝင်စားတယ်၊ အခု သူဆင်စခန်းကိုလာတိုင်း ဆင်တွေရဲ့ အကြောင်းကို သင်ပြပေးနေရတယ်၊ မီလာရှိကာပညာကိုလည်း ဒီအရွယ်ကတည်းက စတင်လေ့ကျင့်နေပြီ ''

ဟုပြောလေ၏။ လော်ပန်ကြီးသည် မျက်လုံးပြူးသွားပြီး

'' ဒီအရွယ်လေးနဲ့ မီလာရှိကာပညာကို ဘယ်လို လေ့ကျင့်တာလဲ ''

ဟု မေးမြန်းလေ၏။

ဆင်သမားကြီး ဘိုးသာဦးက ရယ်မော၍

'' လော်ပန်ကြီးသားက အသက်ဆယ့်သုံးနှစ်ဆိုပေမယ့် (၁၅) နှစ်သားလောက် သန်မာတယ်၊ ဒါကြောင့် ပိလောပိနံလျှော်နဲ့ ကြိုးကျစ်နည်းကို စသင်ပေးနေရပြီ၊ မီလာရှိကာတစ်ယောက်ဟာ ဆင်ရိုင်းဖမ်းဖို့ ကြိုးကို ကိုယ်တိုင်ကျစ်တတ်ဖို့ လိုတယ်လေ၊ လော်ပန်ကြီးသားကိုယ်တိုင်ကျစ်တဲ့ ကြိုးတစ်ချောင်းတောင် ရှိနေပြီ။ သူဟာ ကြိုးရတာနဲ့ ညနေတိုင်း အဲဒီကြိုးခွေကြီးကို တောင်စောင်းဘက်ကို ယူသွားပြီး မီလာရှိကာလုပ်ဖို့ လေ့ကျင့်တယ်လေ၊ ကျောက်တုံးတွေ၊ သစ်ငုတ်တွေကို တောင်စောင်းမှာ ရိုက်ထားပြီး မီလာရှိကာကြိုးပစ်လေ့ကျင့်တယ် ''





ဟု ပြောလေ၏။ လော်ပန်ကြီးသည် အံ့သြရပြန်၏။

သူငယ်စဉ်ကလည်း မီလာရှိကာဖြစ်ချင်လှ၍ ဆင်ဖမ်းကြိုးကြီးကို တောင်းယူ၍ သစ်ပင်များ၊ တိုင်ငုတ်များကို ကြိုးပစ်လေ့ကျင့်လေ့ရှိ၏။

ဤကလေး၏ ဗီဇသွေး၌ ဆင်များနှင့်ပတ်သက်၍ များစွာ ဝါသနာရှိပုံရ၏။

ထို့ကြောင့် ရာဇာကို နှစ်သက်သလို ရှိလာပြီး ခေါင်းကိုပုတ်၍

'' မင်းဝါသနာပါရင် ရှေ့ဆက်ပြီး ကြိုးစားပေတော့၊ ဒီအရွယ်လောက်ကတည်းက သေသေချာချာ ကြိုးစားသွားရင် တစ်နေ့မှာ အတော်ဆုံး မီလာရှိကာဖြစ်မှာသေချာတယ်၊ ငါငယ်ငယ်တုန်းက အတော်ဆုံး မီလာရှိကာတစ်ယောက် ဖြစ်ခဲ့တယ်လေ ''

ဟု ပြောလေ၏ ရာဇာက စိတ်အားတက်ကြွစွာဖြင့် လက်သီးဆုပ်၍

'' ကျုပ်လဲ အဖေ့လို အတော်ဆုံး မီလာရှိကာဖြစ်ရမယ် ''

ဟု ကြုံးဝါးလိုက်လေ၏။

ရာဇာ၏ အဖေဟုခေါ်လိုက်သောစကားကြောင့် လော်ပန်ကြီးသည် မမြရင်၏ မျက်နှာကို မြင်ယောင်လိုက်၏။

မမြရင်နှင့် မင်္ဂလာဦးညကို သတိရပြီး ပွတ်ချွန်းဆေးလိပ်တိုလေးများကို မြင်ယောင်ပြန်၏။

ထိုအခါ လော်ပန်ကြီး၏ မျက်နှာတင်းမာသွားပြီး ရာဇာကို စကားမတုံ့ပြန်တော့ဘဲ အနီးမှ ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာသည် လော်ပန်ကြီး၏ နောက်ကျောကို မျက်စိတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ် (၇)၊ အင်သာကလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။





ရာဇာသည် ရွာဦးကျောင်းမှ စာပေပညာများကိုလည်း ကြိုးစားသင်ယူ၏။

သူသည် ရွာဦးကျောင်း ဆရာတော်ကြီးကို ခွင့်ပန်၍ ညနေသုံးနာရီခန့် ဆင်စခန်းကို ရောက်အောင်သွားလေ၏။

ဆရာတော်ကြီးသည် ရာဇာ၏ ဆင်များကို ဝါသနာပါပုံကိုကြည့်၍ ကျောင်းမှ စောစောလွှတ်ပေးလေ၏။

ရာဇာသည် ဆင်စခန်းသို့ ရောက်ပြီး ဆင်များကို သာမဏ စိတ်ဝင်စားသော အရာများ တဖြည်းဖြည်း တိုးပွားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဆင်စခန်းရှိ ဆင်လုပ်သားများသည် နယ်လှည့်၍ သိုင်းပညာသင်ကြားပေးသော ရှမ်းဆရာကြီးတစ်ဦးထံတွင် ကန်တော့ပွဲများထိုး၍ သိုင်းပညာသင်ကြားရန် ပြင်ဆင်လေ၏။

ရှမ်းဆရာကြီးက ဤအရပ်တွင် သုံးလခန့်နေထိုင်ပြီး သိုင်းပညာသင်ယူလိုသော ဆင်သမားများကို သင်ပြပေးမည်ဆို၏။

ဆင်သမားအချို့သည် ဆရာကြီးထံတွင် သိုင်းပညာစတင်သင်ယူလေ၏။

ရာဇာသည် ဆင်သမားများ သိုင်းပညာသင်ယူနေသော ပထမဆုံးနေ့မှာပင် ရှမ်းဆရာကြီး၏ တပည့်အဖြစ်ခံယူခဲ့၏။

ရှမ်းဆရာကြီးထံတွင် သိုင်းသင်သူများအနက် ရာဇာသည် အသက်အငယ်ဆုံးဖြစ်၏။

ရှမ်းဆရာကြီးသည် အသက် (၆၀) ခန့်ရှိသော်လည်း လွန်စွာလျှင်မြန်ဖျတ်လတ်၏။

တောထဲတောင်ထဲတွင် နေထိုင်ပြီး အကြမ်းခံနိုင်သော ဆင်သမား (၆) ယောက်ကို သူ့အား ဝိုင်းဝန်းထိုးကြိတ်စေပြီး စက္ကန့်ပိုင်းလေးအတွင်းမှာပင် ဆင်သမားများကို မြေပေါ်သို့ လှဲချနိုင်၏။

ဆင်သမားများသည် အသက်ငယ်ရွယ်၍ ခွန်အားသန်မာသူများဖြစ်သော်လည်း ဆရာကြီးကို မယှဉ်နိုင်ကြချေ။

ဆရာကြီးသည် သူ၏လက်သီးဖြင့် ဝါးပိုးဝါးကို ကွဲအောင်ထိုးပြနိုင်၏။





တတောင်ဖြင့်လည်း ထောင်းပြနိုင်၏။

ဆရာကြီး၏ သင်ပြမှုများသည် အလွန်ကောင်းမွန်သော်လည်း လေ့ကျင့်မှု ပြင်းထန်လွန်းသောကြောင့် တစ်လအတွင်း သင်တန်းသားတစ်ဝက်ခန့် လျော့သွား၏။ ဆရာကြီးက ကျန်သူများကို ကြည့်၍ ကွမ်းကို တဖျစ်ဖျစ်ဝါးလိုက်ပြီး

'' အနာခံမှ အသာစံရမယ်ဟေ့၊ ချွေးထွက်များမှသွေးထွက်နည်းမယ်၊ ယောက်ျားမှန်ရင် သွေးကောင်းရမယ်၊ သွေးမကောင်းတဲ့လူ ထဘီဝတ်ထားပေတော့ ''

ဟု ကြိုးဝါးလေ့ရှိ၏။ ရာဇာသည် အသက်အငယ်ဆုံး သင်တန်းသားဖြစ်သော်လည်း အားလုံးထဲတွင် အတက်ကြွဆုံးဖြစ်၏။

ဆရာကြီး၏ သင်တန်းကာလတစ်ဝက်ကျိုးသောအခါ ဆင်သမားငါးယောက်သာကျန်တော့၏။

ထိုသူများသည်လည်း ဆရာကြီး သင်တန်းမှ မကြာမီ ထွက်ပြေးတော့မည့်ဟန်ပန်ရှိ၏။

ရာဇာတစ်ယောက်သာ စိတ်အားအတက်ကြွဆုံး သင်တန်းသားအနေဖြင့် ကျန်ရှိတော့၏။

ရှမ်းဆရာကြီးက ဆင်သမားများက ဖွဲ့သတ္တိညံ့ဖျင်းပုံကို ကြည့်၍

'' ငါ အနယ်နယ်အရပ်ရပ်လှည့်ပြီး၊ သိုင်းပညာသင်ခဲ့တာကြာပါပြီ၊ ဒီ ဆင်သမားတွေလောက် သူရသတ္တိနည်းတဲ့ကောင်တွေ မမြင်ဖူးဘူး၊ တကယ်တော့ ဒီကောင်တွေဟာ သိုင်းပညာကိုအသနာ



www.burmeseclassic.com

www.burmeseclassic.com



မပါဘူးကွ၊ မသင်ဘူးတဲ့ ပညာရပ်ဖြစ်နေလို့ အထူးအဆန်းအနေနဲ့ ဝင်သင်တာဖြစ်မယ်၊ ဒါကြောင့် မင်းလောက် ဘယ်သူမှ ဇွဲမကောင်းဘူး၊ မင်းကတော့ အရွယ်ငယ်ပေမယ့် သိုင်းပညာကို အတော်ဝါသနာပါပုံရတယ်၊ မင်းလိုကောင်လေးတစ်ယောက်ရှိတာ ဒီကောင်တွေ ဆယ်ယောက်ရှိတာထက် ငါအားရှိတယ်၊ နေပါစေ၊ မင်းတစ်ယောက်တည်း ကျန်ပေမယ့် အခြေခံပညာကိုတော့ တတ်အောင်သင်ပေးလိုက်မယ်၊ ငါသင်ပေးတဲ့ ပညာတွေကို ဆက်ပြီးလေ့ကျင့်သွားရင် တစ်နေ့မှာ သိုင်းသမားတစ်ယောက်ဖြစ်မှာသေချာတယ် ''

ဟုပြောလေ၏။ နောက်တစ်ပတ်ကြာသောအခါ သင်တန်းသားဆို၍ ရာဇာတစ်ယောက်တည်းသာ ရှိတော့လေ၏။

ဆရာကြီးသည် ရာဇာကို သိုင်းပညာရပ်များကို စိတ်ရှည်လက်ရှည် သင်ပြပေးလေ၏။

ရာဇာကလည်း စိတ်ပါဝင်စားစွာ သင်ယူခဲ့လေ၏။

သုံးလပြည့်သောအခါ ဆရာကြီးက သူ၏အထုပ်အပိုးများကို ပြင်ဆင်၍ ဆင်စခန်းမှ ထွက်ခွာရန် ပြင်ဆင်လေ၏။

ထိုအခိုက်မှာပင် လော်ပန်ကြီးရောက်လာပြီး အံ့သြဖွယ်ကောင်းသောစကားကိုဆို၏။ လော်ပန်ကြီးက

'' ဒီကလေးကို ဆရာကြီးဖြစ်နိုင်ရင် ပညာဆက်သင်ပေးပါ၊ ဒီအရပ်မှာနေထိုင်ဖို့ ကိစ္စ ကျွန်တော်တာဝန်ယူပါတယ်၊ သိုင်းပညာသင်ပေးတဲ့အတွက် အခကြေးငွေကိုလဲ မနစ်နာအောင် ပူဇော်ပါမယ် ''





ဟုပြောလေရာ ရာဇာသည် ဝမ်းသာလွန်း၍ ထောင်နံမတတ်ဖြစ်သွားလေ၏။ သိုင်းဆရာကြီးက လော်ပန်ကြီး၏ စကားကြောင့်

'' ကျုပ် မြန်မာပြည်အနှံ့လှည့်ပြီး သုံးနှစ်ပြည့်ရင် ရှမ်းပြည်နယ်ကို ပြန်ဖို့ ဆုံးဖြတ်ထားတယ်၊ လော်ပန်ကြီးကလေးကို ပညာသင်ဖို့ အပ်နှံမယ်ဆိုရင်တော့ မြန်မာပြည်အနှံ့မလှည့်တော့ဘဲ၊ သင်တန်းမှာပဲနေပြီး ပညာသင်ပေးတော့မယ်၊ လော်ပန်ကြီးရဲ့ ကလေးဟာ အရွယ်နဲ့ မလိုက်အောင် ပညာကို ကြိုးကြိုးစားစား သင်ယူတယ်၊ ဒီကောင်လေးဟာ အရွယ်ရောက်လာရင် သိုင်းသမားဖြစ်မှာ သေချာပါတယ် ''

ဟု ပြောလေတော့၏။

လော်ပန်ကြီးသည် ရာဇာကို မည်သို့မည်ပုံစိတ်ကူးပေါက်၍ သိုင်းပညာ သင်ယူခိုင်းသည် မသိ၍ ရာဇာက

'' အဖေက ကျုပ်ကို ဘာဖြစ်လို့ သိုင်းပညာသင်စေချင်တာလဲ ''

ဟု မေးမြန်းလေ၏။ လော်ပန်ကြီးက သက်ပြင်းချ၍

'' ငါ ဆင်စခန်းကို ရောက်တိုင်း မင်းတို့ လူစုသိုင်းသင်နေတာကို မြင်တယ်၊ ဆင်သမားတွေထဲမှာ မင်းက စိတ်အားအတက်ကြွဆုံးပဲ၊ နောက်ပြီးတော့ ဆင်သမားတွေအားလုံး ထွက်ပြေးပေမယ့် မင်းကတော့ တစ်ယောက်တည်း ဆက်ပြီး ပညာသင်တယ်၊ ပညာရပ်တစ်ခုကို စူးစူးစိုက်စိုက်နဲ့ စိတ်နှစ်ကိုယ်နှစ်ပြီး လေ့လာတာကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်၊ ငါငယ်ငယ်တုန်းကလဲ ဒီလိုပဲ၊ ဒီလိုလူမျိုးတွေဟာ ထူးချွန်ပြီး အောင်မြင်လေ့ရှိတယ်၊ ဒါကြောင့် မင်းကို သိုင်းပညာ ဆက်သင်ခိုင်းတာပဲ၊ ငါသွားမယ် ''

ဟု ပြောကာ ကျောခိုင်းထွက်ခွာသွားလေ၏။ ရာဇာသည် လော်ပန်ကြီးက မိမိကို အရေးတယူပြု၍ သိုင်းပညာသင်ကြား အကူအညီပေးခြင်းကို များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်မိ၏။

ညနေစောင်းအိမ်သို့ ပြန်လာသောအခါ မိခင်ကိုဖက်၍ အကျိုးအကြောင်းပြောပြရှာ၏။ မမြရင်က သက်ပြင်းချ၍

'' သားအဖေဟာ တစ်နေ့နေ့တော့ သားကို အသိအမှတ်ပြုမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သားမှာ ဖခင်ရဲ့ ဗီဇသွေးတွေ အများကြီးပါနေတယ်လေ၊ အဲဒီအချိန်ရောက်ရင် သား အဖေ သက်ရှိထင်ရှားရှိမှ ရှိပါတော့မလား မသိဘူး ''

ဟု တီးတိုးရေရွတ်လေ၏။ ဤသို့ဖြင့် ရာဇာသည် ရှမ်းဆရာကြီးထံတွင် သိုင်းပညာကို ဆက်လက်သင်ကြားခွင့် ရလေ၏။





BURMESE CLASSIC .com

လော်ပန်ကြီးသည် သိုင်းဆရာကြီးနေထိုင်ရန် ဆင်စခန်း အနီးတွင် တဲတစ်လုံးဆောက်ပေးပြီး ဆရာကြီး၏ စားဝတ်နေရေးအတွက် ဆင်သမားများကို တာဝန်ပေးထားလေ၏။

ရာဇာသည် ဆရာကြီးထံမှ သိုင်းပညာကို သင်ယူရင်း ဘိုးသာဦးထံမှလည်း ဆင်နှင့်ပတ်သက်သော ပညာများကို သင်ယူလေ၏။

ဆင်မကြီး မိဖြူသည် ဘိုးသာဦးကြီး ခန့်မှန်းသကဲ့သို့ပင် ကိုယ်ဝန်ရင့်မာဟန်ရှိလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ဆင်စခန်းရှိ ဆင်သမားအားလုံး ဆင်မကြီး မွေးဖွားတော့မည်ဟု ယုံကြည်ကြလေ၏။

ဤသို့ဖြင့် ရာဇာသည် ရွာဦးကျောင်းတွင် စာသင်၍ ဘိုးသာဦးထံတွင် ဆင်နှင့် ပတ်သက်သော ပညာကိုသင်၏။

ရှမ်းဆရာကြီးထံတွင် ကိုယ်ခံပညာကို သင်ယူခဲ့လေ၏။

တစ်နေ့သ၌ ရာဇာသည် နံနက်အိပ်ရာနိုးကာစဖြစ်၍ အိပ်ရာပေါ်တွင် ထိုင်နေစဉ် ခြံဝိုင်းထဲသို့ ဆင်သမားတစ်ဦး ရောက်ရှိလာပြီး ရာဇာ၏ အိမ်နံရံကိုပုတ်၍

" ရာဇာ၊ ရာဇာ၊ ဆင်မကြီး မီးဖြူ မွေးပြီကွ "

ဟု အော်ဟစ်ပြောဆိုလေရာ ရာဇာသည် ဝမ်းသာအားရဖြင့် အိပ်ရာမှ ခုန်ထ၍ ပြတင်းပေါက်မှ အောက်သို့ ခုန်ချလိုက်၏။

ထို့နောက် ဆင်သမားကိုခေါ်၍ ဆင်စခန်းကိုပြေးရန် ပြင်လေရာ ဆင်သမားက

" ဖြည်းဖြည်းလုပ်ပါ ကိုယ့်လူရယ်၊ လော်ပန်ကြီးကို သတင်းပေးရဦးမယ်၊ မလောပါနဲ့ "

ဟု ပြောဆိုလေ၏။ ဆင်သမားသည် လော်ပန်ကြီးကို ဆင်မကြီး မီးဖြူ မွေးပြီဖြစ်ကြောင်း သတင်းပို့လေ၏။

လော်ပန်ကြီးက ခေါင်းညိတ်၍ ဆင်ထီးလား ဆင်မလားဟု မေးမြန်းလေ၏။ ဆင်သမားက ဆင်ထီးဖြစ်ကြောင်း ပြောဆိုလေ၏။

လော်ပန်ကြီးက ဆင်စခန်းသို့ လိုက်ခဲ့မည်ဖြစ်ကြောင်း ပြောဆိုလေ၏။

လမ်းတွင် ဆင်သမားက

" ဆင်မကြီးက ဆင်ထီးမမွေးဘဲ ဆင်မ မွေးရင် ဘယ်လောက်ကောင်းမလဲကွာ "

ဟု ရေရွတ်လေ၏။ ရာဇာက မျက်မှောင်ကြုတ်၍

" အို ဆင်ထီးပဲ ကောင်းပါတယ်ဗျာ "

ဟု ပြောဆိုလေ၏။ ဆင်သမားက

" ဆင်ထီးထက် ဆင်မက ပိုကောင်းတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဆင်မတွေဟာ ဆင်ထီးလို အလုပ်လုပ်ပေးရုံပေးတာ မဟုတ်ဘူး၊ ဆင်ကလေးတွေကိုပါ မွေးပေးတယ်ဆိုတော့ လော်ပန်ကြီးအတွက် ပိုတွက်ခြေကိုက်တာပေါ့ကွာ၊ နွား စကားပုံတောင်ရှိတယ်လေ၊ နွားမတွေဟာ ရှေ့ကထမ်းပိုး၊ နောက်ကသားတိုးဆိုတဲ့ စကားရှိတယ် "

ဟု ပြောလေရာ ရာဇာက ခေါင်းခါ၍

" အို ဘာပဲဖြစ်ဖြစ်၊ ကျုပ်က ဆင်ထီးပဲ ကြိုက်တယ်ဗျာ "

ဟု ပြောလိုက်လေတော့၏။

ဆင်စခန်းသို့ ရောက်သောအခါ ဆင်မကြီး မီးဖြူရှိရာသို့ ရောက်သောအခါ ဆင်မကြီးသည် ဒူးထောက်၍ ကိုယ်ကို နှိမ့်ချပေးပြီး ဆင်ကလေးမှာ နို့စို့နေကြောင်း တွေ့ရလေ၏။

ဆင်မကြီး၏နို့ကို ဆင်ကလေးစို့ယူနေရာ ဆင်များ ရေသောက်သကဲ့သို့ နှာမောင်းဖြင့် စုတ်သောက်ခြင်းမဟုတ်ဘဲ ပါးစပ်ဖြင့် ဟပ်စို့





www.burmeseclassic.com

www.burmeseclassic.com



နေကြောင်း တွေ့ရ၏။

ဆင်မကြီးနှင့် မလှမ်းမကမ်းတွင် စူးစူးစိုက်စိုက်ကြည့်နေသော ဆင်သမားကြီး ဘိုးသာဦးကို တွေ့ရ၏။

ရာဇာက ဘိုးသာဦးရှိရာသို့ ပြေးသွား၍ ဆင်ကလေး၏ ကျန်းမာရေးအခြေအနေကို မေးမြန်းလေ၏။

ဘိုးသာဦးက သက်ပြင်းချ၍

“ ဆင်ကလေးရဲ့ ကျန်းမာရေး ကောင်းပုံရပါတယ်၊ မစိုးရိမ်ပါနဲ့ ”

ဟု တိုးတိုးပြောလေ၏။ သို့သော် ဘိုးသာဦး၏မျက်နှာမှာ စိတ်ပူပန်နေဟန်ရှိ၍

“ ဆင်ကလေးရဲ့ ကျန်းမာရေးကောင်းတယ်ဆိုသေးတယ်၊ ဘိုးသာဦးမျက်နှာက မကောင်းပါလား ”

ဟု ရေရွတ်လေ၏။ ဘိုးသာဦးက သက်ပြင်းချ၍

“ ဆင်ကလေးဟာ ထူးခြားမှု ရှိမယ်လို့ ဖိုးအာရုံထဲမှာ အလိုလိုသိနေတယ်၊ ဒါကြောင့် ဆင်ကလေးကို မွေးကတည်းက သေသေချာချာကြည့်နေတာကွ ”

ဟု ပြောလေ၏။ ထိုအခါ ရာဇာက စိတ်အားတက်ကြွစွာဖြင့်

“ ဟင်… ဘာတွေထူးခြားမှာလဲဗျ၊ ပြောပါဦးဗျ၊ သိချင်လှပြီ ”

ဟုပြောလေ၏။ ဆင်သမားဘိုးသာဦးက သက်ပြင်းချ၍

“ ဖိုးရဲ့ ဆင်သက်တမ်းတလျှောက်မှာ ဒီလိုထူးခြားမှုမျိုး





တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသေးဘူး။ ဒါကြောင့် ငါလဲ သေသေချာချာ မပြောနိုင်သေးဘူးကွ၊ ပြောနိုင်တဲ့အချိန်ရောက်ရင် မင်းကိုငါ ပြောပါမယ်ကွာ ”

ဟုပြောလေ၏။

ရာဇာက ဘိုးသာဦးကို ဆက်လက်မေးမြန်းလျှင် မည်သည့်စကားကိုမျှ မကြားရတော့မည်ဖြစ်သဖြင့် ဆင်ကလေးကိုသာ ကြည့်ရှုနေမိ၏။

ရာဇာသည် ထိုနေ့က ရွာဦးကျောင်းသို့ပင် မသွားဖြစ်ဘဲ ဆင်ကလေးကို ကြည့်ရှုနေမိ၏။

ဆင်ကလေးကို အနီးကပ် ကြည့်ရှုသောအခါ မျက်လုံး၏ အရောင်မှာ ပန်းနုရောင်ကဲ့သို့ ဖြစ်နေကြောင်းတွေ့ရ၏။

နေ့လယ်သို့ ရောက်သောအခါ လော်ပန်ကြီးရောက်လာပြီး ရာဇာ၏ပခုံးကိုပုတ်ကာ

“ ဒီဆင်ကလေးကို မင်းပိုင်ပြီပေါ့ကွာ၊ ဒီနေ့ကစပြီး မင်းလဲ လော်ပန်လေး ဖြစ်ပြီပေါ့ ”

ဟုပြောလေ၏။

ရာဇာသည် လော်ပန်ကြီး၏စကားကြောင့် စိတ်အားတက်ကြွသွားပြီး

“ ကျုပ်က လော်ပန်လေးဖြစ်ပြီမဟုတ်လား။ မိလာရှိကာ ဆိုတို့ ကျုပ်အများကြီး လေ့ကျင့်နေတယ်၊ နောက်ဆိုရင် ဆင်တွေကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ပြီးတစ်ကောင် ဖမ်းရမယ် ''

ဟု ပြောလေ၏။ ရာဇာသည် ထိုနေ့ကစ၍ ဆင်စခန်းသို့ ရောက်တိုင်း သူ၏ ဆင်ကလေးကို အားရအောင် ကြည့်ရှုနေမိ၏။

ရာဇာသည် ဆင်ကလေးစားသောက်ရန် ဝါးမျှစ်၊ ကြံရိုင်း၊ တောငှက်ပျော စသည်တို့ကို တောထဲတွင် လှည့်လည်ရှာဖွေ၍ ဆင်ကလေးကို ကျွေးမွေးလေ၏။

သူသည် ရှမ်းဆရာကြီးထံတွင် သိုင်းပညာသင်ယူခြင်း ပြုလုပ်ပြီးသည်နှင့် သံတူရွင်းနှင့် ဓားပြကိုကိုင်၍ တောထဲတွင် လှည့်လည်၍ ဆင်ကလေးစားသောက်ရန် အစာ ရှာဖွေလေတော့၏။

ဆင်ကလေး၏ အမူအကျင့်နှင့် စားသောက်ပုံကိုကြည့်၍ ဆင်သမားအများစုက

'' ဒီဆင်ကလေးကိုကြည့်ရတာ ထူးခြားရတယ်၊ သူနဲ့ရွယ်တူဆင်တွေလို စိတ်လှုပ်ရှားတဲ့ ပုံစံမရှိဘူး၊ အလွန်တည်ငြိမ်တယ် ''

ဟု ချီးမွမ်းသူများရှိလျှင် ရာဇာက ဝမ်းသာအားရဖြင့်

'' ဟဲ ဟဲ... ကျုပ်ဆင်က သူများဆင်တွေလို ဆင်ရူးတွေမှာ မဟုတ်တာ ''။

ဟု ဂုဏ်ယူတတ်၏။ အချို့သော ဆင်သမားများကလည်း

'' ဒီဆင်ကလေးကိုကြည့်ရတာ လှုပ်လှုပ်ရှားရှား သိပ်မရှိဘူး၊ အမြဲတန်း ငြိမ်ငြိမ်သက်သက် နေတာများတယ်၊ ကျန်းမာရေး မကောင်းဘူးနဲ့တူတယ်၊ ငါတို့အထင်တော့ ဆင်ကလေးမှာ ရောဂါရှိပုံရတယ် ''





ဟုပြောလျှင် ရာဇာက မကျေမနပ်ဖြင့်

'' ဘာ... ကျုပ်ဆင်က ဘာရောဂါ ရှိရမှာလဲဗျ၊ သိပ်ကျန်းမာတယ် ''

ဟု ပြောဆိုလေ့ရှိ၏။

ရာဇာသည် ဆင်ကလေးကို ဆင်စခန်းအနီးရှိ စမ်းချောင်းတွင် ကိုယ်တိုင်ရေချိုးပေးလေ၏။

ဆင်ကလေးသည် အရပ် ၃ ပေခန့်သာ ရှိသေးသော်လည်း ရာဇာ၏ ခေါ်ဆောင်ရာသို့ ကောင်းမွန်စွာ လိုက်ပါလာ၏။

ဆင်ကလေးသည် စမ်းချောင်းတွင် ရေကစားရခြင်းကို လွန်စွာ ပျော်ရွှင်ပုံရ၏။

ရေများကို နှာမောင်းဖြင့် စုတ်၍ ပန်းထုတ်၏။

စမ်းချောင်းအနီးရှိ သစ်ကိုင်းများကို ချိုး၍ ရာဇာကို ပစ်ပေါက်၏။

ရာဇာသည် ဆင်ပေါက်ကလေးဖြင့် အားရအောင် ဆော့ကစားပြီး အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင် နားခိုလေ၏။

ရာဇာသည် ညနေတိုင်း ဆင်ကလေးကို ရေချိုးပေးသဖြင့် ရှမ်းဆရာကြီးထံတွင် သိုင်းပညာကို စောစီးစွာသင်လေ၏။

ရာဇာသည် ဆရာကြီးထံမှ ပညာသင်ပြီးသည်နှင့် ဆင်ကလေးနှင့် ရေကစားရန် စမ်းချောင်းသို့ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဆင်ကလေးနှင့် ရေကစားပြီး မောမောနှင့် အိပ်ပျော်နေစဉ် ဆူညံသောအသံများကြောင့် အိပ်ရာမှ လန့်နိုးလေ၏။

ရာဇာသည် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မထင်မှတ်သောမြင်ကွင်းကြောင့် အလွန်ဒေါသဖြစ်သွား၏။

တစ်ဖက်ရွာရှိ လယ်ပိုင်ရှင်သား ဘမြင့်တို့အဖွဲ့သည် ဆင်ကလေးကို ဝိုင်းဝန်းရိုက်နှက်နေ၏။

ဘမြင့်၏ အပေါင်းအပါ လူငယ်လေးများက ဆင်ကလေးကို ဝါးလုံးဖြင့် ရိုက်ခြင်း၊ ခဲဖြင့်ပေါက်ခြင်း တို့ကို ပြုလုပ်နေ၏။

—— စေတနာတာပေ ——



ရာဇာက ၎င်းတို့ ရှိရာသို့ ဒေါသတကြီး ပြေးဝင်သွားပြီး

'' ဟေ့ကောင်တွေ၊ ဘာလုပ်တာလဲ၊ ရပ်လိုက်စမ်း ''

ဟု အော်ဟစ်တားဆီးလေ၏။

ထိုအခါ လယ်ပိုင်ရှင်သား ဘမြင့်က မျက်နှာကိုရှုံ့မဲ့၍

'' ဒီမှာဟေ့ကောင်၊ မင်း ဆင်က ငါတို့ကို ရေနဲ့ပက်တယ်၊ ငါတို့ ကျောင်းက ပြန်လာတာကို ချောင်းထဲက ညစ်ပတ်တဲ့ရေတွေနဲ့ လှမ်းပက်တယ်၊ ဒါကြောင့် ဒီဆင်ကို တုတ်နဲ့ ရိုက်ရတာပဲ ''

ဟုပြောလေ၏။

ရာဇာက လယ်ပိုင်ရှင်သားကိုကြည့်၍ ဒေါသတကြီးဖြင့်

'' ဟေ့ကောင်တွေ၊ မင်းတို့က တိရစ္ဆာန်ထက် မိုက်ရိုင်းရသလား၊ တိရစ္ဆာန်မှာ အပြစ်ရှိရင်လဲ ငါ့ကို ပြောပါလား ''

ဟု အော်ဟစ်ပြောဆိုလေ၏။

လယ်ပိုင်ရှင်သားက တဟားဟားရယ်မော၍

'' ဟား ဟား ဟား ငါတို့ကို ရေနဲ့ပက်တာက တိရစ္ဆာန်က ပက်တာကွ၊ ဒါကြောင့် တိရစ္ဆာန်ကိုပဲ ရိ.ာ်ရမှာပဲ၊ မင်းမှာ အပြစ်ရှိရင်တော့ မင်းကို ရိုက်ရတာပေါ့ကွာ ''

ဟု ပြောဆိုကာ ရာဇာ၏အနီးမှ ထွက်ခွာသွားလေရာ ရာဇာသည် လယ်ပိုင်ရှင်သားကို လက်သီးဖြင့်ထိုးရန် ကြံရွယ်လိုက်သော်လည်း ရှမ်းဆရာကြီးက ဒေါသကို တတ်နိုင်သမျှ ချုပ်တည်းရမည်ဆို ၍ စိတ်ကိုဖြေလျှော့လိုက်လေ၏။

—— စေတနာတာပေ ——

www.burmeseclassic.com

www.burmeseclassic.com



လယ်ပိုင်ရှင်သား၏ တပည့်များသည် ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ လက်ထဲရှိ ခဲလုံးများဖြင့် ဆင်ကလေးရှိရာသို့ လှမ်းပစ်ကြလေ၏။

ခဲလုံးတစ်လုံးသည် ဆင်ကလေး၏ မျက်လုံးကိုထိ၍ ဆင်ကလေးသည် နာကျင်စွာ အော်ဟစ်လိုက်လေ၏။

ရာဇာသည် ဆင်ကလေးမျက်လုံးမှ မျက်ရည်များ စီးကျလာသဖြင့် လယ်ပိုင်ရှင်သားနှင့် အပေါင်းအပါများကို ရန်ငြိုးဖွဲ့ခဲ့လေ၏။

လယ်ပိုင်ရှင်သားနှင့် အပေါင်းအပါ လူငယ်လေးများသည် ရာဇာတို့ရွာရှိ ရွာဦးကျောင်းဆရာတော်ထံတွင် ပညာသင်ကြားနေသူများဖြစ်၍ ၎င်းတို့သည် တစ်ကျောင်းတည်းသားများလည်းဖြစ်၏။

ရာဇာသည် လက်သီးကို ဆုပ်၍ ဆင်ကလေး၏ မျက်လုံးကို ရေဖြင့် ဖူဆေးပေးပြီး

'' မနက်ဖြန် ကျောင်းရောက်ရင် မင်းတို့နဲ့ တွေ့မယ် ''

ဟု ကြုံးဝါးလိုက်လေ၏။

ရာဇာသည် နောက်တစ်နေ့သို့ ရောက်သောအခါ ကျောင်းနှင့် မလှမ်းမကမ်းရှိ ဝါးရုံတောသို့ လယ်ပိုင်ရှင်သားနှင့် အပေါင်းအပါများကို စောင့်နေလေ၏။

အတန်ကြာသောအခါ လယ်ပိုင်ရှင်သားနှင့် အပေါင်းအပါများကို တွေ့ရလေ၏။

ရာဇာသည် ၎င်းတို့ အလာလမ်းရှိ ကျောက်တုံးကြီးပေါ်တွင်





ထိုင်၍

'' ဟေ့ကောင်တွေ ခဏနေဦး ''

ဟုပြောလိုက်လေ၏။

လယ်ပိုင်ရှင်သားက ရာဇာကို ဘုကြည့်ကြည့်၍

'' ဘာကိစ္စလဲ ''

ဟု မေးမြန်းလေ၏။ ရာဇာက ၎င်းတို့လူစုကိုကြည့်၍

'' မနေ့က ငါ့ဆင်ကို အဝေးကနေခဲနဲ့ပေါက်တာ ဘယ်သူလဲ၊ မင်းတို့ ခဲလုံးကြောင့် ငါ့ဆင် မျက်စိနာသွားတယ် ''

ဟု ပြောလေရာ လယ်ပိုင်ရှင်သားက မျက်နှာရှုံ့မဲ့၍

'' ဟေ့ကောင်၊ မနေ့ကကိစ္စကို လာမပြောနဲ့ကွာ၊ လမ်းဖယ်ပေး၊ ကျောင်းနောက်ကျရင် ဦးပဥ္စင်းကြီးဆူလိမ့်မယ် ''

ဟု ပြောလေ၏။ ရာဇာက ခေါင်းခါ၍

'' ဟေ့ကောင်တွေ၊ ငါ့ဆင်ကိုခဲနဲ့ပစ်တဲ့ကောင်ကို ဖွင့်မပြောရင် ကျောင်းကိုဘယ်သူမှ မသွားရဘူး ''

ဟု အမိန့်ပေးလိုက်၏။

လယ်ပိုင်ရှင်သား ဘမြင့်က ရာဇာ၏ စကားကြောင့် သူ၏ အပေါင်းအပါလူငယ်များဘက်သို့လှည့်ကြည့်၍ တဟားဟား ရယ်မောကာ

'' ဟေ့ကောင်တွေ၊ ငါတို့ကို ဘယ်သူမှ ကျောင်းမသွားရဘူးတဲ့ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မိုက်ကန်းကန်းလူငယ်တစ်ဦးက

'' ကျောင်းမသွားရဘူးလို့ပြောရအောင် ဒီကောင်က ဘာကောင်မို့လဲ၊ သွားတယ်ကွာ၊ မင်းဘာလုပ်မလဲ ''

ဟု ပြောလေ၏။ ရာဇာသည်ရှေ့သို့ တိုးထွက်လာသော မိုက်ကန်းကန်း လူငယ်၏ မေးစေ့ကို လက်သီးဖြင့် အားကုန်ထိုးကာ

'' သွားရင် ထိုးတယ်ကွာ ''

ဟု အော်ဟစ်လိုက်လေ၏။

မိုက်ကန်းကန်း လူငယ်သည် မြေပေါ်သို့ ဖင်ထိုင်ကျသွားသောအခါ လယ်ပိုင်ရှင်သားနှင့် အပေါင်းအပါများသည် ရာဇာကို လူအုပ်အားကိုးဖြင့် ဝင်ရောက်တိုက်ခိုက်လေ၏။

ရာဇာသည် ရှမ်းဆရာကြီးထံတွင် သိုင်းပညာကို ဝါသနာကြီးစွာဖြင့် သင်ယူထားသဖြင့် ကိုယ်ခံပညာ တတ်မြောက်နေပြီး လယ်ပိုင်ရှင်သားနှင့် လူစုကို ကောင်းမွန်စွာ ပြန်လည်ထိုးကြိတ်နိုင်၏။

လယ်ပိုင်ရှင်သားနှင့် အပေါင်းအပါများသည် အများနှင့် တစ်ယောက်ဖြစ်သော်လည်း ၎င်းတို့လူစုသည် များစွာအထိနာပြီး ဘုန်းကြီးကျောင်းဘက်သို့ ထွက်ပြေးကြလေ၏။

၎င်းတို့သည် ကျောင်းသို့ရောက်သောအခါ ဦးပဥ္စင်းကြီးထံသို့ သွား၍ ရာဇာ၏ ရန်စကျူးလွန်ပုံများကို တိုင်ကြားလေ၏။

ထိုအခါ ဦးပဥ္စင်းကြီးက ကြိမ်လုံးကိုတိုင်မှဖြုတ်၍ ရာဇာ့အား ကြည့်ကာ





'' ဟေ့ကောင်၊ မင်းတစ်ယောက်တည်းနဲ့ သူတို့အားလုံးကို ရန်စတယ်ဆိုတာ ဟုတ်သလား ''

ဟု မေးမြန်းလေ၏။

ရာဇာက လက်အုပ်ချီ၍ အကျိုး အကြောင်းကို ပြောပြလေ၏။ ဦးပဥ္စင်းကြီးက နားထောင်၍ ကြိမ်လုံး ကိုမြှောက်ယမ်းကာ

'' ဒီကောင်တွေဟာ ဆင်ကို ရန်စတယ်ဆိုရင် မင်းဝဲ့ကို တိုင်ရမယ်၊ မင်းက သူတို့အားလုံးကို တိုက်ခိုက်တယ်ဆိုတာ မင်းမှာပါ အပြစ်ရှိသွားပြီ၊ ဒါကြောင့် အားလုံးကို ကြိမ်လုံးနဲ့ နှစ်ချက်စီရိုက်မယ် ''

ဟုပြောကာ လယ်ပိုင်ရှင်သား ဘမြင့်တို့လူစုကို ဦးစွာရိုက်နှက်လေ၏။

ဘမြင့်နှင့် အပေါင်းပါများသည် ကြိမ်လုံးဖြင့် တရှမ်းရှမ်း အရိုက်ခံရလေ၏။ ပြီးနောက် ရာဇာကို ရိုက်နှက်ရန် ပြင်ဆင်သောအခါ ဆရာတော်ကြီး ထွက်လာပြီး

'' နေပါဦး၊ လွန်ခဲ့တဲ့လက ရာဇာဟာ လောကနီတိကို တစ်လုံးမှ မမှားယွင်းဘဲ အာဂုံရွတ်ပြနိုင်တဲ့အတွက် သူ့ကိုကြိမ်လုံး ငါးချက်က လွတ်မြောက်စေရမယ်ဆိုပြီး ငါ ဆုပေးထားတာရှိတယ်၊ ဒါကြောင့် ဒီကောင်ကို ကြိမ်လုံးနဲ့ ရိုက်စရာမလိုတော့ဘူး ''

ဟုပြောလိုက်ရာ ရာဇာသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ဦးပဥ္စင်းကြီးဘက်သို့လှည့်၍

'' ဟုတ်ပါတယ်ဘုရား။ တပည့်တော်ကို ဆရာတော်ဘုရားက



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လုံးငါးချက်က လွတ်မြောက်စေရမယ်လို့ ခွင့်ပြုထားတာရှိပါတယ်၊ အခုလက်ရှိ ကြိမ်လုံးနှစ်ချက်ကို နှုတ်လိုက်ရင် နောက်ထပ် ကြိမ်လုံးသုံးချက်တောင် လွတ်မြောက်ခွင့်ရှိပါသေးတယ် ''

ဟု အလောတကြီးပြောလိုက်၏။

ဦးပဉ္ဇင်းကြီးသည် ဆရာတော်ကြီးကပင် လွတ်မြောက်ခွင့် ပေးထားသဖြင့် ရာဇာကို မရိုက်ဝံ့တော့ဘဲ လွတ်မြောက်ခွင့်ပေးလိုက်ရ၏။

လယ်ပိုင်ရှင်သား ဘမြင့်တို့လူစုသည် ရာဇာရိုက်နှက်ခြင်းမခံရသဖြင့် မကျေမနပ်ဖြစ်နေစဉ် ဦးပဉ္ဇင်းကြီးက

'' ဒါဟာ ငါတို့ကျောင်းရဲ့ စည်းကမ်းပဲကွ၊ ဆုပေးဒဏ်ပေးစနစ်လို့ ခေါ်တယ်၊ မင်းတို့လဲ ရာဇာလို ကြိုးစားပြီး စာလိုက်ရင်လဲ ဒီလိုအခွင့်အရေးမျိုးကို ရမှာပဲ၊ ရာဇာကတော့ လောကနီတိကို မထစ်မငေါ့ဘဲ ပြန်ဆိုနိုင်တဲ့အတွက် ကြိမ်လုံးငါးချက်က ကင်းလွတ်ခွင့်ရထားပြီးပြီ ''

ဟု ပြောလိုက်ရာ လယ်ပိုင်ရှင်သားနှင့် အပေါင်းအပါများသည် အောင့်သက်သက်ဖြင့် ခံလိုက်ကြရလေ၏။

၎င်းတို့သည် ရာဇာနှင့် ရန်ဖြစ်ရန် ကိစ္စကို မဝံ့ရဲတော့ဘဲ နောက်ဆုတ်လိုက်လေ၏။

အဘယ်ကြောင့်ဆိုသော် ရာဇာ၌ ကြိမ်လုံးသုံးချက် ကင်းလွတ်ရန် ကျန်သေးသဖြင့် ရာဇာနှင့် ရန်ဖြစ်လျှင် ၎င်းတို့သာ ဒဏ်ရာအနာတရ ဖြစ်နိုင်သောကြောင့်ဖြစ်၏။





သို့သော် လယ်ပိုင်ရှင်သားသည် ဉာဏ်နီဉာဏ်နက်များပြီး စိတ်သဘောထား ယုတ်မာသူဖြစ်သဖြင့် ရာဇာအပေါ် အငြိုးအတေးထားခဲ့လေ၏။

ဤသို့ဖြင့် ရာဇာသည် ဆင်ကလေးနှင့် တရင်းတနှီးနေထိုင်လာခဲ့ပြီး ဆင်ကလေး သုံးနှစ်သားအရွယ်ရောက်သောအခါ ရှမ်းဆရာကြီးသည် ရာဇာကို သုံးနှစ်တိတိ သိုင်းပညာသင်ပေးပြီး ဖြစ်သဖြင့် ရှမ်းပြည်နယ်သို့ ပြန်သွားလေတော့၏။

ရှမ်းဆရာကြီးက ပြန်ကာနီးတွင် ရာဇာကိုခေါ်၍

'' ငါ သင်ပေးတဲ့ပညာတွေကို နေ့စဉ်မပြတ် လေ့ကျင့်ပါ၊ မင်းရဲ့ပညာဟာ အရွယ်ရောက်လာတာနဲ့ တဖြည်းဖြည်း တိုးတက်လာမှာပဲ၊ အရေးအကြီးဆုံးက ကိုယ့်ရဲ့ပညာကို တိုးတက်သထက် တိုးတက်အောင် ကြံဖန်ကြိုးစားနေဖို့ပဲ၊ ငါ နောက်ဆုံးမှာချင်တာက ပညာအားကိုးနဲ့ အားငယ်တဲ့သူတွေကို အနိုင်မကျင့်ပါနဲ့၊ သူတပါးရဲ့ အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းပေးရမယ်၊ အားနည်းတဲ့သူဘက်က ရပ်တည်ရမယ်၊ ဒါဆိုရင် သိုင်းသမားကောင်းတစ်ယောက်ဖြစ်မယ် ''

ဟု မှာကြားကာ ရာဇာကို ထားရစ်၍ ထွက်ခွာသွားလေ၏။

ရာဇာသည် သူ့အား သိုင်းပညာများကို သုံးနှစ်တိတိ စေတနာကောင်းဖြင့် သင်ကြားပေးသောဆရာကြီး၏ နောက်ကျောကိုကြည့်၍ ပူဆွေးလွမ်းဆွတ်သလို ခံစားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာ၏ဆင်ကလေးသည် သုံးနှစ်သားအရွယ်သို့ ရောက်လာသော်လည်း လွန်စွာတည်ငြိမ်အေးဆေးပြီး အရောင်အဆင်းမှာလည်း နီကျင်ကျင်ရှိလေ၏။

ထို့ကြောင့် ဆင်သမားအများစုက ဆင်ကလေးကို မနှစ်သက်ဘဲ

'' ဒီဆင်ကို သစ်ဆွဲခိုင်းလို့ ဖြစ်မှာမဟုတ်ပါဘူးကွာ၊ သွက်သွက်လက်လက်လဲ မရှိဘူး၊ အရောင်ကလဲ နီကျင်ကျင် ဖျော့တော့တော့နဲ့ အားမရှိတဲ့ပုံစံမျိုးပဲ၊ ကျန်းမာရေးကောင်းပုံမရဘူး ''

ဟု အပြစ်တင်လေ၏။

အချို့သော ဆင်သမားများကလည်း

'' ဒီဆင်ကြည့်ရတာ အလုပ်ခိုင်းကောင်းမယ့်ပုံစံ မရှိဘူး၊





ထုံထိုင်းထိုင်းနဲ့ ဆင်ဦးစီးတွေကို ပြန်သတ်မယ့်ဆင်မျိုးဆိုတာ ဒီဆင်မျိုးပဲ ''

ဟု ဝေဖန်ကဲ့ရဲ့လေရာ ရာဇာသည် သူ၏ဆင်ကလေးအတွက် စိတ်မချမ်းမြေ့ခြင်း ဖြစ်ရလေ၏။

ထို့ကြောင့် ဆင်သမားကြီး ဘိုးသာဦးထံသို့ သွားရောက်၍ မေးမြန်းလေ၏။ ဆင်သမားကြီး ဘိုးသာဦးသည် ဆင်ပေါက်ကလေးအတွက် စိတ်မချမ်းမြေ့ဖြစ်နေသော ရာဇာကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍

'' ဒီမှာ ရာဇာ၊ ဒီစခန်းက ဆင်သမားတွေစကားကို မယုံပါနဲ့ကွာ၊ ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ၊ ဒီကောင်တွေဟာ ဆင်အကြောင်းကို ဘာမှနားမလည်ဘူး၊ ဒီစခန်းမှာ ဆင်အကြောင်းကို ငါ့လောက် ဘယ်သူမှနားမလည်ဘူး၊ ဒါကို မင်းယုံတယ်မဟုတ်လား ''

ဟု မေးမြန်းလေ၏။ ရာဇာက ခေါင်းညိတ်၍

'' ယုံပါတယ်၊ ဘိုးသာဦးကြီးလောက် ဆင်တွေအကြောင်း နားလည်တဲ့သူ ဘယ်သူမှ မရှိဘူး၊ ဒါကြောင့် ဘိုးသာဦးကြီးကို မေးတာပေါ့ ''

ဟု ပြောလေ၏။ ဘိုးသာဦးကြီးက လေသံတိုးတိုးဖြင့်

'' ဒီမှာ ရာဇာ၊ ဆင်စခန်းတစ်ခုလုံးမှာ ရှိတဲ့ ဆင်တွေအားလုံးထဲမှာ ငါ့အလေးအနက် အထားဆုံးက မင်းရဲ့ဆင်ကလေးပဲ၊ ဆင်ကလေးကို ငါအမြဲတမ်း စောင့်ကြည့်နေတယ်၊ ငါသူ့ကို စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားတယ် ''

ဟု ပြောလေ၏။

ရာဇာက စိတ်ဝင်တစားဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

'' ဟုတ်တယ်နော်၊ ဘိုးသာဦးကြီးက ကျုပ်ရဲ့ဆင်ကလေးကို အမြဲတမ်း ဂရုစိုက်ပြီးကြည့်တယ်၊ အဲဒီလိုကြည့်တာ ဆင်ကလေးကို စိတ်မချလို့ ဆင်ကလေးရဲ့ ကျန်းမာရေးမကောင်းလို့လား ''

ဟု မေးမြန်းလေ၏။ ဘိုးသာဦးကြီးက ဆေးပြင်းလိပ်ကို ခဲလျက်

'' ဆင်ကလေးရဲ့ ကျန်းမာရေးက ဒေါင်ဒေါင်မြည်အောင် ကောင်းပါတယ်ကွာ ''

ဟုပြောလေရာ ရာဇာက ခေါင်းကိုကုတ်၍

'' ဆင်ကလေးရဲ့အမူအရာကတော့ နည်းနည်း လေးကန်နေသလိုပဲ၊ လှုပ်လှုပ်ရှားရှား သိပ်မရှိဘူးနော်၊ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတော့ ဆင်သမားတွေက ခိုင်းမကောင်းဘူးလို့ ပြောနေကြတယ် ''

ဟုပြောလေ၏။

ရာဇာ၏ စကားကြောင့် ဘိုးသာဦးကြီးက လေသံတိုးတိုးဖြင့်

'' ဟေ့ကောင်၊ ဆင်သမားတွေစကားကို နားထဲမသွင်းစမ်းပါနဲ့ကွာ၊ ဒီဆင်မျိုးက ခိုင်းရမယ့်ဆင်မျိုးမဟုတ်ဘူးကွ၊ မင်းအသက်ငယ်သေးတော့ ငါမပြောဘဲထားတာ၊ အခုတော့ မပြောလို့မဖြစ်တော့ဘူး၊ ပြောရတော့မယ် ''

ဟုပြောလေ၏။ ရာဇာက စိတ်လှုပ်ရှားစွာဖြင့် ဘိုးသာဦး၏





အနီးသို့ တိုးကပ်လိုက်ပြီး

'' ဘာပြောမှာလဲ၊ ပြောစမ်းပါဗျာ၊ ကျုပ် သိချင်လှပြီ ''

ဟု မေးမြန်းလိုက်လေ၏။

ဘိုးသာဦးကြီးကရာဇာ၏ ပခုံးကို ဆွဲ၍

'' ငါပြောတဲ့စကားကို မင်းကြားရင် ဝမ်းသာလုံးဆို့ပြီး သူများတွေကို လျှောက်ပြောမှာစိုးရတယ်၊ တကယ်တော့ ဒီစကားကို လော်ပန်ကြီးကို အရင်ပြောသင့်တယ်၊ ဒါပေမယ့် မင်းက ဆင်ကလေးကို သိပ်စိတ်ဝင်စားနေတော့ မင်းကိုပဲ အရင်ပြောပြတော့မယ်၊ ဆင်ကလေးကို မွေးစပေါက်ကတည်းက သံသယရှိနေလို့ ငါအမြဲစောင့်ကြည့်နေတာပဲ၊ ဆင်ကလေးရဲ့ အရောင်ဟာ မွေးကင်းစတုန်းက နီကျင်ကျင်ဖြစ်နေလို့ ငါသိပ်အံ့သြသွားတယ်၊ နောက်တော့ ဆင်နဲ့ပတ်သက်တဲ့ ရှေးဟောင်းကျမ်းစာအုပ်တွေကို ပြန်ရှာဖတ်တော့မှ မင်းရဲ့ဆင်ကလေးဟာ အဖိုးမဖြတ်နိုင်တဲ့ ဆင်မှန်းသိရတော့တယ် ''

ဟုပြောလေရာ ရာဇာက စိတ်လှုပ်ရှားစွာဖြင့် ဘိုးသာဦးကြီး၏ ပခုံးကိုလှုပ်ရမ်းလိုက်ပြီး

'' ဟင်... အဖိုးမဖြတ်နိုင်ဘူးဟုတ်လား၊ ဘာကြောင့်လဲ ''

ဟု မေးမြန်းလေ၏။

ဘိုးသာဦးကြီးက ပတ်ဝန်းကျင်လူသူအရိပ်အခြည်ကိုကြည့်၍ လေသံတိုးတိုးဖြင့်

'' မင်းရဲ့ဆင်ကလေးဟာ သာမန်ဆင်မဟုတ်ဘူးကွ၊ ရှေး



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ဘုရင်တွေ အလွန်တန်ဖိုးထားတဲ့ ဆင်ဖြူတော်ဆိုတာပဲ၊ ငါဟာ ဆင်နဲ့ပတ်သက်တဲ့ ကျမ်းစာအုပ်တွေမှာ ရှာဖွေပြီးတိုက်ကြည့်တော့ မင်းရဲ့ ဆင်ကလေးဟာ ဆင်ဖြူတော်ဖြစ်နေတယ် ''

ဟုပြောလေရာရာဇာက မယုံနိုင်ဟန်ဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

သူသည် လော်ပန်ကြီး၏ သားဖြစ်ပြီး ဆင်စခန်းတွင် နေထိုင်ဖူးသဖြင့် ဆင်ဖြူတော်နှင့် ပတ်သက်သောယုံကြည်မှုများကို ကြားဖူးနားဝရှိ၏။ ထို့ကြောင့် မယုံနိုင်ဟန်ဖြင့်

'' ဟာ ဘိုးသာဦးကြီးကလဲ ကျုပ်ရဲ့ဆင်က ဆင်ဖြူမှ မဟုတ်တာ၊ နီကျင်ကျင်အရောင်ကြီးဖြစ်နေတာပဲ၊ ဆင်ဖြူတော်ဆိုတာ ဆွတ်ဆွတ်ဖြူမှ ဆင်ဖြူလို့ ခေါ်တာမဟုတ်လား ''

ဟု မေးမြန်းလိုက်လေ၏။ ဘိုးသာဦးကြီးက သက်ပြင်းချ၍

'' ဆင်ဖြူတော်တွေထဲမှာ ဆွတ်ဆွတ်ဖြူတဲ့ ဆင်ဖြူကတော့ အလွန်ရှားတယ်၊ နီကျင်ကျင်တွေပဲ များတယ်၊ သီပေါမင်းတရားကြီးရဲ့ တောင်တစ်လုံးဆိုတဲ့ ဆင်ဖြူတော်ကလဲ နီကျင်ကျင်ပဲ၊ သီပေါမင်းဟာ ဆင်ဖြူတော်တောင်တစ်လုံးကို အမေရိကန် ဆပ်ကပ်အဖွဲ့ကို ရောင်းလိုက်ဖူးတယ်၊ အဲဒီမှာ ဆပ်ကပ်ပိုင်ရှင်က ဆင်ဖြူတော်ကို အစစ်ဟုတ်ရဲ့လားလို့ သံသယတောင်ဖြစ်သွားတယ်၊ နောက်ဆုံးတော့ ယိုးဒယားနိုင်ငံက ဆင်ကြန်အင်လက္ခဏာ ကျွမ်းကျင်တဲ့ ပညာရှင်ကြီးကိုဖိတ်ပြီး စစ်ဆေးခိုင်းတော့မှ တောင်တစ်လုံးဆင်ဟာ ဆင်ဖြူတော်





အစစ်ဆိုတာ သိခဲ့ရတယ်၊ မင်းရဲ့ဆင်ကလေးဟာ မွေးစပေါက်တုန်းကတော့ နီကျင်ကျင်လေးပဲ၊ အခုတော့ ဖြူနီနီဖြစ်ပြီး ထုံးခြောက်ရောင်ဖြစ်လာပြီ၊ အရွယ်ရောက်လာရင်တော့ အဖြူဘက်ကို တဖြည်းဖြည်းနီးလာမယ်ထင်တယ်၊ တကယ်တော့ ငါကြားဖူးသလောက်၊ ဆင်ဖြူတော်ဆိုတာ တောထဲမှာပဲမွေးတယ်၊ မြို့ပေါ်က ဆင်စခန်းမှာမမွေးဘူး၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့ဆင်ကလေးဟာ ထူးခြားပြီး အဖိုးထိုက်တန်တဲ့ ဆင်ကလေးပါ ''

ဟု ရှင်းလင်းပြလေရာ ရာဇာသည် သူ၏ဆင်ကလေးအတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိလေ၏။

ထို့ကြောင့် လက်သီးဆုပ်၍

'' ဒါဆိုရင် ကျုပ်ရဲ့ဆင်ကလေးဟာ အဖိုးတန်တဲ့ ဆင်ဖြူတော်လေးဖြစ်ကြောင်း ဆင်သမားတွေကို အသိပေးလိုက်တော့လေ၊ သူတို့ဟာ ဆင်ကလေးကို အလွန်အထင်သေးနေကြတယ် ''

ဟု အားတက်သရောပြောလေ၏။ ဘိုးသာဦးကြီးက ခေါင်းခါ၍

'' ဟေ့ကောင်၊ ဒီလိုအချိန်မျိုးမှာ ဆင်ဖြူတော်လေးကို လူမသိလေ ကောင်းလေကွ၊ ငါတို့ဆင်စခန်းမှာ ဆင်ဖြူတော်ရှိရင် အန္တရာယ်ရှိတယ်၊ ဆင်ဖြူတော်ဆိုတာ ရှေးအခါကဆိုရင် ဘုန်းကံရှိတဲ့ မင်းတွေမှာမှ ပိုင်ဆိုင်ကြတယ်လို့ ယုံကြည်ကြတယ်၊ ရှေးကမင်းတွေဟာ ဆင်ဖြူတော်ကိုရပြီး ဆင်ဖြူရှင်ဘွဲ့ခံကြတယ်၊ ဘုရင်တစ်ပါးဟာ ရေထဲမှာ သေပြီးမျောပါလာတဲ့ ဆင်ဖြူတော်ကိုတောင် ကုန်းပေါ်ကိုဆောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူရှင်ဘွဲ့ခံတယ်လို့ ကြားဖူးတယ်ကွ၊ သထုံဘုရင် မနုဟာမင်းကြီးဟာ ဆင်ဖြူတော် (၁၂) စီးတောင် ပိုင်ဆိုင်လို့ ဘုန်းတန်ခိုး အလွန်ကြီးတယ်လို့ နာမည်သတင်းကြီးတယ်၊ ပင်းယမြို့စားကျော်စွာ ဆင်ဖြူတော်ငါးစီးရတဲ့အတွက် ပုဂံဘုရင် ဥဇနာက ထီးနန်းကို လွှဲပေးခဲ့ဖူးတယ်၊ ဒါကြောင့် ပင်းယစားကျော်စွာဟာ ငါးစီးရှင်ဘွဲ့ကို ခံယူခဲ့တယ်၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင် ကျော်ထင်နော်ရထာလဲ ဆင်ဖြူများရှင်လို့ ခံယူခဲ့တယ်၊ နောက်ပြီးတော့ ကုန်းဘောင်ခေတ်မှာ မြေဒူးမင်းကလဲ ဆင်ဖြူရှင်ဘွဲ့ကို ခံယူခဲ့တယ် ''

ဟုပြောလေရာ ရာဇာက မျက်မှောင်ကြုတ်၍

'' ရှေးက မင်းတွေဟာ ဘာဖြစ်လို့ ဒီလောက်တောင် ဆင်ဖြူရှင် ဖြစ်ချင်ရတာလဲ ''

ဟု မေးမြန်းလေ၏။

ဆင်သမားကြီး ဘိုးသာဦးက ဆေးပြင်းလိပ်ကို မီးညှိပြန်၍

'' ဆင်ဖြူရတဲ့မင်းဟာ ဘုန်းတန်ခိုးကြီးတယ်၊ တိုင်းပြည်အေးချမ်းသာယာပြီး ဆန်ရေစပါးပေါ်များမယ်လို့ ယုံကြည်ကြတယ်လေ၊ တကယ်တော့ ရှေးတုန်းက မင်းတွေအတွက်တော့ ဆင်ဖြူရှိတယ်ဆိုတာ ရတနာတစ်ပါးပဲကွ၊ သူတို့အတွက် ဂုဏ်ကျက်သရေတိုးတယ်ပေါ့ကွာ၊ ပင်းယခေတ်တုန်းက သီဟသူဆိုတဲ့မင်းဟာ ဆင်ဖြူတော်အရှင်ကို မရနိုင်တဲ့အတွက် စမုံမြစ်ထဲမှာ မျောပါလာတဲ့ ဆင်ဖြူအသေတစ်ကောင်ကို ကုန်းပေါ်ကို ဆယ်စေတယ်၊ ပြီးတော့မှ ဆင်ဖြူကို ငြမ်း





ဆင်ပြီး ထူမစေပြီး ကကြိုးတန်ဆာတွေဆင်တယ်၊ နောက်တော့ ဆင်ဖြူကို စီးပြီး တစ်စီးရှင်ဘွဲ့ကို ခံယူခဲ့တယ် ''

ဟုပြောလေရာ ရာဇာက တဟားဟားရယ်မော၍

'' အတော်ရယ်ရတာပဲ၊ ဆင်ဖြူ အသေကောင်ကြီးကို စီးပြီး တစ်စီးရှင်ဘွဲ့ ခံယူတယ်၊ ရှေးတုန်းက မင်းတွေဟာ ခပ်ကြောင်ကြောင်တွေပဲ ''

ဟုပြောလေ၏။ ဆင်သမားကြီး ဘိုးသာဦးက လက်ကာပြ၍

'' မဟုတ်ဘူးကွ၊ ဆင်ဖြူတော်ကို ရတနာနိမိတ်ပုံအဖြစ် ဘုရားလက်ထက်တော်ကတည်းက မှတ်ယူခဲ့ဖူးတယ်၊ ဘုရားလောင်းရဲ့ မယ်တော်မာယာဟာ ဘုရား ပဋိသန္ဓေလွယ်တဲ့အခါ ဆင်ဖြူတော်တစ်စီးဟာ သူမရဲ့ ဝမ်းကြာတိုက်မှာ ကိန်းအောင်းတယ်လို့ အိပ်မက်မြင်မက်တယ်၊ အိပ်မက်နဲ့ပတ်သက်ပြီး အဓိပ္ပါယ်ဖွင့်တဲ့ ကျမ်းတွေမှာလဲ ဆင်ဖြူတော်ကို မြင်မက်ရင် ကံကြမ္မာကောင်းမွန်တယ်လို့ အယူအဆရှိတယ် ''

ဟုပြောလေရာ ရာဇာက သက်ပြင်းချ၍

'' ဒါဆိုရင်တော့ ဆင်ဖြူတော်ဆိုတာ အတော်ရှားပါးပြီး တန်ဖိုးရှိတာပဲ၊ ဆင်ဖြူတော်အစစ်ဖြစ်ကြောင်း ဘယ်လိုစစ်ဆေးတာလဲ ''

ဟု မေးမြန်းလေ၏။ ဆင်သမားကြီးဘိုးသာဦးက

'' ဆင်ဖြူတော်တွေမှာ ရှိသင့်ရှိအပ်တဲ့ ကြန်အင်လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အကြမ်းအားဖြင့် မျက်လုံးက ပုလဲရောင်ရှိရတယ်၊ ခွာက အဖြူရောင် ရှိရတယ်၊ ဆင်ရဲ့ ကျောကုန်းကတော့ ငှက်ပျောကိုင်း သဏ္ဌာန်ရှိရတယ်၊ အမွေးရောင်ကတော့ ကျွဲဖြူလို ရှိရမယ်၊ စွယ်စုံ ရှိရမယ်၊ အမြီးကတော့ တံခါးလက်ဝါးပုံဖြစ်ရမယ်၊ ဆင်ဖြူတော်ရဲ့ နားရွက်က သာမန်ဆင်တွေထက် ကြီးရမယ်ကွ၊ ဒါကတော့ အကြမ်း မှတ်ထားရမဲ့အချက်တွေပဲ ''

ဟုပြောလေရာ ရာဇာက ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်လေ၏။ ပြီးနောက်

'' ဆင်ဖြူတော်ကို ရှေးခေတ်ကမင်းတွေက အတော်ဂရုစိုက်မှာပဲနော် ''

ဟု ပြောလေ၏။ ဆင်သမားကြီး ဘိုးသာဦးက ခေါင်းညိတ်၍

'' ရှေးမင်းတွေဟာ ဆင်ဖြူတော်ထားတဲ့ တင်းကုပ်ကို ရွှေချထားတယ်လို့ ဖတ်ဖူးတယ်၊ ဆင်ဖြူတော်ကို တပ်သားအစောင့်အကြပ်တွေနဲ့ ထားရတယ်၊ ကချေသည်တွေနဲ့ ကပြဖြေဖျော်ရတယ်၊ ပြီးတော့ ဆင်ဖြူတော်လေးကို သားသည်မိခင်တွေရဲ့နို့ကို တိုက်ကျွေးတယ်လို့ကြားဖူးတယ်၊ သားသည်မိခင်တွေက ရင်အုံကို လှန်ပေးတဲ့အခါ ဆင်ဖြူတော်က နှာမောင်းနဲ့ စုတ်တယ်တဲ့၊ နောက်ပြီးတော့ ဆင်ဖြူတော်ဟာ ရိုးရိုးဆင်တွေနဲ့ မတူဘဲ ဣန္ဒြေသိက္ခာရှိပြီး တည်ငြိမ်တယ်၊ မင်းရဲ့ဆင်ကလေးဟာ ငယ်စဉ်ဘဝကတည်းက သူများဆင်တွေလို ပျာယာခတ်မနေဘဲ တည်တည်ငြိမ်ငြိမ်ဖြစ်နေကတည်းက ငါက ဆင်ဖြူ





တော်ဖြစ်ရမယ်လို့ မှတ်ယူထားတာကွ၊ ဒါကြောင့် မင်းရဲ့ ဆင်ကလေးဟာ ရှားရှားပါးပါး နှစ်တစ်ရာမှာ တစ်ကောင်လောက်ရနိုင်တဲ့ ဆင်ဖြူတော် အစစ်ပါကွာ ''

ဟု တိကျစွာ ပြောဆိုလိုက်လေရာ ရာဇာသည် လွန်စွာ နှစ်ထောင်းအားရ ဖြစ်မိလေ၏။

ဆင်သမားကြီး ဘိုးသာဦးက ရာဇာ၏ ပခုံးကိုပုတ်၍

'' ဆင်ကလေးဟာ ဆင်ဖြူတော်ဖြစ်တယ်ဆိုတာ လော်ပန်ကြီးကို အသိပေးရဦးမယ်ကွ၊ လော်ပန်ကြီးလဲ ဆင်ဖြူတော်လေးကို မကြာခဏ ဂရုတစိုက်ရှိတာ တွေ့ရတယ်၊ ငါ့အထင်တော့ မင်းအဖေ လော်ပန်ကြီးလဲ ဆင်အကြောင်းကို နားလည်တဲ့သူပဲ၊ သူလဲ ဆင်ဖြူတော်လေးကို ရိပ်မိနေပုံရတယ် ''

ဟုပြောလေ၏။ ရာဇာက အံ့ဩဟန်ဖြင့်ကြည့်၍

'' ဟင်... ဒါဆိုရင် ကျုပ်အဖေက ဘာဖြစ်လို့ ဆင်ဖြူတော်လေး အကြောင်းကို မျိုသိပ်ထားရတာလဲ ''

ဟု မေးမြန်းလေ၏။ ဆင်သမားကြီး ဘိုးသာဦးက

'' ဆင်ဖြူတော်လေးအကြောင်းကို လူအများ မသိစေချင်လို့ပေါ့ကွာ၊ တကယ်တော့ လော်ပန်ကြီးဟာ မင်းအတွက် ဆင်ဖြူတော်လေးကို ရည်ရွယ်ထားပြီးသားဆိုတော့ မင်းမှာ အန္တရာယ်ရှိမှာကို စိုးရိမ်လို့လဲဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီကိစ္စကို အချိန်မတိုင်မီမှာ ဖတ်နိုင်သမျှ လျှို့ဝှက်ထားပါ၊ မင်းအမေကိုတော့ အသိပေးချင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ ''

ဟုပြောလေ၏။ ရာဇာသည် ဘိုးသာဦးထံမှ ပြန်လာသောအခါ မိခင်ထံသို့ ဝမ်းသာအားရ ပြန်သွားလေ၏။

မိခင်နှင့် တွေ့သောအခါ ဆင်ဖြူတော်လေးအကြောင်းကို ပြောပြသောအခါ မိခင်သည်လည်း အလွန်တရာ အံ့သြဝမ်းသာသွားရှာ၏။

ထို့နောက်တွင်မူ မိခင်နှင့် ရာဇာသည် ဆင်ဖြူတော်လေး အကြောင်းကို အချိန်အားသည့်အခါတိုင်း ပြောဆိုကြလေ၏။

မိခင်သည် ဆင်ဖြူတော်လေးကို တွေ့ချင်လွန်းသောကြောင့် ဆင်စခန်းသို့ပင် တစ်ရက်လိုက်ကြည့်လေ၏။

ယခင်က မမြရင်သည် ဆင်စခန်းသို့ တစ်ကြိမ်တစ်ခါမျှ လိုက်ကြည့်လေ့မရှိပေ။

မမြရင်သည် ဆင်ဖြူတော်လေးကို ကြံချောင်းများ၊ ငှက်ပျောပင်များကို ကျွေးမွေးလေ၏။

မမြရင်ကိုယ်တိုင် ဆင်စခန်းသို့ လိုက်လာပြီး ဆင်ကလေးကို ကြည့်ရှုသောကြောင့် ဆင်သမားများသည် များစွာ အံ့သြကြလေ၏။

မမြရင်သည် ဆင်ကလေး၏နီကျင်ကျင် အရောင်အသွေးကို အံ့သြစွာ ကြည့်ရှုလေ၏။

ထိုအချိန်မှစ၍ မမြရင်နှင့် ရာဇာသည် ခေါင်းချင်းဆိုင်၍ ဆင်ဖြူတော်လေး အကြောင်းကိုသာ တကျိတ်ကျိတ် ပြောဆိုနေလေ၏။





တစ်နေ့သ၌ မမြရင်နှင့် ရာဇာသည် ဆင်ဖြူတော်လေး အကြောင်းကို ပြောဆိုနေစဉ် အိမ်တွင် ကူညီလုပ်ကိုင်ပေးသော မစန်းတင်ဆိုသော မိန်းမ ရောက်ရှိနေမှန်း သတိမထားမိပေ။

မစန်းတင်သည် လွန်စွာ စပ်စုတတ်ပြီး ရွာထဲရှိ သတင်းများကို ဟိုသည်ပို့တတ်သူဖြစ်၏။

မစန်းတင်သည် အိမ်နံရံဘေးတွင်ကပ်၍ ချောင်းမြောင်းနားထောင်ရင်း ဆင်ဖြူတော်လေး၏သတင်းကိုကြားသောအခါ သူမနှင့် တိတ်တိတ်ပုန်းဖြစ်နေသော မုဆိုးဘသိုက်ကို အသိပေးရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မစန်းတင်သည် ရွာထဲတွင် ဆင်းရဲနွမ်းပါးသူဖြစ်၍ ဒလော်ပန်ကြီး၏အိမ်တွင် တောက်တိုမယ်ရ အလုပ်များကို လုပ်ကိုင်ပေးလေ၏။ ညသို့ရောက်သောအခါ ရွာစွန်ရှိ သူမ၏တဲသို့ ပြန်လေ၏။

မစန်းတင်သည် အိမ်သို့ရောက်သောအခါ အဝတ်အစားသစ်သစ်လွင်လွင်များကို ဝတ်ဆင်၍ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းလေ၏။

ညမှောင်ရီသန်းစပြုသောအခါ သူမသည် တဲကလေး၏ အတွင်းခန်းသို့ဝင်ကာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေလေ၏။

ခဏကြာလျှင် ခြံဝင်းအနီးမှ ချိုးကူသံကိုကြားရ၍ မစန်းတင်သည် လှုပ်လှုပ်ရှရှ ဖြစ်သွားလေ၏။

သူမနှင့် တိတ်တိတ်ပုန်းဖြစ်နေသော မုဆိုးဘသိုက် ရောက်ရှိလာချေပြီ။

သူမသည် ရွာစွန်တွင် နေထိုင်သူဖြစ်၍ သူမထံသို့ မုဆိုးဘသိုက်ဝင်ထွက်ခြင်းကို မည်သူမျှ မသိကြပေ။

မုဆိုးဘသိုက်သည် ပြတင်းပေါက်မှ အိပ်ခန်းထဲသို့ ကျော်ဝင်လိုက်ပြီး မှန်အိမ်အလင်းရောင်ဖြင့် လှပနေသော မစန်းတင်ကို ကြည့်၍ သူမအတွက် ဝယ်ယူလာသော တောဝက်သားခြောက်ကို အခန်းထောင့်သို့ ပစ်ချလိုက်၏။

မစန်းတင်သည် မုဆိုးဘသိုက်ထံမှ နံ့ပေါင်လှသော ချွေးနံ့ကို နှာခေါင်းရှုံ့လိုက်မိ၏။





ပြီးနောက် မစန်းတင်နှင့် ပျော်ရွှင်စွာ နေထိုင်လေတော့၏။

မစန်းတင်နှင့် မုဆိုးဘသိုက်သည် ပျော်ရွှင်စွာနေထိုင်၍ ဝသောအခါ မစန်းတင်က မုဆိုးဘသိုက်၏ ရင်ခွင်ထဲတွင် အမောအပန်းဖြေရင်း

‘‘ ကိုဘသိုက်ကို အလွန်ထူးဆန်းတဲ့ သတင်းတစ်ပုဒ်ပြောစရာရှိတယ် ’’

ဟုဆိုကာ ဆင်ဖြူတော်လေး၏အကြောင်းကို မုဆိုးဘသိုက်အား ပြောပြလေ၏။

မုဆိုးဘသိုက်သည် ပါးစပ်အဟောင်းသားနှင့် နားထောင်နေရင်း ညဉ့်နက်သွားလေ၏။

ထိုညက ဆင်ဖြူတော်အကြောင်းပြောရင်း အချိန်ကုန်သွားသဖြင့် မုဆိုးဘသိုက် အိမ်ပြန်နောက်ကျလေ၏။

မုဆိုးဘသိုက်သည် ဇင်းထက် အသက် (၂၀) ခန့်ကြီးသော မယားကြီးကို ယူထားသူဖြစ်၏။

မစန်းတင်သည် မုဆိုးဘသိုက်နှင့် စနေနေ့ညတိုင်း တိတ်တခိုး တွေ့ဆုံတတ်၏။

နောက်တစ်နေ့သို့ရောက်သောအခါ မစန်းတင်သည် အိမ်ကလေးသို့ ပြန်ရောက်သည်နှင့် သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းလေ၏။

အဝတ်အစားသစ်သစ်လွင်လွင်များကိုလည်း ဝတ်ဆင်လေ၏။

သူမ၏ ခေါင်းအုံးနှင့် စောင်များကိုလည်း လဲလှယ်လိုက်လေ၏။

မုဆိုးဘသိုက် အိပ်သွားသောအခါ အိပ်ရာသည် မကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော အနံ့အသက်များ စွဲထင်ကျန်ရစ်ခဲ့လေ၏။

ညအမှောင်လွှမ်းသောအခါ ခြံစည်းရိုးထောင့်မှ လေချွန်သံကို ကြားရပြန်၏။

မစန်းတင်သည် အိပ်ရာပေါ်တွင် ပက်လက်လှဲလိုက်ရင်း ပြုံးလိုက်မိလေ၏။

သူမနှင့် တိတ်တိတ်ပုန်းဖြစ်နေသော ဘိုအိမ်တွင် ထမင်းချက်လုပ်နေသော ကိုအုန်းမောင် ရောက်ရှိလာပေပြီ။

ကိုအုန်းမောင်သည် ပြတင်းပေါက်မှ ကျော်၍ ဝင်လာ၏။

ကိုအုန်းမောင်နှင့်အတူ မွှေးကြိုင်သော ရနံ့များကိုလည်း ရရှိလေတော့၏။

ကိုအုန်းမောင်သည် လွန်စွာအသန့်အပြန့်ကြိုက်သူဖြစ်ပြီး ညအချိန်ဖြစ်သော်လည်း ဘန်ကောက်လုံချည်နှင့် ရှပ်အင်္ကျီအသစ် ကို ဝတ်ဆင်ထား၏။

သူ့၏ခေါင်းကိုလည်း မြို့ကြီးသားများကဲ့သို့ ကော့စမစ်တစ်ဖြင့် တိုက်ထား၏။

ကိုယ်ခန္ဓာ တစ်ခုလုံးကိုလဲ ရေမွှေးများ ဆွတ်ဖြန်းထား၏။

ကိုအုန်းမောင်သည် ၎င်းယူဆောင်လာသော ဘိုအိမ်မှ ဒါ သေတ္တာဘူးများ၊ အသားဘူးများကို အခန်းထောင့်တွင်ချ၍ မစန်းတင်ကို ပြေးဖက်လိုက်လေ၏။

ထို့နောက်တွင်မူ မစန်းတင်နှင့် ကိုအုန်းမောင်သည် ပျော်ရွှင်စွာ





နေထိုင်လေတော့၏။

၎င်းတို့သည် ပျော်ရွှင်စွာနေထိုင်၍ ဝသောအခါ မစန်းတင်သည် ကိုအုန်းမောင်၏ မွှေးပျံ့သောရင်ခွင်ထဲတွင် အပေါအပန်း ဖြေနေလေ၏။

ကိုအုန်းမောင်က မစန်းတင်၏ နဖူးမှ ချွေးသီးချွေးပေါက်များကို လက်ကိုင်ပဝါနှင့် သုတ်ပေးလေ၏။

မစန်းတင်သည် ကိုအုန်းမောင်၏ ရင်ခွင်ထဲတွင် အပေါအပန်း ဖြေရင်း

" ကိုအုန်းမောင်ကို အလွန်ထူးဆန်းတဲ့ သတင်းတစ်ပုဒ်ပြောစရာရှိတယ် "

ဟုဆိုကာ ကိုအုန်းမောင်အား ဆင်ဖြူတော်လေးအကြောင်းကိုပြောပြလေ၏။

ကိုအုန်းမောင်သည် ပါးစပ်အဟောင်းသားနှင့် နားထောင် ရင်း ညဉ့်နက်သွားလေ၏။

ထိုညက ဆင်ဖြူတော်လေးအကြောင်းကို ပြောရင်း အချိန်ကုန်သွားသဖြင့် ကိုအုန်းမောင်အိမ်ပြန်နောက်ကျလေ၏။

ကိုအုန်းမောင်သည် ဘုံဘေဘားမားကုမ္ပဏီမှ မျက်နှာဖြူ အရာရှိကြီးတစ်ယောက်၏ ထမင်းချက်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ လယ်ပိုင်ရှင်သူဌေးကြီး ဦးဘတုတ်သည် လေ၁်ပန်ကြီးထံသို့ ရောက်ရှိလာလေ၏။

ဦးဘတုတ်၏သား ဘမြင့်သည် တစ်ခါက ရာဇာနှင့် ရန်ဖြစ်ဖူးသူဖြစ်၏။

လယ်ပိုင်ရှင်ကြီးသည် လေ၁်ပန်ကြီးနှင့်တွေ့သောအခါ စိတ်အားတက်ကြွသောအမူအရာဖြင့်

" လေ၁်ပန်ကြီးတို့များ ဆင်တွေကိုအများကြီးပိုင်တော့ ဘုံဘောဘားမားသစ်ကုမ္ပဏီမှာ ထည့်ထားပြီး အလုပ်ဖြစ်နေတာပေါ့၊





ကျုပ်တို့ လယ်အလုပ်ကတော့ ကောင်းတဲ့နှစ်ကောင်းပြီး၊ မကောင်းတဲ့နှစ်ဆိုရင်လဲ အခက်ကြုံရတာပေါ့၊ ဒါကြောင့် လေ၁်ပန်ကြီးဆီက ဆင်လေးဘာလေးဝယ်ပြီး ဘုံဘောဘားမားထဲမှာ ထည့်ထားမလားအောက်မေ့တယ် "

ဟုပြောလေ၏။ လေ၁်ပန်ကြီးသည် ဆင်များနှင့် ကျွမ်းကျင်သူဖြစ်သဖြင့် သူ၏ဆင်များကို ဈေးကောင်းရလျှင် ရောင်းချလေ့ရှိ၏။

ယခု လယ်ပိုင်ရှင် ဦးဘတုတ်က ဆင်ဝယ်ယူလိုသည်ဆိုသောအခါ လေ၁်ပန်ကြီးက

" ဘုံဘောဘားမား သစ်ကုမ္ပဏီမှာ ဆင်တွေ ထည့်ထားတော့လဲ ဝင်ငွေပုံမှန်ရှိတာပေါ့ဗျာ၊ ဦးဘတုတ် ဆင်လုပ်ငန်းလုပ်ချင်ရင် ကျုပ်အကူအညီအများကြီးပေးလို့ရပါတယ်၊ ကျုပ်ဆီက ဆင်ဦးစီးတွေလဲ ပေးလိုက်လို့ရတယ်၊ ဆင်တွေကို ဆင်စခန်းမှာပဲ ထားချင်တယ်ဆိုရင်လဲ သဘောအတိုင်းပါပဲ၊ ဦးဘတုတ်က ဘယ်လိုဆင်မျိုး လိုချင်လို့လဲ "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ လယ်ပိုင်ရှင် ဦးဘတုတ်က

" လောလောဆယ်တော့ စွယ်စုံဆင်ကြီးတွေကို မဝယ်ချင်သေးဘူး၊ ဆင်လုပ်ငန်းကို မကျွမ်းကျင်သေးဘူးဆိုတော့ ဆင်ပေါက်ကလေးတစ်ကောင်ကိုပဲဝယ်ပြီး အိမ်မှာ ဆင်တင်းကုပ်လုပ်ထားမယ်၊ ဆင်နဲ့ အကျွမ်းတဝင်ဖြစ်ပြီဆိုတော့မှ အရွယ်ရောက်ပြီးတဲ့ ဆင်ကြီးတွေဝယ်ချင်တယ် "

ဟုပြောလေရာ လေ၁်ပန်ကြီးက မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



'' ဒါဆိုရင်တော့ ကျုပ်ဆီမှာ ဆင်ပေါက်ကလေး ရောင်းစရာမရှိဘူး၊ ဆင်ကြီးတွေဆိုရင်တော့ ဦးဘတုတ်အတွက် ရောင်းပေးလို့ရပါတယ် ''

ဟုပြောလေ၏။ ဦးဘတုတ်က စိတ်အားတက်ကြွစွာဖြင့်

'' ဆင်စခန်းမှာ သုံးနှစ်သားလောက်ရှိတဲ့ ဆင်ပေါက်ကလေးတစ်ကောင်ရှိတယ်ဆို၊ ဒီဆင်ကလေးကို ကျုပ်သားကလဲ အတော်လေးလိုချင်နေတယ်၊ ဒီဆင်ကလေးကိုရော မရောင်းနိုင်ဘူးလား ''

ဟုမေးမြန်းလေ၏။ လော်ပန်ကြီးက မျက်နှာပျက်သွားပြီး

'' ဒီဆင်ကလေးက ကျုပ်မပိုင်တော့ဘူး။ ကျုပ်ရဲ့သားကို အမွေပေးထားပြီးပြီ၊ ဒါကြောင့် ကျုပ် ရောင်းလို့မဖြစ်ဘူး ''

ဟု ငြင်းဆန်လိုက်လေ၏။ ထိုအခါ လယ်ပိုင်ရှင် ဦးဘတုတ်က

'' ဘာပဲဖြစ်ဖြစ် လော်ပန်ကြီးပိုင်တဲ့ဆင်ပဲ၊ လော်ပန်ကြီး ရောင်းရင်ဖြစ်ပါတယ်၊ ကျုပ်ရဲ့သားကလည်း သူလိုချင်တာဆိုရင် မရရအောင်ပူဆာလေ့ရှိတော့ ခက်နေတယ်၊ ဖြစ်နိုင်ရင် အဲဒီဆင်ကလေးကို လော်ပန်ကြီးရောင်းလိုက်ပါ၊ ဆင်က ဆင်ပေါက်ကလေးပေမယ့် အရွယ်ရောက်ပြီးတဲ့ စွယ်စုံဆင်ကြီးတွေ ဈေးမျိုးပေးဝယ်ပါမယ် ''

ဟု ပြောလေရာ လော်ပန်ကြီးသည် မျက်နှာကွက်ခနဲ ပျက်သွားလေ၏။

လယ်ပိုင်ရှင်ဦးဘတုတ်သည် ဆင်ဖြူတော်မှန်း ရိပ်စားမိ၍ဆင်ကလေးကို ကြေးကြီးပေး၍ ဝယ်ယူခြင်းဖြစ်နိုင်၏။





လော်ပန်ကြီး၏ မယားနှစ်ယောက်ကမူ ဆင်ပေါက်ကလေးကိုစွယ်စုံဆင်ကြီး ဈေးမျိုးပေးဝယ်မည်ဆို၍ လောဘဇောများ ကပ်လာပြီးလော်ပန်ကြီးအနီးသို့ကပ်၍ ဆင်ကလေးကို ရောင်းချရန် ပြောဆိုလေ၏။

လော်ပန်ကြီးသည် ဆင်ကလေး၏ တန်ဖိုးကိုသိသူဖြစ်သဖြင့်မည်သို့မျှ ရောင်းချရန် စိတ်ကူးမရှိပေ။

ထို့ကြောင့် လယ်ပိုင်ရှင်ဦးဘတုတ်၏ အကြိမ်ကြိမ်အဖန်ဖန်ပြောဆိုမှုများကို ငြင်းဆန်ခဲ့လေ၏။

ထိုနေ့က လယ်ပိုင်ရှင် ဦးဘတုတ်သည် လော်ပန်ကြီးကို အကြိမ်ကြိမ် အဖန်ဖန်နားချပြီးနောက် မရသည်နှင့် စိတ်ပျက်ပြီး ပြန်သွားလေ၏။

လော်ပန်ကြီး၏မယားနှစ်ယောက်ကမူ လော်ပန်ကြီးကို ဆင်ကလေးကို ရောင်းချရန် ဘုမသိဘမသိဖြင့် ဝင်ရောက်တိုက်တွန်းလေ၏။

မယားနှစ်ယောက်၏ စိတ်ကူးမှာ ဆင်ကလေးကို စွယ်စုံဆင်ကြီး၏ ဈေးမျိုးဖြင့်ရောင်းချ၍ ဆင်ပေါက်ကလေးနှစ်ကောင်ကို ပြန်လည်ဝယ်ယူပြီး ရာဇာကို အစားပြန်ပေးရန်ဖြစ်၏။

ကျန်ရှိသော ဆင်ကလေးတစ်ကောင်ကို ၎င်းတို့က သိမ်းယူရန်ဖြစ်၏။

လော်ပန်ကြီးကမူ ဆင်ဖြူတော်ကလေးကို ဦးဘတုတ် ရိပ်စားမိသွားကြောင်း တွေးလိုက်မိ၏။

ဦးဘတုတ်ကဲ့သို့ လယ်ပိုင်ရှင်တစ်ယောက်သည် ဆင်ပေါက်ကလေး၏ အကြောင်းကို အဘယ်ကြောင့် ရိပ်စားမိသွားလေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



လော်ပန်ကြီးသည် တွေးတောရင်း သူ၏ရင်ထဲတွင် လေးလံသွားလေ၏။

ဆင်ကလေးသည် ဆင်ဖြူတော်ဖြစ်ကြောင်းကို ဝါရင့်ဆင်သမားကြီး ဘိုးသာဦး သိရှိမှာသေချာ၏။

ထို့ကြောင့် ဘိုးသာဦးကြီးနှင့် တိုင်ပင်ဆွေးနွေးရန် ဆုံးဖြတ်လိုက်လေတော့၏။

လော်ပန်ကြီးထံသို့ လယ်ပိုင်ရှင်ဦးဘတုတ်ရောက်လာပြီး တစ်ပတ်အကြာတွင် ဆင်စခန်းမှ မန်နေဂျာ မိုင်ကယ်ရောက်ရှိလာ၏။

မိုင်ကယ်သည် အသက်လေးဆယ်ကျော်မျှ ရှိပြီး ဘုံဘေဘားမားသစ်ကုမ္ပဏီတွင် အရေးပါသူတစ်ဦးဖြစ်၏။

မိုင်ကယ်သည် လော်ပန်ကြီးနှင့်အတူတကွ အမဲလိုက်ဖူးသူဖြစ်၏။

မိုင်ကယ်သည် မုဆိုးပညာကို နားလည်တတ်ကျွမ်းမှု မရှိသော်လည်း သေနတ်တစ်လက်ဖြင့် သားကောင်ကို တဒိုင်းဒိုင်းပစ် နေရလျှင် ကျေနပ်သူဖြစ်၏။

လော်ပန်ကြီးကမူ မုဆိုးပညာကို နားလည်သူဖြစ်ပြီး သေနတ်ပစ်ရန် ဝါသနာထုံသူဖြစ်၏။

လော်ပန်ကြီးသည် အင်္ဂလိပ်လူမျိုး မိုင်ကယ်ကို ခရီးဦးကြိုပြု၍ စားသောက်ဖွယ်ရာများကို ပြင်ဆင်ပေးလိုက်၏။

မိုင်ကယ်သည် လော်ပန်ကြီးကျွေးမွေးသော ဆီထမင်းနှင့် ကြက်သားကြော်များကို အားပါးတရ စားသောက်ပြီးနောက် ဆင်စခန်း





တွင် လှည့်လည်ကြည့်ရှုချင်သည်ဆို၏။

လော်ပန်ကြီးသည် မိုင်ကယ်ကို ဆင်စခန်းသို့ ခေါ်ဆောင်သွားလေ၏။ မိုင်ကယ်သည် ဆင်စခန်း၌ ဆင်များကို ကြည့်ရှုပြီး ဆင်ဖြူတော်လေးကို မြင်သောအခါ အံ့ဩဟန်ဖြင့်ကြည့်၍

'' ဒီဆင်ကလေးက အရောင်နီကျင်ကျင်ဖြစ်နေပါလား၊ အတော်ထူးဆန်းတာပဲ ''

ဟုဆိုကာ ဆင်ကလေး၏ အရုပ်အမောင်း၊ မျက်လုံးအရောင်၊ ခြေသည်းလက်သည်းများကို ကြည့်ရှုလေ၏။

မိုင်ကယ်သည် ဆင်ကလေးကို အတန်ကြာအောင် ကြည့်ရှုပြီးနောက် စိတ်ဝင်စားဟန်ဖြင့် လော်ပန်ကြီးဘက်သို့လှည့်၍

'' ကျုပ်တော့ ဒီဆင်ကလေးကို စိတ်ဝင်စားနေပြီ၊ ကျုပ်အိန္ဒိယမှာနေတုန်းက ဆင်တွေအများကြီးမြင်ဖူးတယ်၊ ဒါပေမယ့် ဒီဆင်ကလေးလောက် စိတ်ဝင်စားဖို့ကောင်းတာ မတွေ့ဖူးဘူး၊ ဒါကြောင့် ဆင်ကလေးကို ကျုပ်တို့ ဘုံဘေဘားမားသစ်ကုမ္ပဏီကို ရောင်းစေချင်တယ် ''

ဟုပြောလိုက်ရာ လော်ပန်ကြီးသည် မျက်နှာကွက်ခနဲ ပျက်သွားပြန်၏။ ပြီးနောက် ခေါင်းကို ခါယမ်း၍

'' ဒါတော့မဖြစ်နိုင်ဘူး မိုင်ကယ်၊ ဆင်ကလေးကို ကျုပ် မပိုင်တော့ဘူး၊ ကျုပ်ရဲ့သားကို အမွေပေးလိုက်ပြီးပြီ၊ ဆင်ကလေးကို ကျုပ်သားဆန္ဒမရှိဘဲ ရောင်းလို့မဖြစ်ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မိုင်ကယ်က ရယ်မော၍

'' ဒါ ပြဿနာမရှိပါဘူး၊ လော်ပန်ကြီး ကျုပ်ကဆင်ကလေးကို ကြိုက်နေပြီဆိုတော့ ဆင်ကလေးကို စွယ်စုံဆင်ကြီး တစ်ကောင်ရဲ့ ဈေးမျိုးပေးပြီး ဝယ်မှာပါ၊ စွယ်စုံဆင်ကြီးရဲ့ ဈေးကိုရရင် လော်ပန်ကြီးသားအတွက် ဆင်ကလေးနှစ်ကောင်တောင် ပြန်ဝယ်ပေးနိုင်ပါတယ် ''

ဟုပြောလေ၏။ သို့သော်လော်ပန်ကြီးသည် ဆင်ဖြူတော်၏ တန်ဖိုးကို နားလည်သူဖြစ်သဖြင့် အဖိုးမဖြတ်နိုင်သော ဆင်ဖြူတော်ကလေးကို ရောင်းချရန် စိတ်မကူးချေ။

ထို့ကြောင့် ဘုံဘေဘားမား မန်နေဂျာမိုင်ကယ်၏စကားကို အတန်တန်ငြင်းဆန်လေ၏။

မိုင်ကယ်သည် လော်ပန်ကြီး ရောင်းချချင်စိတ်ဖြစ်ပေါ်ရန် အကြိမ်ကြိမ်ပြောဆိုလေ၏။

ဆင်ကလေးကိုလည်း တန်ဖိုး တရွေ့ရွေ့ တိုးပေးလေ၏။

မိုင်ကယ်က ဆင်ကလေးကို ဝယ်ယူ၍ မရသဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး

'' လော်ပန်ကြီး စဉ်းစားပါဦး၊ ကျုပ် တစ်ပတ်ကြာရင် ပြန်လာခဲ့မယ်၊ တကယ်တော့ ဆင်ပေါက်ကလေးက ဒီလောက်တန်ဖိုးမရှိပါဘူး၊ ဒါပေမယ့် ဆင်ကလေးရဲ့ အရောင်အသွေးက ထူးဆန်းနေလေတော့ ကျုပ်က စိတ်ဝင်စားနေတာပါ ''





ဟု ပြောလိုက်လေတော့၏။

မိုင်ကယ်၏ စကားကြောင့် လော်ပန်ကြီးက စိတ်တွင်းမှနေ၍

'' ငါတို့ မြန်မာတွေရဲ့ အယူအဆကတော့ ဆင်ဖြူတော်ရဲ့ တန်ဖိုးကို ဖြတ်လို့မရဘူးဟေ့ ''

ဟု ကြုံးဝါးလေ၏။

လော်ပန်ကြီးက ခေါင်းကိုသာခါယမ်း၍

'' ဆင်ကလေးကို ရောင်းလို့မဖြစ်နိုင်တာ ဝမ်းနည်းပါတယ်၊ ဒီကလေးဟာ ဆင်ကလေးကို အလွန်သံယောဇဉ်ကြီးနေလို့ပါ၊ ကျုပ်က ကလေးကို စိတ်ဆင်းရဲအောင် မပြောချင်ဘူး ''

ဟု ပြောလိုက်လေ၏။ ထိုအခါ မိုင်ကယ်က လော်ပန်ကြီးကို မထီလေးစားဟန်ဖြင့်ကြည့်ရှု၍

'' ဟဲ ဟဲ… ကျုပ်တို့ကြားဖူးတာကတော့ ဒီကောင်လေးဟာ လော်ပန်ကြီးနဲ့ရတဲ့ သားရင်းမဟုတ်ဘူးဆို၊ ကိုယ့်သားအရင်းမှ မဟုတ်တာဘဲ၊ လော်ပန်ကြီးက ဒီကောင်လေးကို ငဲ့ညှာစရာမလိုပါဘူး၊ စွယ်စုံဆင်ကြီး နှစ်ကောင်စာလောက်ဈေးကို ပေးထားတာပဲ ''

ဟု ပြောလေ၏။ လော်ပန်ကြီးသည် မိုင်ကယ်၏ စော်ကားမော်ကားပြုသောစကားကြောင့် ဒေါသစိတ်ကို ချုပ်တီး၍

'' ဒါကတော့ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာ ပြဿနာပါ၊ လောလောဆယ် မိုင်ကယ်သိထားဖို့ကတော့ ဆင်ဖြူကလေးကို ကျုပ်လုံးဝ မရောင်းနိုင်ဘူးဆိုတာပါပဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

လော်ပန်ကြီး၏ အပြတ်ပြောဆိုမှုကြောင့် မိုင်ကယ်က မခိုးမခန့် ကြည့်၍

" နေပါဦး၊ လော်ပန်ကြီးက ဘာဖြစ်လို့ ဆင်ကလေးကို ဒီလောက် တန်ဖိုးထားနေရတာလဲ၊ ဆင်ကလေးမှာ ထူးခြားချက် တစ်ခုတော့ ရှိနေပြီထင်တယ်၊ ဟဲဟဲ ဆင်ကလေးဟာ ရှားပါးပြီး တန်ဖိုး ရှိတဲ့ အရည်အချင်းတစ်ခုတော့ ရှိမယ်ထင်တယ် "

ဟု ပြောကာ လော်ပန်ကြီးကိုကျောခိုင်းထွက်ခွာသွားလေ၏။





လော်ပန်ကြီးသည် မိုင်ကယ်၏ စော်ကားမော်ကား ပြောသော စကားများကြောင့် မကျေမနပ်ဖြစ်ပြီး ၎င်းကို လိုက်ပို့ခြင်းပင် မပြု တော့ပေ။

"ထိုအခိုက်မှာပင် လော်ပန်ကြီးအနီးသို့ ဆင်သမားကြီး ဘိုးသာဦး ရောက်ရှိလာပြီး

" အင်ရးတော်ပုံတော့ စတင်နေပြီ လော်ပန်ကြီး၊ ဆင်က လေးအတွက် အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပြီ "

ဟု တီးတိုးပြောလေ၏။ လော်ပန်ကြီးက အဝေးဆီသို့ ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ဘိုးသာဦးကြီးကို လှည့်မကြည့်ဘဲ

" ဒီအကြောင်းတွေကို ဘိုးသာဦး ဘယ်သူ့ ပြောမိသေးသလဲ "

ဟု တီးတိုးမေးမြန်းလေ၏။ ဘိုးသာဦးကြီးက

" လော်ပန်ကြီးရဲ့ သား ရာဇာကိုတော့ ပြောပြမိပါတယ်၊ ရာဇာကိုလဲ ရင်ထဲမှာပဲ လျှို့ဝှက်ထားဖို့ အကြိမ်ကြိမ်ပြောဆိုခဲ့ပါတယ် "

ဟု ပြောလေ၏။ လော်ပန်ကြီးက အဝေးဆီသို့ ငေးကြည့်ရာမှ ဆင်ကလေးကိုကြည့်၍

" ဘာပဲဖြစ်ဖြစ်၊ ဆင်ကလေးရဲ့သတင်းဟာ လယ်ပိုင်ရှင်ဦးဘတုတ်နဲ့ ဘုံဘေဘားမားကုမ္ပဏီက မိုင်ကယ်ဆီကို သတင်းပေါက်သွားပြီ၊ လယ်ပိုင်ရှင်ဦးဘတုတ်ဟာ ပိုက်ဆံအင်အားတောင့်ပြီး ဓားပြတိုက်ဖို့ တပည့်တပန်းတွေတောင် မွေးထားတယ်ဆိုပဲ၊ ဘုံဘေဘားမားကုမ္ပဏီက မန်နေဂျာမိုင်ကယ်ကလဲ ကုမ္ပဏီမှာ အဆိုးဆုံးကောင်ပဲ၊ ဒီကောင်တွေကတစ်ဆင့် ကျုပ်တို့စခန်းမှာ ဆင်ဖြူတော်ရှိနေတာ သတင်းပြန့်သွားနိုင်တယ် "

ဟု ပြောလေ၏။ ဆင်သမားကြီး ဘိုးသာဦးက ခေါင်းညိတ်၍

" ဆင်ဖြူတော်လေးမှာ အန္တရာယ်ရှိနေတာ သေချာတယ်၊ လော်ပန်ကြီးက ဆင်ဖြူတော်လေးကို ဘယ်လိုရည်ရွယ်ထားသလဲ "

ဟု မေးမြန်းလေ၏။ လော်ပန်ကြီးက





" ဆင်ဖြူတော်လေးကို ရှေးအခါက မြန်မာဘုရင်တွေ အလွန်တန်ဖိုးထားကြတယ်၊ ဒါကြောင့် တိုင်းပြည်ရဲ့ ရတနာတစ်ပါးလို့ ကျုပ်တော့ယူဆတယ်၊ ဆင်ဖြူတော်လေးကို ကျုပ်တို့တိုင်းပြည်မှာပဲ ရှိစေချင်တယ်၊ နိုင်ငံခြားတိုင်းပြည်တွေကို မရောက်စေချင်ဘူး၊ ဘုံဘေဘားမားက မိုင်ကယ်ဟာ ဆင်ဖြူတော်လေးကို မရရအောင် ဝယ်ပြီး နိုင်ငံခြားတိုင်းပြည်တွေကို ရောင်းစားမှာသေချာတယ် "

ဆင်သမားကြီး ဘိုးသာဦးက ခေါင်းညိတ်၍

" လော်ပန်ကြီးနဲ့ ကျုပ် ရည်ရွယ်ချက်ချင်းတူတယ်၊ ဒါဆိုရင် ဆင်ဖြူတော်လေးအတွက် အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပြီ၊ ဒီအကြောင်းတွေကို ရာဇာကိုလဲ သတိပေးထားရမယ်၊ ရာဇာဟာ ဆင်ကလေးကို သံယောဇဉ်ကြီးပေမယ့် အန္တရာယ်တွေကိုတော့ ရိပ်စားမိမှာမဟုတ်ဘူး "

ဟုပြောလေ၏။ လော်ပန်ကြီးက သက်ပြင်းချ၍

" ကျုပ်ရဲ့သားကိုတော့ ဘိုးသာဦးကြီးပဲ နားလည်အောင် ရှင်းပြပေးပါ။ အန္တရာယ်တွေကိုလဲ သတိပေးပါ "

ဟုပြောလေ၏။ ဆင်သမားကြီး ဘိုးသာဦးက

" တကယ်တော့ ရာဇာဟာ လော်ပန်ကြီးရဲ့ သွေးအစစ်ပါ၊ ဘာကြောင့်လဲဆိုတော့ ဒီရွာကလေးမှာ ရာဇာ့လောက် ဆင်တွေကို စိတ်ဝင်စားတဲ့ကလေးမရှိဘူး။ နောက်ပြီးတော့သူ့ရဲ့ ဗီဇနဲ့တွေးတော ပုံဟာ လော်ပန်ကြီးနဲ့သိပ်တူပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ လော်ပန်ကြီးသည် ရင်ထဲတွင် အမည်မဖော်နိုင်သော ဝေဒနာတစ်ရပ်ဖြစ်ပေါ်လာပြီး

'' ဟုတ်တယ်၊ ရာဇာဟာ ကျုပ်နဲ့ဝါသနာချင်းရော၊ တွေးတောပုံပါ အင်မတန်တူတယ်လို့တွေးမိနေတာကြာပြီ၊ သူဟာ ကျုပ်သားအစစ်ဖြစ်မှာပါ ''

ဟု ပြောလေ၏။ ဆင်သမားကြီး ဘိုးသာဦးက သက်ပြင်းချ၍

'' ရာဇာဟာ လော်ပန်ကြီးရဲ့သားဖြစ်ရုံမကဘူး၊ မမြရင်ဟာလဲ လော်ပန်ကြီးရဲ့ သစ္စာရှိဇနီးတစ်ယောက်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ရာဇာရဲ့တစ်သက် မမြရင်ရဲ့ နေပုံထိုင်ပုံကို သတိထားကြည့်တော့ မိန်းမကောင်းတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာအပြည့်ရှိပါတယ်၊ လော်မာဖောက်ပြားတတ်တဲ့အမူအရာမျိုးကို မတွေ့ရပါဘူး၊ တကယ်တော့ ဒီကိစ္စမှာ မမြရင်ပြောတဲ့စကားဟာ ဖြစ်နိုင်ပါတယ်၊ လော်ပန်ကြီး သေသေချာချာ စဉ်းစားကြည့်ပါ ''

လော်ပန်ကြီးသည် ဆင်သမားကြီး ဘိုးသာဦး၏ မပြောစဖူး အပြောထူးလာသော ‌ပြဲရင်အကြောင်းကို နားထောင်၍ ဆယ်နှစ်ကျော်ကာလအတွင်း မမြရင်၏နေထိုင်ပုံများကို ပြန်လည်မြင်ယောင်လာ၏။

မမြရင်သည် သူ၏မယားကြီးနှစ်ယောက်ထက်ပင် ဣန္ဒြေသိက္ခာရှိသေး၏။

သူ၏မယားကြီးများသည် နေ့လယ်ခင်းအားလပ်ချိန်များ၌





ငယ်ရွယ်သော ဆင်သမားလူငယ်လေးများနှင့် ရောရောနှောနှော နေထိုင်လေ့ရှိ၏။

ထိုလူငယ်လေးများနှင့် ရယ်စရာမောစရာများကို ရှာကြံပြောဆို၍ ပျော်ရွှင်နေတတ်၏။

မမြရင်မှာမူ ယနေ့ထက်တိုင် မည်သည့်ယောကျ်ားနှင့်မျှ ရောနှောနှောမနေဘဲ ဣန္ဒြေသိက္ခာကို ထိန်းသိမ်းနေ၏။

မမြရင်သည် သူမ ပြောသကဲ့သို့ အပြစ်ကင်းစင်သော မိန်းမပင် ဖြစ်လေသလား။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ် (၇)၊ အင်းသာကလမ်း။ ကျောက်မြောင်း။

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ရွာရှိ လယ်ပိုင်ရှင် ဦးဘတုတ်၏ ခြံဝင်းကြီးထဲသို့ မြက်ဦးထုပ်များဆောင်းထားသော လူသုံးဦးသည် မြင်းကိုယ်စီစီးရင်း ဝင်ရောက်လာလေ၏။ ၎င်းတို့သည် ဦးဘတုတ်၏ အိမ်သို့ တစ်ဦးစီ ရောက်ရှိလာခြင်းဖြစ်၏။

ဦးဘတုတ်သည် မြက်ဦးထုပ်ဆောင်းထားသူများကို အိမ်၏ ခေါင်းရင်းရှိ ဘုရားခန်းဆီသို့ ခေါ်ဆောင်သွားလေ၏။

ထိုသူများ ဘုရားခန်းထဲသို့ရောက်သောအခါ ဦးဘတုတ်က ကျွန်းတံခါးကြီးကို ပိတ်လိုက်လေ၏။





ပြီးနောက် ဘုရားစင်ကို ကျောခိုင်း၍ ထိုင်လိုက်ပြီး

'' အလွန်အရေးကြီးတဲ့ အရေးတော်ပုံကြီးတစ်ခုအတွက် မင်းတို့ကို ခေါ်လိုက်ရတာပဲ ''

ဟုပြောလိုက်ရာ မြက်ဦးထုပ်ဆောင်းထားသူတစ်ယောက်က

'' ဆရာကြီးနဲ့တွေ့ရင် စွန့်စားခန်းတွေနဲ့ တွေ့ရတော့မယ်ဆိုတာ ယုံတယ်၊ ကျုပ်တို့သုံးယောက်ကလဲ စွန့်စားခန်းဖွင့်ဖို့ ဝါသနာထုံတာနဲ့ အတော်ပဲပေါ့ ''

ဟုပြောလေ၏။

လယ်ပိုင်ရှင် ဦးဘတုတ်က မြက်ဦးထုပ်ဆောင်းသူ တစ်ဦး၏ စကားကြောင့် ဆေးတံကို မီးညှိလိုက်ရင်း

'' မင်းတို့သုံးယောက် သာယာကုန်းမှာ တိုက်သွားတဲ့ကိစ္စကို ပုလိပ်ဘက်က အပူတပြင်းလိုက်နေတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပုလိပ်ဘက်က ဝါဆိုကိုတောင် စုံစမ်းနေကြတယ်၊ မင်းတို့သတိတော့ ထားကြပါ ''

ဟုပြောလေ၏။

မြက်ဦးထုပ်ဆောင်းသူတစ်ဦးက လက်ထဲရှိ ခါးမြှောင်ငယ် လေးကိုထုတ်၍ ဆော့ကစားကာ

'' ပုလိပ်တွေဘက်ကို ပူမနေပါနဲ့ဆရာကြီး၊ ဒီကောင်တွေ အရည်အချင်းမရှိဘူး၊ ကျွန်တော်တို့ လုပ်ခဲ့တဲ့ အမှုတွေကို ဘယ်တုန်းက လိုက်လို့ရခဲ့လို့လဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မထီလေးစားအမူအရာဖြင့် ပြောလေ၏။ လယ်ပိုင်ရှင် ဦးဘတုတ်က

" အခု ငါပြောမယ့် ကိစ္စက သိပ်အရေးကြီးတယ်၊ ဒီကိစ္စ အောင်မြင်ရင် မင်းတို့အားလုံး တစ်သက်လုံးအနားယူလို့ရပြီ "

ဟု ပြောလေရာ မြက်ဦးထုပ်ဆောင်းလူများသည် စိတ်ဝင်စားစွာဖြင့် ဦးဘတုတ်၏ ရှေ့သို့ တိုးကပ်လာကြ၏။

ဦးဘတုတ်က လေသံတိုးတိုးဖြင့် သူ၏အကြံအစည်များကို ပြောပြလေတော့၏။

ဘုံဘေဘားမား သစ်ကုမ္ပဏီ၏ မန်နေဂျာဖြစ်သော မိုင်ကယ်သည် သစ်လုံးအိမ်ကလေးရှေ့ရှိ ဝရန်တာတွင်ထိုင်ရင်း ဝိုင်အရက်ကို သောက်ကာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေလေ၏။

ခဏကြာလျှင် အဝေးဆီမှ မြင်းတစ်ကောင်ကို ဖုံတထောင်းထောင်းထအောင် စီးလာသော လူတစ်ယောက်ကို တွေ့ရ၏။

ထိုသူသည် ဘုံဘေဘားမား သစ်ကုမ္ပဏီ၏ ဝင်းတံခါးကြီးကို ကျော်ဖြတ်၍ မိုင်ကယ်၏ သစ်လုံးအိမ်ရှိရာသို့ မြင်းကို ကွေ့ကောက်၍ စီးလာလေ၏။

မြင်းစီးသမားကို သစ်ကုမ္ပဏီမှ အစောင့်ကုလားတပ်သားများက မိုင်ကယ်၏နေအိမ်သို့ လမ်းညွှန်ပြလေ၏။

မိုင်ကယ်၏ သစ်လုံးအိမ်ရှေ့သို့ ရောက်သောအခါ အစောင့်ဂေါ်ရခါးလူမျိုးက မြင်းသမားကို မိုင်ကယ်ရှေ့သို့ ခေါ်လာခဲ့၏။





မြင်းစီးသမားသည် မိုင်ကယ်ရှေ့တွင် ဝင်ထိုင်လိုက်ပြီး စားပွဲပေါ်ရှိ ဝိုင်အရက်ကို ဖန်ခွက်ထဲသို့ မပြောမဆို ငှဲ့သောက်လိုက်ပြီး

" ဒီအရက်တွေ ပျော့လွန်းတယ်၊ ကျုပ်ကိုယ်တိုင်ချက်တဲ့ မီးတောက်အရက်လောက် မပြင်းဘူး "

ဟုပြောလိုက်ရာ မိုင်ကယ်သည် မျက်နှာရှုံ့မဲ့သွားပြီး

" အရက်ကိစ္စကို ထားလိုက်စမ်းပါ၊ မင်းကို ဘာကြောင့်ခေါ်ရသလဲဆိုတာ မမေးတော့ဘူးလား "

ဟုမေးမြန်းလေ၏။ မြင်းသမားက ခေါင်းကိုခါယမ်းလိုက်ပြီး

" ကျုပ်ရဲ့ သခင်မက ရှမ်းပြည်ဘက်ရောက်နေတဲ့ ကျုပ်ကို လူကြုံပါးပြီး ခေါ်လိုက်တယ်၊ ဘုံဘေဘားမား သစ်ကုမ္ပဏီက မန်နေဂျာကြီးနဲ့ သွားတွေ့ရမယ်တဲ့၊ ဒီတော့ ကျုပ်က မျက်နှာဖြူစကားဆိုလို့ အေဘီစီဒီတောင် မတတ်တဲ့အတွက် မဖြစ်နိုင်ဘူးလို့ ငြင်းလိုက်တယ်၊ ဒီတော့ သခင်မက ဟဲ့ ဒီမျက်နှာဖြူက မြန်မာစကားကို ကောင်းကောင်းပြောတတ်တယ်ဟဲ့၊ နင်သွားဖြစ်အောင် သွားစမ်းပါလို့ တိုက်တွန်းတဲ့အတွက် ကျုပ်လာခဲ့တာပဲ၊ တကယ်တော့ မျက်နှာဖြူဖြစ်ပြီး မြန်မာစကားကို ကောင်းကောင်းပြောတတ်တယ်ဆိုကတည်းက ခင်ဗျားဟာ သူတစ်ပါး မျက်နှာဖြူတွေထက်ပိုဉာဏ်များ ပြီးကောက်ကျစ်မယ်ဆိုတာ သေချာပါတယ် "

ဟုပြောလေ၏။ မန်နေဂျာမိုင်ကယ်သည် မြင်းသမား၏ စကားကြောင့် မျက်နှာရှုံ့မဲ့သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



" မင်းက တွေ့တွေ့ချင်း ငါ့ရဲ့အပြစ်တွေကို ပြောနေပါလား။ မင်းတို့ မြန်မာ့စကားရှိတယ်၊ မြင်မြင်ချင်း ဆောက်နဲ့ထွင်းတယ်ဆိုတာလေ၊ နောက်ပြီးတော့ မြန်မာစကားရှိသေးတယ်၊ အမိယုဆွဲက နှုတ်ကြမ်းတဲ့၊ လူလိမ္မာသားယဥ်ပါး လူမိုက်သားရမ်းကားဆိုတာလဲ ရှိသေးတယ်၊ မင်းဟာ ဒါကြောင့် လူဆိုးလူသွမ်းဖြစ်နေတာ ဖြစ်မယ် "

ဟု ပြောလေရာ မြင်းသမားက သဘောကျဟန်ဖြင့် တဟားဟားရယ်မော၍

" ခင်ဗျားက လူဆိုးလူသွမ်းကိုတောင်ခေါ်ပြီး အလုပ်လုပ်ဖို့ကြိုးစားတယ်ဆိုတော့ လူဆိုးလူသွမ်းထက် ပိုမိုက်လို့ဖြစ်မှာပေါ့၊ ဒါကြောင့် လူဆိုးလူသွမ်းထက်ပိုမိုက်မဲ့တဲ့ လူမိုက်ဘိုးအေကြီးပဲ ဖြစ်ရမယ် "

ဟု ဒိုးဒိုးဒေါက်ဒေါက် ပြောဆိုလေ၏။ မန်နေဂျာမိုက်ကယ်က သဘောကျဟန်ဖြင့် လက်ဖျစ်တီး၍

" ကြိုက်သွားပြီ၊ မင်းနာမည် လက်မရှိ ဘိုးစောဆိုတော့ တကယ်ပဲ သတ္တိရှိမှာပေါ့ "

ဟု မေးမြန်းလေရာ ဘိုးစောက ခေါင်းညိတ်၍

" စမ်းချင်ရာ စမ်းနိုင်တယ်၊ လောကမှာ ဘိုးစောဟာ မိန်းမနဲ့ ကလေးကလွဲရင် ဘယ်သူ့ကိုမှ မညှာဘူး၊ သတ်စရာရှိရင် သတ်မယ်၊ ဖြတ်စရာရှိရင် ဖြတ်မယ် "

ဟုပြောလိုက်ရာ မန်နေဂျာ မိုင်ကယ်က လက်ဖျစ်တီး၍





" ကြိုက်သွားပြီ၊ ဒီကိစ္စက သတ်စရာလဲမလိုဘူး၊ ဖြတ်စရာလဲ မလိုဘူး "

ဟု ဆိုကာ သူ၏ ယုတ်မာကောက်ကျစ်သော ရည်ရွယ်ချက်များကို ပြောပြလေတော့၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**
အမှတ် (၅)၊ အသောကလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ရွာသားတစ်စုသည် ဆင်စခန်းသို့ ရောက်လာပြီး ရွာ၏ တောင်ဘက်စူးစူးတွင် လွန်စွာဆိုးသွမ်းသော ဆင်မည်းကြီး ရောက်ရှိနေကြောင်း သတင်းပို့လေ၏။

ထိုဆင်မည်းကြီးသည် စွယ်စုံဆင်ကြီးဖြစ်ပြီး ယမန်နှစ်က ရွာသားများ၏ စိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီးရုံမက ရွာသားတစ်ယောက်ကို ခြေဖြင့်နင်း၍ ကျန်တစ်ယောက်ကို အစွယ်ဖြင့် ထိုးခဲ့ဖူး၏။

ယမန်နှစ်က ဆင်မည်းကြီးနောက်သို့ ဆင်သမားများ လိုက်ခဲ့သော်လည်း မျက်ခြေပြတ်သွားခဲ့၏။

ယခု ဆင်မည်းကြီး ရွာသို့ တစ်ခေါက် ပြန်လာချေပြီ။





ဆင်သမား ဘိုးသာဦးသည် ဆင်စခန်းမှ ဆင်ယဉ်ကြီးတစ်ကောင်ကို ပြင်ဆင်၍ ဆင်နောက်လိုက် တစ်ဦးကိုခေါ်ကာ ဆင်မည်းကြီးနောက်သို့ တရကြမ်း လိုက်သွားလေ၏။

ထိုအချိန်တွင် ဆင်စခန်း၌ ဆင်ဖြူတော်လေးကို အစာကျွေးနေသော ရာဇာလည်း ရှိနေ၏။

ရာဇာသည် စွယ်စုံဆင်ကြီးကို တရကြမ်းစီးသွားသော ဘိုးသာဦးကြီးကို တအံ့တသြကြည့်၍

'' ဘာဖြစ်လို့လဲ ''

ဟု အော်ဟစ်မေးမြန်းလေရာ ဘိုးသာဦးကြီးက ဆင်ပေါ်မှနေ၍

'' ရွာတောင်ပိုင်းက ငှက်ပျောခြံမှာ ဆင်မည်းကြီးရောက်နေတယ် ''

ဟု အော်ဟစ်သွားလေ၏။

ရာဇာသည် စွယ်စုံဆင်ကြီးကို ချွန်းဖွင့်၍ တရကြမ်းစီးသွားသော ဘိုးသာဦးကြီး၏ နောက်ကျောကိုကြည့်၍ စိတ်လှုပ်ရှားစွာဖြင့် ကျန်ရစ်ခဲ့လေ၏။ သူသည် မီလာရှီကာအလုပ်ကို ကောင်းစွာလေ့ကျင့်ထားသဖြင့် ဆင်ဖမ်းထွက်ရာသို့ လိုက်ပါလိုလှ၏။

သို့သော် မိမိ၌ အတွေ့အကြုံမရှိသေးသဖြင့် မည်သူမျှ အဖက်လုပ်၍ မခေါ်ချေ။

ရာဇာသည် ဆင်စခန်း၌ စိတ်လှုပ်ရှားစွာဖြင့် ကျန်ရစ်ခဲ့လေ၏။

အတန်ကြာသောအခါ ဆင်သမားတစ်စုသည် ဆင်စခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာထိတ်လန့်သောဟန်ဖြင့် ရောက်လာကြပြီး

'' ဆင်နောက်လိုက် ဖိုးလုံး ဆင်ပေါ်က ပြုတ်ကျပြီး သေပြီ၊ ဘိုးသာဦးကြီးလဲ ဆင်မည်းကြီးကို တစ်ယောက်တည်း မနိုင်တော့ဘူး ''

ဟု အော်ဟစ်ကာ ဆင်စခန်းရှိ ဆင်များရှိရာသို့ပြေးကာ ဆင်တစ်ကောင်ပြီးတစ်ကောင် ချွန်းဖွင့်၍ ထွက်ရန်ပြင်လေ၏။

ရာဇာသည် ဘိုးသာဦးကြီး ဒုက္ခရောက်မည်ကို လွန်စွာစိုးရိမ်လှသဖြင့် မျက်လုံးထဲတွင် ပြာဝေသွားပြီး သူကိုယ်တိုင်ကျစ်ထားသော ဆင်ဖမ်းကြိုးကြီးကို ပခုံး၌ သိုင်းလွယ်၍ အနီးဆုံးရှိ ဆင်တစ်ကောင်ပေါ်သို့ တက်ကာ ရွာတောင်ပိုင်းသို့ အပြင်းနှင်ခဲ့လေ၏။

ရာဇာ၏ နောက်မှ ဆင်ဦးစီးများသည် ဆင်ကိုယ်စီဖြင့် လိုက်ပါလာ၏။

ရာဇာသည် ရွာလယ်လမ်းမကြီးကို ဖြတ်သန်း၍ ဆင်ကြီးကို လျှင်မြန်စွာ စီးသွားရာ ရွာသူရွာသားများသည် တအံ့တဩ ကြည့်ရှုကြလေ၏။

ရွာတောင်ပိုင်းရှိ ငှက်ပျောခြံသို့ ရောက်သောအခါ ငှက်ပျောခြံကြီးတစ်ခြံလုံး ရစရာမရှိအောင် ပျက်စီးနေကြောင်း တွေ့ရလေ၏။

ရာဇာသည် ငှက်ပျောခြံကို ဖြတ်သန်း၍ ဆင်ခြေရာများအတိုင်း လိုက်ခဲ့ရာ ရွာတောင်ပိုင်းရှိ သစ်တောကြီးအနီးတွင် ဆင်ခြေရာများကို ရှုပ်ထွေးစွာ တွေ့ရလေ၏။

ရာဇာသည် သစ်တောအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်





ပြီး ဆင်မည်းကြီးကို ရှာဖွေလေရာ သစ်တောတစ်နေရာတွင် ဘိုးသာဦးကြီးနှင့် စွယ်စုံဆင်ကြီးကို တွေ့ရ၏။

ဘိုးသာဦးကြီးက ရာဇာကိုမြင်သောအခါ မျက်လုံးပြူးသွားပြီး

'' ရာဇာ မင်း ဒီဘက်ကို လိုက်မလာနဲ့၊ အလွန်အန္တရာယ်ရှိတယ်၊ ဆင်နောက်လိုက် ဖိုးလုံးတောင် ဆင်ပေါ်က ပြုတ်ကျပြီး သေသလား ရှင်သလားမသိဘူး ''

ဟု ပြောလေရာ ရာဇာသည် ကြောက်လန့်ခြင်းမရှိဘဲ လက်သီးဆုပ်၍

'' ရတယ်၊ ကျုပ် မကြောက်ပါဘူး၊ ကျုပ်က မီလာရှိကာ လုပ်မယ့်လူပဲ၊ အတွေ့အကြုံတောင်ရသေးတယ် ''

ဟုပြောလေ၏။

ဆင်သမားဘိုးသာဦးကြီးက လက်ကာပြ၍

'' မဟုတ်ဘူးကွ၊ ဆင်မည်းကြီးဟာ သာမန်တောဆင်နဲ့ မတူဘူး၊ အင်မတန် ဉာဏ်များတယ်၊ ငါ့ရဲ့ကြိုးကို နှာမောင်းနဲ့ အကြိမ်ကြိမ်ရိုက်ထုတ်လို့ ကြိုးကွင်းနဲ့ စွပ်ဖို့ခက်နေတယ်၊ ဒီကောင်ကြီးဟာ သူ့ကို ကြိုးနဲ့ ပစ်ဖမ်းခံရဖူးလို့ အတွေ့အကြုံ ရှိနေတာဖြစ်မယ်၊ ဒီကောင်ကြီးဟာ ဆင်ယဉ်ကိုတောင် သူ့အနား အကပ်မခံဘဲ အစွယ်နဲ့ထိုးတယ်၊ ဆင်ဦးစီးကို နှာမောင်းနဲ့ရိုက်ချတယ်၊ ကြောက်စရာ သိပ်ကောင်းတဲ့ ဆင်ရိုင်းမျိုးကွ၊ ဒါကြောင့် မင်းပြန်ပါကွာ၊ ဟောဒီ တောထဲမှာ ဒီကောင်ကြီးရှိနေတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ရာဇာက ဘိုးသာဦးကြီး၏စကားကြောင့် ကြောက်ရွံ့ခြင်း မဖြစ်မိချေ။

သူသည် မီလာရှိကာ ကြိုးပစ်ခြင်းအတတ်ကို ကျွမ်းကျင်စွာ လေ့ကျင့်ထားသူဖြစ်သဖြင့်

'' ဒါဆိုရင် ဒီလိုလုပ်ကြည့်ပါ၊ ကျုပ်တို့နှစ်ယောက် အိမ်ဆင်တွေနဲ့ ဆင်မည်းကြီးနားကို ကပ်သွားကြမယ်၊ ဆင်မည်းကြီးနားကို ရောက်ရင် တစ်ယောက်က အယောင်ပြပြီး တစ်ယောက်က မီလာရှိကာနည်းနဲ့ ကြိုးပစ်ဖမ်းမယ် ''

ဟု ပြောလေ၏။

ဆင်သမားကြီး ဘိုးသာဦးက မျက်မှောင်ကြုတ်၍

'' ဖြစ်ပါ့မလားကွာ၊ မင်းကို ငါ စိတ်မချဘူး၊ တစ်ခုခုဖြစ်သွားရင် လော်ပန်ကြီးကို ငါဘယ်လို မျက်နှာပြရမလဲ ''

ဟု ပြောလေ၏။ ရာဇာက လက်ကာပြ၍

'' မဖြစ်နိုင်ပါဘူး၊ ကျုပ် မီလာရှိကာပစ်တာ ကျွမ်းကျင်နေပြီ၊ ကိုယ့်ကိုကိုယ် ယုံကြည်တယ်၊ အချိန်မရှိတော့ဘူး၊ ဘိုးသာဦးကြီး ရှေ့ကနေ အယောင်ပြလိုက်ပါ ''

ဟုပြောလေ၏။ ဘိုးသာဦးကြီးသည် ရာဇာ၏ ရဲဝံ့သောအမူအရာကြောင့် ဆင်မည်းကြီးကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ပြီး

'' ဒါဆိုရင်လည်း ချမယ်ကွာ၊ မင်းရဲ့ဆင်ကို သစ်တောအစပ်





မှာ ပုန်းအောင်းပြီး စောင့်နေပါ၊ ငါ ဆင်မည်းကြီးကို အယောင်ပြပြီး ခေါ်လာခဲ့မယ် ''

ဟုပြောကာ သစ်တောထဲသို့ သူ၏ဆင်မည်းကြီးနှင့် ဝင်သွားလေ၏။ ရာဇာသည် သူ၏ဆင်ကို သစ်ပင်များကြားတွင် ပုန်းကွယ်နေစေ၏။

ခဏကြာလျှင် သစ်တောထဲမှ ကျယ်လောင်စွာအော်ဟစ်လိုက်သော ဆင်အော်သံကြီးကို ကြောက်မက်ဖွယ်ကြားရလေ၏။

ထို့နောက် လျှောင်လျှပ်သည့်နှယ် မြေကြီးများ သိမ့်သိမ့်တုန်လာပြီး သစ်တောအတွင်းမှ ဆင်ကြီးနှစ်ကောင် ရုတ်တရက် ထွက်လာလေ၏။

စွယ်စုံဆင်ကြီးနှစ်ကောင်သည် ကိုယ်လုံးချင်းယှဉ်လိုက်ရာမှ အိမ်ဆင်သည် ဆင်မည်းကြီးနှင့် အားချင်းမယှဉ်နိုင်၍ နဘေးသို့ တဖြည်းဖြည်း ယိုင်လဲလာလေ၏။

ဆင်ကြီးနှစ်ကောင် အားချင်းယှဉ်ပြိုင်နေစဉ် ရာဇာသည် သူ၏ဆင်ကြီးကို ချွန်းဖွင့်၍ ဆင်မည်းကြီးအနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး မီလာရှိကာနည်းဖြင့် ကြိုးကွင်းပစ်လေ၏။

သို့သော် ဆင်မည်းကြီးသည် လွန်စွာအံ့သြဖွယ်ကောင်းသော အပြုအမူကို ပြုလုပ်လိုက်လေ၏။

ရာဇာ၏ မီလာရှိကာကြိုးကွင်းကို ရုတ်တရက်လှည့်ကြည့်၍ နှာမောင်းဖြင့် ရိုက်ဖယ်လိုက်ရာ ကြိုးကွင်းလွဲချော်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာ၏ ဆင်ယဉ်ကြီးကိုမြင်သဖြင့် ဆင်မည်းကြီးသည် ဘိုးသာဦးကြီး၏ဆင်ကို ကိုယ်လုံးချင်းမယှဉ်နိုင်တော့ဘဲ ရာဇာဘက်သို့ လှည့်လာလေ၏။

ဘိုးသာဦးကြီးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ သူ၏ မီလာရိုကာ ကြိုးကွင်းဖြင့် ဆင်မည်းကြီးဘက်သို့ လှမ်းပစ်ပြန်၏။

သို့သော် ဆင်မည်းကြီးသည် မယုံနိုင်ဖွယ်ကောင်းလောက်အောင် လျင်မြန်စွာဖြင့် ကြိုးကွင်းကို ရိုက်ဖယ်ပစ်ပြန်၏။

ပြီးနောက် ရာဇာ၏ အိမ်ဆင်ကြီးကို အစွယ်ဖြင့် ယှဉ်ထိုးလေ၏။

ရာဇာ၏ အိမ်ဆင်ကြီးသည် ဆင်မည်းကြီးနှင့် အစွယ်ချင်းယှဉ်ထိုးလေရာ မထိုးနိုင်ဘဲ ဖင်ထိုင်လျက်လဲကျလေ၏။

ရာဇာသည် ဆင်ယဉ်ကြီးဖင်ထိုင်လျက်လဲသဖြင့် ဆင်ပေါ်မှ ဒလိမ့်ခေါက်ကွေးပြုတ်ကျလေ၏။

ရာဇာသည် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး သူ၏ မီလာရိုကာကြိုးကို ကမန်းကတန်းဆွဲလိုက်ရာ ဆင်ပေါ်မှ ပြုတ်မကျဘဲ ဆင်၏ ဝမ်းဗိုက်အောက်သို့ ကျသွားလေ၏။

မြေပေါ်သို့ ကျသွားလျှင် ဆင်နင်းခံရပြီး အရိုးအသားတစ်ခြားစီဖြစ်သွားနိုင်၏။

ထိုမြင်ကွင်းကို အဝေးမှ လှမ်းကြည့်နေသော ရွာသူရွာသားများက ကြည့်၍ အလန့်တကြားအော်ဟစ်နေကြ၏။





ရာဇာ၏မိခင် မမြရင်သည် အဝေးမှ ကြည့်နေရာမှ သားအတွက် စိုးရိမ်သွားပြီး

" သား... သား... သတိထားပါ "

ဟု အော်ဟစ်လိုက်လေ၏။ လော်ပန်ကြီး၏ မယားကြီးနှင့် မယားငယ်ကမူ ဝမ်းသာအားရဟန်ဖြင့် ကြည့်ရှုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လှူအုပ်ကြီးအနောက်မှ ဆင်ယဉ်ကြီးတစ်ကောင် ထိုးထွက်လာပြီး ဆင်ယဉ်ပေါ်တွင် မီလာရှိကာကြိုးကိုကိုင်၍ လိုက်ပါသွားသူကိုကြည့်၍ ရွာသူရွာသားများက တအံ့တသြဖြင့်

" လော်ပန်ကြီး၊ လော်ပန်ကြီး "

ဟု အော်ဟစ်လိုက်လေ၏။ လော်ပန်ကြီးသည် မီလာရှိကာအလုပ်ကို စွန့်လွှတ်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာချေပြီ။

အခြားသော ဆင်ဦးစီးများသည် လူအုပ်၏အနောက်တွင် ဆင်များကိုစီးပြီး ရှေ့မတိုးဝံ့ဘဲ ရှိနေရာမှ လော်ပန်ကြီးသည် ဆင်





တစ်ကောင်ပေါ်သို့တက်၍ သစ်တောအစပ်သို့ မောင်းနှင်လာခြင်းဖြစ်၏။

ထိုအချိန်တွင် ရာဇာသည် အသက်အန္တရာယ်အတွက် လွန်စွာ စိုးရိမ်နေသော အခြေအနေသို့ ရောက်နေလေ၏။

သူသည် ဆင်ကြီး၏ ဝမ်းဗိုက်မှ ပြန်မတက်နိုင်သေးဘဲ ဆင်မည်းကြီးကလည်း ဆင်ယဉ်ကြီး၏ ပခုံးကို အစွယ်ဖြင့် ထိုးစိုက်ထား၏။

စွယ်စုံဆင်ကြီးသည် ပခုံးမှ သွေးများ စီးကျလာပြီး နာကျင်စွာဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

အိမ်ဆင်ကြီး ယိမ်းယိုင်သွားသဖြင့် ရာဇာသည် ဆင်၏ ဝမ်းဗိုက်အောက်မှ လှုပ်ရမ်း၍ ခါချသကဲ့သို့ ရှိ၏။

ထိုအခိုက်မှာပင် လော်ပန်ကြီးသည် ဆင်မည်းကြီး အနီးသို့ ရောက်လာပြီး မီလာရှိကာနည်းဖြင့် လှမ်းပစ်လေ၏။

သို့သော် ဆင်မည်းကြီးသည် နှာမောင်းဖြင့်ရိုက်ဖယ်၍ ရုန်းကန်လိုက်ပြန်ရာ ကြိုးကွင်းသည် စွပ်မိမလိုဖြစ်ပြီး ပြန်လွတ်သွားပြန်၏။

ရာဇာ၏ အိမ်ဆင်ကြီးသည် အနည်းငယ်သက်သာခွင့်ရပြီး အစွယ်ထိုးစိုက်ခြင်းမှ လွတ်ကင်းသွားလေ၏။

အိမ်ဆင်ကြီးသည် ရှူးခနဲအော်၍ မယိုင်မလဲအောင် ထိန်းလိုက်ရာ ရာဇာသည် ကြိုးကိုဆွဲ၍ ဆင်ပေါ်သို့ ပြန်တက်ရလေ၏။

ရာဇာသည် ဆင်ယဉ်ပေါ်သို့ ရောက်သောအခါ ချိုးပွင့်၍



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ဆုတ်ခွာရ၏။

သူ၏အိမ်ဆင်ကြီး၏ ပခုံး၌ ဒဏ်ရာပြင်းထန်စွာ ရရှိသွားလေ၏။

အိမ်ဆင်ကြီး၏ ဒဏ်ရာကို ကြည့်ရှုနေစဉ် ဆင်မည်းကြီးသည် လော်ပန်ကြီးနှင့် ဘိုးသာဦးကြီး၏ ဆင်ယဉ်များကို လိုက်လံတိုက်ခိုက်ပြန်၏။

ဆင်မည်းကြီးသည် လွန်စွာ ခွန်အားသန်မာသော တောဆင်ကြီးဖြစ်သဖြင့် လော်ပန်ကြီးနှင့် ဘိုးသာဦး၏ ဆင်ကြီးများသည် မယှဉ်နိုင်ဘဲ ဒဏ်ရာရရှိကြလေ၏။

လော်ပန်ကြီး၏ ဆင်ယဉ်ကြီးသည် ဆင်မည်းကြီးက ကိုယ်ခန္ဓာဖြင့် တွန်းတိုက်လိုက်သဖြင့် နောက်သို့ ယိမ်းယိုင်သွားပြီး အရှိန်ပြင်းလှသဖြင့် လော်ပန်ကြီးဆင်ပေါ်မှ ပြုတ်ကျလေရာ ရွာသူရွာသားများက ထိတ်လန့်စွာအော်ဟစ်လိုက်၏။

လော်ပန်ကြီးသည် ဖုံတထောင်းထောင်းထနေသော နေရာသို့ ပြုတ်ကျသွားသဖြင့် ၎င်းကိုပင် သဲသဲကွဲကွဲမမြင်ရတော့ပေ။

ဘိုးသာဦးကြီးသည် လော်ပန်ကြီးကို စိုးရိမ်စိတ်ဖြင့် ဆင်မည်းကြီးရှိရာသို့ ချွန်းဖြင့်စီးကာ အရှိန်ဖြင့် ဆောင့်တွန်းလိုက်လေ၏။

ဆင်မည်းကြီးသည် ရုတ်တရက် ဆောင့်တွန်းခံရပြီး ယိမ်းယိုင်သွားစဉ် ရာဇာသည် အခွင့်အရေးကို လက်လွတ်မခံဘဲ ဆင်မည်းကြီးရှိရာသို့ လျှင်မြန်စွာ ချွန်းဖွင့်စီးသွားပြီး မိလာရှိကာနည်းဖြင့် ကြိုးကွင်းပစ်လိုက်လေ၏။





ဆင်ကြီးသည် သူ၏ခေါင်းပေါ်သို့ ဝဲကျလာသော ကြိုးကွင်းကို နှာမောင်းဖြင့် ရိုက်ဖယ်ရန် ကြိုးစားသော်လည်း ဆင်သုံးကောင် နှင့် တိုက်ခိုက်နေရ၍ မရုန်းကန်နိုင်တော့ဘဲ ကြိုးကွင်းစွပ်ခြင်းကို ခံလိုက်ရ၏။

ရာဇာသည် ဆင်မည်းကြီးကို ကြိုးကွင်းစွပ်မိနေသဖြင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" ဟေး... "

ဟု ဝမ်းသာအားရ အော်၍ လက်သီးလက်မောင်းတန်းလိုက်၏။

အဝေးမှကြည့်ရှုနေသော ရွာသူရွာသားများကလည်း ဝမ်းသာအားရယာန်ဖြင့်

" ရာဇာကွ၊ ဆင်မည်းကြီးကို ကြိုးကွင်းစွပ်မိနေပြီ၊ ဒီကောင်ကြီးပြေးလို့ မလွတ်တော့ဘူး "

ဟု အားပေးကြ၏။

ဆင်ကြီးသည် ကြိုးကွင်းစွပ်မိသည်နှင့် ကြောက်ရွံ့စိတ်ဖြစ်ပေါ်ပြီး တောတွင်းသို့ အရှိန်အဟုန်ဖြင့် ပြေးလေ၏။

ထိုအခါ ရာဇာ၏ အိမ်ဆင်ကြီးသည် ဆင်မည်းကြီးနောက်မှ မီအောင် ပြေးလိုက်ရလေ၏။

ဆင်နှစ်ကောင်၏ ပြေးလွှားပုံမှာ လျှင်မြန်လွန်းလှသဖြင့် ရာဇာသည် ဆင်ပေါ်မှ ပြုတ်မကျရန် အလွန်သတိထားနေရ၏။

ဆင်မည်းကြီးသည် သစ်ပင်ကြီးများ ရှိရာသို့ တရှိန်ထိုးပြေးလေရာ ရာဇာသည် ဆင်ယဉ်ကြီးနောက်မှ လိုက်ပါသွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာသည် သူ၏ခန္ဓာကိုယ်နှင့် သစ်ပင်များ၊ သစ်ကိုင်းများနှင့် မရိုက်မိစေရန် ဆင်၏ဘယ်သို့လည်းကောင်း၊ ညာသို့လည်းကောင်း ရှောင်တိမ်းရလေ၏။

တစ်ခါတရံတွင် ဆင်ကြီးနှစ်ကောင်သည် သစ်ပင်များ အလွန်ထူထပ်သောနေရာသို့ ပြေးလွှားပြန်ရာ ရာဇာသည် ဆင်ကြီး၏ ဝမ်းဗိုက်အောက်တွင် တွယ်ကပ်၍ လိုက်ရပြန်၏။

သစ်ကိုင်းနှင့် သစ်ရွက်များသည် သူ၏ခန္ဓာကိုယ်ကို တဝုန်းဝုန်းရိုက်ပုတ်လေ၏။

ဆင်ကြီးနှစ်ကောင်သည် အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးလွှားရင်း အတန်ကြာသောအခါ နှစ်ကောင်စလုံး မောပိုက်လာလေ၏။

ရာဇာသည် ထိုအခါမှပင် ဆင်နှစ်ကောင်ကြားရှိ ရှည်လျားသော ကြိုးကို တဖြည်းဖြည်းတိုအောင်ပြုလုပ်ရလေ၏။

ကြိုးသည် တဖြည်းဖြည်းတိုသွားသောအခါ ဆင်နှစ်ကောင်ကြားရှိ ကွာဟမှု နည်းသထက်နည်းလာ၏။

ဆင်မည်းကြီးသည် ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာပုံရ၏။

မောပန်းစွာ အသက်ရှူနေရင်း ဒိမ်ဆင်ကြီးကို တိုက်စစ်ဆင်ရန် ပြင်ဆင်နေ၏။

ရာဇာသည် ဆင်မည်းကြီး၏ လှုပ်ရှားမှုကို သတိကြီးစွာ စောင့်ကြပ်နေရ၏။

ထိုအခိုက်မှာပင် အနီးသို့ ဆင်ယဉ်များ ဝိုင်းအုံရောက်ရှိလာ





၏။ ရာဇာသည် ဆင်မည်းကြီးနှင့် သူ၏ ဆင်အကြားရှိ ကြိုးကို တိုသထက်တိုအောင် ပြုလုပ်လေ၏။

ဆင်နှစ်ကောင်သည် တဖြည်းဖြည်း နီးကပ်လာ၏။

ဆင်ယဉ်များအားလုံးကလည်း ဆင်မည်းကြီးကို တဖြည်းဖြည်း ဝိုင်းရံလိုက်၏။

ထိုအခါမှပင် ဘိုးသာဦးကြီးက ရာဇာ၏ လက်ထဲသို့ ဓားမြှောင်တစ်လက်ကို လှမ်းပစ်ပေးလိုက်၏။

ရာဇာသည် ဓားမြှောင်ကို ဖမ်းယူလိုက်ရင်း သူ၏တာဝန်ကို သိလိုက်၏။

ဆင်မည်းကြီး၏ နားရွက်ကို သွေးထွက်အောင် ဓားဖြင့် လှီးရပေမည်။

ဆင်လောက၏ ထုံးစံမှာ ဆင်ရိုင်းကို ဖမ်းမိသူက ဆင်ရိုင်း၏ နားရွက်ကို ဓားဖြင့်လှီးရ၏။

ဆင်၏ခန္ဓာကိုယ်တွင် နားရွက်သည် နူးညံ့သောနေရာဖြစ်သဖြင့် ဆင်နားရွက်ကို ဓားဖြင့်လှီးခံရလျှင် ဆင်သည် နာကျင်ကြောက်ရွံ့ပြီး လူကို ထိတ်လန့်သွားတတ်၏။

ထိုအချိန်မှစ၍ ဆင်ရိုင်းသည် လူ၏လက်အောက်သို့ ရောက်ရှိသွားပြီဟု နာမ်နှိမ်လိုက်ခြင်းဖြစ်၏။

ဆင်ရိုင်းကို ဖမ်းမိသူသည် ဆင်ရိုင်း၏နားရွက်ကို ဓားဖြင့်လှီးပြီးမှသာလျှင် မိလာရိုက်ာအစစ် ဖြစ်ပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာသည် ဆင်ရိုင်း၏နားရွက်ကို ခေါးဖြင့် လှီးပြီးနောက် ဆင်သမားများက

'' မီလာရှိကာရာဇာကွ၊ မီလာရှိကာရာဇာ ''

ဟု အော်ဟစ်၍ အားပေးကြလေ၏။

ရာဇာသည် မီလာရှိကာဟူသောစကားကြောင့် ရင်ထဲတွင် ဖော်မပြနိုင်အောင် ဝမ်းသာကြည်နူးမိလေ၏။

သူသည် ယနေ့မှစ၍ မီလာရှိကာရာဇာဟု ဆိုနိုင်ပေတော့၏။

ထိုအခိုက်မှာပင် လော်ပန်ကြီးသည် စွယ်စုံဆင်ကြီးကို စီး၍ အနီးသို့ ရောက်လာ၏။

လော်ပန်ကြီးသည် ကံကောင်းထောက်မ၍ မည်သည့်ဒဏ် ရာဒဏ်ချက်မျှ ရရှိခြင်းရှိပုံမရပေ။

လော်ပန်ကြီးသည် ရာဇာကို နှစ်ထောင်းအားရဟန်ဖြင့် ကြည့်ရှု၍ ဆင်ချင်းပူးကပ်လိုက်ပြီး ရာဇာ၏ ဆင်ပေါ်သို့ လွှားခနဲ ခုန်တက်၏။

ရာဇာသည် လော်ပန်ကြီး၏ အပြုအမူကို အံ့ဩဟန်ဖြင့် ကြည့်ရှုနေစဉ် လော်ပန်ကြီးက ရာဇာကို ထရပ်စေ၍ ပခုံးကို ဖက်လေ၏။

ပြီးနောက် ရွာသူရွာသားများနှင့် ဆင်သမားများဘက်သို့ လှည့်၍

'' ဒီနေ့ ဆင်မည်းကြီးကို ဖမ်းခဲ့တဲ့ ရာဇာရဲ့ စွန့်စားခန်းတွေဟာ အရွယ်နဲ့မမျှအောင် အံ့မခန်းဖြစ်ခဲ့ပါတယ်၊ ဒီဒေသမှာတော့





ရာဇာဟာ အသက်အငယ်ဆုံး မီလာရှိကာတစ်ယောက် ဖြစ်သွားပါပြီ၊ ဒါကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့သွေးဟာ ဆင်သမားစစ်စစ် တစ်ယောက်ရဲ့သွေးဆိုတာ ယုံမှားသံသယဖြစ်စရာမရှိပါဘူး၊ ဒါကြောင့် ဆင်သမားအားလုံးကို သက်သေထားပြီး ကျုပ်ရဲ့သားဆိုတာ ကြေညာလိုက်ပြီ၊ ရာဇာဟာ ကျုပ်ရဲ့သားစစ်စစ်ပါ ''

ဟု အော်ဟစ်လိုက်လေရာ ရာဇာသည် ဝမ်းသာလွန်း၍ လော်ပန်ကြီး၏ မျက်နှာကို တအံ့တဩကြည့်ကာ

'' အဖေ အဖေ၊ အဖေက ကျုပ်ကို သားအဖြစ် အသိအမှတ်ပြုပြီပေါ့၊ ဝမ်းသာလိုက်တာဗျာ၊ ဝမ်းသာလိုက်တာ၊ ဒီနေ့ဟာ ကျုပ်ရဲ့ အပျော်ဆုံးနေ့ပါပဲ၊ ကျုပ်ဟာ ဒီနေ့မှာပဲ ဆင်မည်းကြီးကို ဖမ်းမိလို့ မီလာရှိကာဖြစ်တယ်၊ ဒီနေ့ပဲ အဖေက ကျုပ်ကို သားအဖြစ် အသိအမှတ်ပြုတယ်၊ ဒီနေ့မျိုးကိုရောက်ဖို့ ကျုပ်ဟာ နှစ်ပေါင်းများစွာ စောင့်မျှော်ခဲ့ရတယ်ဗျာ၊ အမေသိရင် ဘယ်လောက်များ ဝမ်းသာမလဲဗျာ၊ အမေဟာ အမှန်တရားကို သိပ်ယုံကြည်တယ်၊ တရားကို နတ်စောင့်တယ်လို့ ခဏခဏပြောတယ်၊ ဒီအကြောင်းကို အမေ့ကို အခုပဲ သွားပြောလိုက်မယ် ''

ဟုပြောကာ ရွာဘက်သို့ သွားရန်အတွက် ဆင်ပေါ်မှဆင်းလေ၏။ ဆင်ဦးစီးများသည် ဖမ်းမိထားသော ဆင်မည်းကြီးကို ရွာသို့ ဖမ်းဆီးခေါ်ဆောင်ရန် ပြင်ဆင်ကြလေ၏။

ဆင်မည်းကြီးကို ဆင်ယဉ်များက ခြံရံ၍ ရွာသို့ခေါ်ဆောင်ရန်



www.burmeseclassic.com

ပြောဆိုနေကြ၏။

ရာဇာသည် ဝမ်းမြောက်ဖွယ်သတင်းကို မိခင်အားပြောပြရန် ဆင်တစ်ကောင်ကို ငှားရမ်း၍ ရွာဘက်သို့ထွက်ခဲ့လေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ် (၇)၊ အဘောဂကာယံ၊ ကျောက်မြောင်း။

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။





ရွာသို့ရောက်သောအခါ တစ်ရွာလုံး ဆင်ဖမ်းပွဲသို့ လာရောက်ကြည့်ရှုနေသဖြင့် တိတ်ဆိတ်ငြိမ်သက်နေ၏။

သူသည် လော်ပန်ကြီး၏ ခြံဝိုင်းထဲသို့ရောက်သောအခါ

" အမေ အမေ "

ဟု အော်ဟစ်၍ အိမ်ထဲသို့ ဝင်သွားလေ၏။

သို့သော် အိမ်ငယ်လေးတွင် မိခင်ကို မတွေ့ရသဖြင့် အံ့ဩသွားလေ၏။

မိခင်သည် နှစ်ပေါင်းများစွာ အိမ်ကလေးထဲတွင်သာ အနေများ၍ အကြောင်းကိစ္စမရှိဘဲ ရွာထဲသို့ ထွက်လေ့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာသည် မိခင်ရောက်ရှိနိုင်မည့်နေရာသို့ စဉ်းစားမိသော အခါ လက်ဖျစ်တီးလိုက်၏။

မိခင်သည် ဆင်ဖြူတော်လေးထံသို့ ရောက်ရှိနေနိုင်၏။

ထို့ကြောင့် ဆင်စခန်းရှိရာသို့ ပြေးလွှား၍ သွားလေ၏။

ဤနေ့သည် သူ့ဘဝအတွက် ထူးမြတ်လှသော နေ့တစ်နေ့ ဖြစ်၏။ ဤနေ့တွင် မီလာရှိကာကြီးကွင်းစွပ်နည်းကို ကျွမ်းကျင်စွာ အသုံးချ၏။

လော်ပန်ကြီး၏ သားအဖြစ် အသိအမှတ်ပြုခံရ၏။

ထိုစိတ်နှစ်စိတ်သည် သူ့ဘဝ၏ အမြင့်ဆုံး ရည်မှန်းချက်ပင် ဖြစ်၏။

ရာဇာသည် ဆင်စခန်းသို့ ဆင်ကြီးဖြင့်ပင် အပြင်းနှင်လေ၏။

ခဏကြာလျှင် ဆင်စခန်းသို့ရောက်လေ၏။ ဆင်စခန်းတွင် လူသူ တစ်ဦးတစ်ယောက်မျှ မရှိ။

ဆင်သမားများသည် ဆင်ယဉ်များနှင့် ဆင်မည်းကြီးတိုက်ခိုက် ပုံကိုကြည့်ရှု၍ ရွာပြင်သို့ ရောက်နေ၏။

ရာဇာသည် ဆင်ဖြူတော်လေးကို သီးသန့်ထားရာ ကုန်းမြင့် ပေါ်သို့ ရောက်ရှိသောအခါ မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားလေ၏။

ဆင်တင်းကုပ်တွင် ဆင်ဖြူတော်လေးကို မတွေ့ရတော့ပေ။

ရာဇာသည် မယုံနိုင်ဟန်ဖြင့် သူ၏မျက်စိများကို ပွတ်သပ် ကြည့်ပြီး





" ဟင်… ငါ့ရဲ့ ဆင်ကလေး ဘယ်ရောက်သွားလဲ၊ စောစော ကတောင် ဆင်ကလေးကို ငါ အစာကျွေးနေတုန်းရှိသေးတယ် "

ဟုပြောဆိုကာ ဆင်တင်းကုပ်ကို လှည့်ပတ်ကြည့်လေ၏။

ဆင်ကလေးကိုယ်တွင် ချည်နှောင်ထားသော သံကြိုးများ ပြတ် တောက်၍ ဆင်ကလေးလွတ်မြောက်သွားခြင်းပင်လောဟု တွေးမိ၏။

ထိုအခိုက်မှာပင် ဆင်တင်းကုပ်၏ မနီးမဝေးတွင် လဲကျနေသော မိခင်ကိုတွေ့ရသဖြင့် လွန်စွာစိတ်ပူပြီး ပြေးပွေ့လိုက်ရာ မိခင်သည် ရင်ဝတွင် ဓားမြောင်တစ်ချောင်းစိုက်ဝင်နေပြီး ဒဏ်ရာမှ သွေးများ ကျဆင်းနေကြောင်းတွေ့ရလေ၏။

ရာဇာက စိုးရိမ်စွာဖြင့် အော်ဟစ်၍

" အမေ အမေ၊ အမေ့ကို ဘယ်သူလုပ်သွားတာလဲ "

ဟု မေးမြန်းလေ၏။ မိခင်က ဝေဒနာခံစားနေရသည့်ကြားမှ မျက်လုံးဖွင့်ကြည့်၍ ရာဇာကိုမြင်သောအခါ

" သား… သား ပြန်လာပြီလား၊ ဆင်ဖြူတော်လေးကို လူဆိုး တွေ ယူသွားပြီ၊ အမေ မနေရတော့ဘူး၊ ဆင်ဖြူတော်လေးကို ရအောင် ပြန်ယူပါသားရယ် "

ဟု မှာကြားလေ၏။ ရာဇာသည် မိခင်အတွက် လွန်စွာ ပူပင် သောကရောက်သွားပြီး

" အမေ အမေ အားတင်းထားပါ၊ ဒီနေ့ပဲ သား မီလာ[illegible] ဖြစ်တယ်၊ လော်ပန်ကြီးကလဲ သားကို သူ့သားအစစ်ဆိုပြီး [illegible]ရှာပုံး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ထုတ်ကြေညာတယ်၊ ဘယ်လောက်ဝမ်းသာဖို့ ကောင်းသလဲ ''

ဟု ပြောဆိုလေ၏။ မိခင်က အသက်ကို ခဲယဉ်းစွာ ရှူရှိုက်ရင်း

'' တကယ်လား သားရယ်၊ ဒါဆိုရင် သားကို အမေ စိတ်ချသွားပါပြီ၊ မင်းအဖေ လော်ပန်ကြီးနဲ့ လက်တွဲပြီး ဆင်ဖြူတော်လေးကို ရအောင်ယူပါနော် ''

ဟုပြောရင်း အသက်ထွက်သွားလေ၏။

ရာဇာသည် အမေ အမေဟု ကျယ်လောင်စွာ အော်ဟစ်ရင်း ဝမ်းပန်းတနည်း ရှိုက်ငိုလိုက်လေ၏။

အတန်ကြာသောအခါ လော်ပန်ကြီးနှင့် ရွာသူရွာသားများ ရောက်ရှိလာပြီး တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းမေးမြန်းကြ၏။

အကြောင်းစုံသိသောအခါ လော်ပန်ကြီးက ရွာသူရွာသားများဘက်သို့လှည့်၍

'' တကယ်တော့ ကျုပ်သားကို အမွေပေးခဲ့တဲ့ ဆင်ကလေးဟာ ဆင်အကောင်တစ်သိန်းမှာ တစ်ကောင်မပေါက်နိုင်တဲ့ ဆင်ဖြူတော်လေးပါ၊ ဆင်ဖြူတော်လေးရဲ့ အန္တရာယ်ကို စိုးရိမ်ရတဲ့အတွက် အများမသိအောင် လျှို့ဝှက်ထားရတာပါ၊ အခုတော့ ဆင်ဖြူတော်လေးကို မသမာသူတွေက ခိုးယူသွားပါပြီ၊ ဆင်ဖြူတော်လေးကို ကာကွယ်ဖို့ ကြိုးစားရင်းနဲ့ ကျုပ်မိန်းမရဲ့ အသက်ကိုတောင် ပေးလိုက်ရပါပြီ ''

ဟု ပြောလိုက်လေရာ ရွာသူရွာသားများသည် လွန်စွာအံ့ဩ





သွားလေ၏။ လော်ပန်ကြီးနှင့် ဆင်သမားများ စုဝေး၍ ဆင်ကလေးကို ဖမ်းဆီးသွားမည့် လမ်းကြောင်းများကို ခန့်မှန်းကြလေ၏။

ဆင်သမားကြီး ဘိုးသာဦးက ဆင်သမားအားလုံးကိုခေါ်၍

'' ဆင်ကလေးကို ဖမ်းဆီးသွားမယ့် လမ်းကြောင်း သုံးခုရှိတယ်၊ ကျုပ်တို့ သူတို့နောက်ကိုလိုက်ဖို့ အတော်ခက်ခဲနေတယ်၊ ဆင်ကလေးကို ခိုးယူသွားတဲ့သူတွေဟာ မြန်မာလူမျိုးတွေဖြစ်နိုင်သလို ဘုံဘေဘားမားသစ်ကုမ္ပဏီက မျက်နှာဖြူတွေလဲ ဖြစ်နိုင်တာပဲ၊ ဆင်ကလေးသွားမယ့် လမ်းကြောင်းကို ပြောပြနိုင်တဲ့သူ မရှိတာ ခက်နေတယ် ''

ဟုပြောဆိုလေ၏။ ရာဇာသည် မိခင်အတွက် ပူဆွေးဝမ်းနည်းနေသဖြင့် ၎င်းတို့၏ ဆွေးနွေးပွဲသို့ မဝင်ရောက်ဘဲ လက်သီးကို တင်းတင်းဆုပ်၍ မိခင်အတွက် ကလဲ့စားချေရန်သာ စဉ်းစားနေမိ၏။

မိခင်ကို မည်သူက ရက်ရက်စက်စက် သတ်ဖြတ်ရသနည်း။

သူတို့ မိသားစု၏ ဘဝအေးချမ်းသာယာမည့် အချိန်သို့ ရောက်[illegible]အခါမှပင် မိခင်က လူ့လောကမှ ထွက်ခွာသွားချေပြီ။

လော်ပန်ကြီးနှင့် ဆင်သမားများသည် ဆင်ကလေးကို ခိုးယူသွားမည့်လမ်းကြောင်းကို မှန်းဆရ ခက်ခဲလှသဖြင့် လမ်းသုံးသွယ်သို့ အုပ်စုသုံးစုခွဲ၍ လိုက်ရန် သဘောတူကြ၏။

ဆင်သမားကြီး ဘိုးသာဦးက ဆင်သမားများကိုကြည့်၍

'' တကယ်တော့ ကျုပ်တို့လူစုကို သုံးစုခွဲရတာ ဆင်အား



www.burmeseclassic.com

www.burmeseclassic.com



အတော်လျော့နည်းသွားတယ်၊ ဆင်သမားတွေမှာ လက်နက်ဆိုလို့ ဓားလှံနဲ့ ဒူးလေးတွေပဲ ရှိတယ်၊ ဆင်ခိုးအဖွဲ့ကတော့ သေနတ်တွေ ဘာတွေ ရှိနိုင်တယ် ''

ဟုပြောလေ၏။ လော်ပန်ကြီးတစ်ယောက်သာ ပြောင်းရှည် သေနတ်တစ်လက်ရှိနေ၏။ ရာဇာသည် ၎င်းတို့၏ စကားဝိုင်းကို နား စွင့်လိုက်ပြီး ဆင်ကလေးကို ခိုးယူနိုင်မည့်လမ်းကြောင်းကို စဉ်းစား နေမိ၏။

ခဏကြာလျှင် သူ၏ခေါင်းထဲသို့ တစ်စုံတစ်ရာ ဝင်ရောက်လာ ပြီး ထိုင်ရာမှထ၍ လော်ပန်ကြီးထံသို့သွားကာ

'' အဖေ ဆင်ကလေးကို ခိုးနိုင်မဲ့ လမ်းကြောင်းကို ကျုပ် စုံစမ်းကြည့်ရင် ရနိုင်မယ် ''

ဟု ပြောလေရာ လော်ပန်ကြီးက စိတ်လှုပ်ရှားစွာဖြင့်

'' ဘယ်လိုစုံစမ်းမှာလဲ ''

ဟု မေးမြန်းလေ၏။

ရာဇာက ဆင်စခန်း၏ အဝေးသို့ ငေးမောကြည့်၍

'' ဆံရှည်ကိုယ်တော်ဆီမှာ ''

ဟု ငြီးတိုးပြောလိုက်လေ၏။

လော်ပန်ကြီးသည် ဆံရှည်ကိုယ်တော်ဟူသောအမည်ကြောင့် မျက်လုံးပြူးသွားပြီး

'' မဖြစ်နိုင်တာဘဲ သားရယ်၊ ဆံရှည်ကိုယ်တော်နဲ့ ဘယ်သူ





သွားတွေ့လို့ဖြစ်မှာကုန်း သူ့ဆီသွားရင် သေမင်းဆီကို သွားတွေ့တာနဲ့ အတူတူပဲလေ ''

ဟုပြောလေ၏။

ဆံရှည်ကိုယ်တော် ဆိုသူမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက တိုနယ်တဝိုက်တွင် လွှမ်းမိုးထင်ရှားသော မုဆိုးကျော်ကြီးဖြစ်၏။

ဆံရှည်ကိုယ်တော်သည် မည်သို့ဖြစ်သည်မသိ မုဆိုးဘဝမှ စိတ်ဖောက်ပြန်သွားလေ၏။

သူသည် စိတ်ဖောက်ပြန်သောအချိန်မှစ၍ ရှည်လျားသော ဆံပင်များကို ကျောလယ်အထိ ဖြန့်ချထားသဖြင့် ၎င်းအား ဆံရှည် ကိုယ်တော်ဟု လူသိများ၏။

ဆံရှည်ကိုယ်တော်သည် စိတ်ဖောက်ပြန်ပြီးနောက် ရွာပြင်ရှိ တောင်ကြားလမ်းကလေးကို အပိုင်စားနေထိုင်လေတော့၏။

သူသည် တောင်ကြားလမ်းထဲသို့ ဝင်ရောက်သူများကို အမျိုး မျိုးဒုက္ခပေးလေ့ရှိ၏။

မျက်စိလည်လမ်းမှားပြီး တောင်ကြားလမ်းသို့ ဝင်ရောက်ခဲ့ သူများသည် ဆံရှည်ကိုယ်တော်၏ တိုက်ခိုက်ခြင်းကို ခံရတတ်၏။

သူသည် ဒူးလေး၊ မြား စသည်ဖြင့် ပစ်ခတ်ရုံမက တောင်ကြား လမ်းရှိကျောက်တုံးကြီးများကို ပြေပေါ်သို့လိမ့်ချ၍ ဒုက္ခပေးတတ်၏။

ဆံရှည် ကိုယ်တော်သည် တောင်ကြားလမ်းတွင်သာနေထိုင်၍ အပြင်သို့ ထွက်လေ့မရှိပေ။



www.burmeseclassic.com

ထို့ကြောင့် အနီးအနားရွာမှာ ရွာသူရွာသားများသည် ဆံရှည်ကိုယ်တော်နှင့် ရန်မဖြစ်လိုသောကြောင့် တောင်ကြားလမ်းကလေး အတိုင်း ရှောင်ကွင်း၍ သွားကြ၏။

ဆံရှည်ကိုယ်တော် အပိုင်စားယူထားသော လမ်းကလေးမှာလည်း အလွန်တိုတောင်းလှသဖြင့် ၎င်းအား ရှောင်ကွင်း၍ သွားကြခြင်းပင်ဖြစ်၏။

ဆံရှည်ကိုယ်တော်ကမူ ၎င်းအား ရွာသူရွာသားများ ကြောက်ရွံ့၍ ရှောင်ကွင်းခြင်းဟု ယူဆကာ များစွာ ဂုဏ်ယူဝမ်းမြောက်နေရှာ၏။

မိမိကိုယ်မိမိ တောင်ကြားဘုရင် ဆံရှည်ကိုယ်တော်ဟု အမည်ပေးထား၏။

ရာဇာသည် ရွာသူရွာသားများအားလုံးနှင့် ခြားနားကာ ဆံရှည်ကိုယ်တော်နှင့် မိတ်ဆွေဖြစ်ခဲ့ဖူး၏။

ဖန်ဒီဓိကွန်ဖျူးရှား





ရာဇာသည် ငယ်စဉ်ကပင် မိလာရှိကာ ကြိုးကွင်းပစ်ခြင်းကို လေ့ကျင့်ခဲ့ဖူး၏။

ဆင်ကြီးများကို ပစ်ဖမ်းရန် ကြိုးကြီးများကို မနိုင်သော အရွယ်ဖြစ်၍ ကြိုးငယ်လေးများနှင့် ကြိုးပစ်လေ့ကျင့်ခဲ့၏။

သူသည် ကျောက်တုံးကျောက်ဆောင်များ ထူထပ်သော ဆံရှည်ကိုယ်တော်၏ တောင်ကြားလမ်းကလေးသို့ ရောက်ရှိခဲ့လေ၏။

ရာဇာသည် မြင်မြင်သမျှ ကျောက်တုံးကျောက်ဆောင်များကို ကြိုးကွင်းနှင့်ပစ်ရင်း ဆံရှည်ကိုယ်တော်၏ အန္တရာယ်တောင်ကြားဆီသို့ မမျှော်လင့်ဘဲ ရောက်ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံရှည်ကိုယ်တော်သည် သူ၏တောင်ကြားလမ်းသို့ ကျူးကျော်ဝင်ရောက်လာသူအား မည်သူမဆို ကိုက်ခိုက်မောင်းထုတ်သော်လည်း ကလေးငယ်တစ်ယောက်ဖြစ်သဖြင့် အခက်တွေ့နေရလေ၏။

ထို့ပြင် ကလေးငယ်သည် ကြိုးကွင်းတစ်ခုဖြင့် ကျောက်ဆောင်ကျောက်တန်းများကို ပစ်ခတ်နေခြင်းအား အလွန်သဘောကျနေလေ၏။ ကလေးငယ်၏ ကြိုးကွင်းသည် ဖြင်ဖြင်သမျှ ကျောက်တုံးကျောက်စွယ်များကို မလွဲတမ်း စွပ်မိအောင်ပစ်နိုင်၏။

ထို့ကြောင့် ကလေးငယ်၏ အနီးသို့ တိုးကပ်၍

" ဟေ့ကောင်လေး၊ ကြိုးကွင်းတွေနဲ့ ကျောက်တုံးတွေကို ဘာဖြစ်လို့ လိုက်ပစ်နေတာလဲ "

ဟု မေးမြန်းလေရာ ရာဇာသည် ဆံရှည်ကိုယ်တော်ကို မမျှော်လင့်ဘဲ မြင်ရသဖြင့် ထိတ်လန့်သွားလေ၏။

သူသည် ကျောက်တုံးကျောက်စွယ်များကို ကြိုးကွင်းနှင့် လိုက်လံပစ်ခတ်ရင်း ဆံရှည်ကိုယ်တော်၏ ပိုင်နက်ထဲသို့ ရောက်ရှိသွားလေပြီ။

ရာဇာသည် ဆံရှည်ကိုယ်တော်ကို ကြောက်ရွံ့သော အမူအရာမပြဘဲ

" ကျုပ်က အရှုးတွေကိုဖမ်းဖို့ ကြိုးကွင်းပစ် လေ့ကျင့်နေတာ "

ဟု ခပ်တည်တည်ပြောလိုက်ရာ ဆံရှည်ကိုယ်တော်သည် အလွန်သဘောကျသွားလေ၏။ ထို့ကြောင့် လက်ခုပ်လက်ဝါးတီး၍





" ဟား ဟား ဟား... မင်းအကြံအစည်သိပ်ကောင်းတယ်၊ ရွာထဲက လူကြီးတွေအားလုံး အရူးတွေပဲ၊ ဒီလူကြီးတွေကို မင်းရဲ့ ကြိုးနဲ့မိအောင်ဖမ်းရမယ်၊ ဒါနဲ့ မင်းရဲ့ကြိုးဟာ အသက်မရှိတဲ့ ကျောက်တုံးတွေကိုပဲ ဖမ်းလို့ရမှာပေါ့၊ အသက်ရှိတဲ့ အရူးတွေကို တော့ ဘယ်လိုလုပ်မိအောင် ဖမ်းလို့ရမလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ရာဇာက

" ပစ်လို့ရမရ ခင်ဗျားကို အရင်ဆုံးစမ်းပြမယ်၊ ဟောဒီမှာကြည့် "

ဟု ဆိုကာ အရူး၏ခန္ဓာကိုယ်ကို စွပ်မိအောင် ပစ်ခတ်ပြလိုက်ရာ ဆံရှည်ကိုယ်တော်သည် အလွန်သဘောကျသွား၏။

ထို့နောက် သူ၏ခန္ဓာကိုယ်တွင် စွပ်မိနေသော ကြိုးကွင်းကိုဖြုတ်၍ အကြိမ်ကြိမ်ပြန်ပစ်ခိုင်း၏။

ရာဇာသည် ဆံရှည်ကိုယ်တော်ကို ကြိုးကွင်းနှင့် မလွတ်တန်းထိုးပစ်ပြလေရာ ဆံရှည်ကိုယ်တော်သည် ရာဇာ၏ပညာစွမ်းကို အလွန်သဘောကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယိုနေ့မှစ၍ ရာဇာကို သူ၏မိတ်ဆွေတစ်ဦးအဖြစ် အသိအမှတ်ပြုကာ တောင်ကြားလမ်းသို့ နေ့စဉ် အလည်လာရောက်စေ၏။

ရာဇာသည် ဆံရှည်ကိုယ်တော်၏ တောင်ကြားလမ်းတွင် ကြိုးကွင်းပစ်၍ ကောင်းသောကြောင့် မကြာခဏ သွားရောက်ခဲ့၏။

ထိုအခါမှပင် ဆံရှည်ကိုယ်တော်သည် အစားဆင်းရဲ အနေဆင်းရဲပြီး သနားကရုဏာသက်ဖွယ်ကောင်းကြောင်း တွေ့ရလေ၏။

ဆံရှည်ကိုယ်တော်သည် တောင်ကြားလမ်းရှိ သစ်ဥသစ်ဖုများဖြင့်သာ နေ့စဉ်စားသောက်ရရှာ၏။

ရာဇာသည် ဆံရှည်ကိုယ်တော်စားသောက်ရန် အသား ခြောက်





များ၊ ကောက်ညှင်းကျည်တောက်များ၊ လက်ဖက်သုပ်၊ ဂျင်းသုပ်စသည်များကို ဝယ်ယူပေးလေ၏။

ဤသို့ဖြင့် ရာဇာနှင့် ဆံရှည်ကိုယ်တော်သည် အခွေခင်ပွန်းဖွဲ့၍ နေထိုင်ခဲ့ပူး၏။

ရာဇာသည် ဆံရှည်ကိုယ်တော်ရှိရာ အန္တရာယ်တောင်ကြားသို့ သွား၍ ဆင်ဖြူတော်လေးနှင့် ပတ်သက်သော သဲလွန်စကို မေးမြန်းရန် ကြံရွယ်လိုက်၏။

လော်ပန်ကြီးသည် ရာဇာနှင့် ဆံရှည်ကိုယ်တော် ခင်မင်ရင်းနှီးနေသည်ဆို၍ မယုံတစ်ဝက် ယုံတစ်ဂက်ဖြင့် တောင်ကြားလမ်းသို့ လွှတ်လိုက်၏။ ရာဇာကို မြင်သောအခါ ဆံရှည်ကိုယ်တော်က

'' မင်းရောက်မလာတာကြာပြီ၊ အရှူးတွေ ဖမ်းမိနေပြီလား ''

ဟု မေးမြန်းလေ၏။ ရာဇာက ခေါင်းညိတ်၍

'' အများကြီး ဖမ်းမိထားတယ်၊ ဒါပေမယ့် အရှူးတွေက ကျုပ်ရဲ့ဆင်ကလေးကိုဖမ်းပြီး ထွက်ပြေးသွားတယ်၊ ဘယ်ကိုပြေးမှန်းလဲ မသိဘူး၊ ဘယ်သူမှလဲ ကျုပ်ကို မပြောနိုင်ဘူး ''

ဟုပြောလေရာ ဆံရှည်ကိုယ်တော်က ထိုင်ရာမှ ခုန်ထ၍

'' ငါသိတယ်၊ အရှူးတွေကို ငါသိတယ်၊ အရှူးတွေဟာ ဆင်ဖြူလေးတစ်ကောင်ကိုယူပြီး ဟိုဘက်လမ်းကသွားတယ်၊ အရှူးအားလုံး ၆ ယောက်တိတိရှိတယ်၊ ငါက တောင်ကြားဘုရင်ပီပီ တောင်ကြားကို တိုင်းခန်းလှည့်လည်နေတုန်းမှာ အရှူး ၆ ယောက်ကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ ''

ဟုပြောလေ၏။ ရာဇာသည် ဆင်ဖြူတော်လေးနှင့် ပတ်သက်၍ သဲလွန်စကို ရသဖြင့် လက်သီးဆုပ်ကာ

'' ဒါဆိုရင် ကျုပ် အမြန်လိုက်မှဖြစ်မယ်၊ ဒီအရူးတွေဟာ အရင်က အရူးတွေနဲ့မတူဘူး၊ သူတို့အားလုံးဟာ သိပ်ဆိုးတယ်၊ ကျုပ် အမြန်လိုက်မှ ဖြစ်တော့မယ် ''

ဟုပြောလေရာ ဆံရှည်ကိုယ်တော်က လက်သီးလက်မောင်း တန်း၍

'' ဒါဆိုရင် အမြန်ဆုံးလိုက်ပေတော့ အရူးတွေမှာ မီးပေါက် လက်နက်တွေရှိတယ်၊ သတိထားပြီး သွားကွာ၊ တောင်ကြားလမ်းကို ကင်းစောင့်နေရလို့ မင်းနောက်ကို ငါမလိုက်နိုင်ဘူးကွ၊ မင်းကိုတော့ ငါ စိတ်မချဘူးကွာ၊ အန္တရာယ်ဖြစ်မယ်ဆိုရင် ခြေမြန်တော်တွေ လွှတ် လိုက်ပြီး ငါ့ဆီက စစ်ကူတောင်းနိုင်တယ်၊ အရူးတွေကို ငါလဲ ဝိုင်းဖမ်း ပေးမယ် ''

ဟု အားတက်သရော ပြောလေ၏။

ရာဇာသည် ဆံရှည်ကိုယ်တော်ကို နှုတ်ဆက်၍ ဆင်စခန်းသို့ အမြန်ပြန်ခဲ့၏။

အပြစ်ကင်းမဲ့သော မိခင်ကိုသတ်၍ ဆင်ဖြူတော်လေးကို ခိုးယူ သူများကို တိုက်ခိုက်ရပေတော့မည်။

လော်ပန်ကြီးတို့လူစုထံသို့ ဆင်ဖြူတော်လေး ထွက်ခွာသွား





သော လမ်းကြောင်းကို ပြောပြလေရာ လော်ပန်ကြီးက

'' ဒါဆိုရင် ဆင်ဖြူတော်လေးကို တစ်ဖက်နိုင်ငံဘက်က ကုန် သည်တွေကို ရောင်းလိမ့်မယ်၊ လောလောဆယ် ဆင်ဖြူတော်ကို ခိုးမဲ့ အုပ်စုနှစ်စု ရှိတယ်၊ တစ်ခုကတော့ လယ်ပိုင်ရှင် ဦးဘတုတ်ရဲ့ လက်မရွံ့ လူမိုက်အဖွဲ့နဲ့ ဘုံဘောဘားမား သစ်ကုမ္ပဏီက မန်နေဂျာ မိုင်ကယ်ရဲ့ အဖွဲ့ပဲ၊ ဘုံဘေဘားမားက မိုင်ကယ်က ခိုးမယ်ဆိုရင်တော့ အင်္ဂလန် အထိ တိုက်ရိုက်သယ်သွားလိမ့်မယ်၊ ဦးဘတုတ်တို့ အဖွဲ့ဆိုရင်တော့ တစ်ဖက်နိုင်ငံက ကုန်သည်တွေလောက်ပဲ ရောင်းလိမ့်မယ် ''

ဟုပြောလေတော့၏။ ဆင်သမားကြီး ဘိုးသာဦးက

'' ဘုံဘေဘားမားက မိုင်ကယ်လဲ ကုမ္ပဏီကနေ ခရီးထွက်သွား တယ်၊ လယ်ပိုင်ရှင် ဦးဘတုတ်လဲ ဘုရားဖူးထွက်သွားတယ်လို့ ကြားရ တယ်၊ ဒါကြောင့် သူတို့နှစ်ဖွဲ့စလုံး ဆင်ကလေးကို ခိုးတာဖြစ်နိုင်တယ် ''

ဟုပြောလေ၏။ လော်ပန်ကြီးက ခေါင်းညိတ်၍

'' ကျုပ်တို့အဖွဲ့ သတင်းရတဲ့အတိုင်း လိုက်ကြရမှာပဲ၊ အခု ဆင်ဖြူတော်လေးကို ခိုးသွားတဲ့ လမ်းကြောင်းကတော့ တစ်ဖက်နိုင်ငံက ကုန်သည်တွေကို ရောင်းမယ့်သဘောပဲ၊ အချိန်မရှိတော့ဘူး၊ ကျုပ်တို့ အမီလိုက်မှဖြစ်မယ် ''

ဟုပြောလေ၏။ ရာဇာသည် ဆင်ဖြူတော်လေးကို သူတစ်ပါးလက်သို့ ရောက်သွားမည်ကို အလွန်စိုးရိမ်၏။

မိခင်အတွက် ပူဆွေးသောကနှင့် ဆင်ဖြူတော်လေးကို စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှစ်ပျိုးက သူ့အား ပိစီးနေ၏။

ထို့ကြောင့် လက်သီးဆုပ်၍

" ကျုပ်တို့ဒီအတိုင်း နောက်ကလိုက်ရင် သူတို့အဖွဲ့ကို မီမှာ မဟုတ်ဘူး၊ ဒါကြောင့် မြင်းစီးပြီး ကျုပ်ရှေ့ကလိုက်သွားမယ် "

ဟုပြောလေ၏။

ထိုအခါ ဆင်သမားကြီး ဘိုးသာဦးက မျက်မှောင်ကြုတ်၍

" ငါတို့ရွာက မြင်းမှာမရှိတာ၊ ဆင်တွေပဲ ရှိတာပဲ "

ဟုပြောလေ၏။ ရာဇာက လက်ကာပြ၍

" ကျုပ်သိပါတယ်၊ ဆင်ဖြူတော်လေးနောက်ကိုလိုက်ဖို့ မြင်း တစ်ကောင် ကျုပ်ဆီမှာရှိတယ် "

ဟုပြောလေ၏။ ထိုအခါ လော်ပန်ကြီးက အံ့သြဟန်ဖြင့်

" ဘယ်ကမြင်းလဲ "

ဟု မေးမြန်းလေ၏။ ရာဇာက သက်ပြင်းချ၍

" ဆံရှည်ကိုယ်တော်ဆီကမြင်းပါ၊ ဆံရှည်ကိုယ်တော်ဟာ သူ့ကိုယ်သူ ဘုရင်ရူး,ရူးနေတယ်ဆိုတော့ မြင်းတစ်ကောင်ကို မရရ အောင် ရှာထားတယ်၊ အဲဒီမြင်းကို ကျုပ်ရအောင် ငှားသွားမယ်၊ ဆံရှည်ကိုယ်တော်ဟာ သူ့မြင်းကို သူ အလွန်တန်ဖိုးထားတယ်၊ ဒါပေ မယ့် ရအောင် ငှားရမှာပဲ၊ မြင်းရရင် ဆင်ဖြူတော်ခိုးတဲ့အဖွဲ့ကို ကျုပ် မရရအောင် လိုက်နိုင်မှာပဲ "

ဟု ပြောလေ၏။ ရာဇာ၏ အစီအစဉ်ကို လော်ပန်ကြီးနှင့်





ဘိုးသာဦးကြီးက သဘောတူကြ၏။

ပြီးနောက် အန္တရာယ်ကို ဂရုစိုက်ရန် မှာကြားပြီး ခရီးဆက် ခွင့်ပြုလေ၏။

ရာဇာသည် ခရီးထွက်ကာနီးတွင် သေဆုံးသွားသော မိခင်ကို အားရအောင် ကြည့်ရှုနေမိ၏။

မိခင်၏လက်ကို ဆုပ်ကိုင်၍

" အမေ၊ အမေ့အတွက် သား ကလဲ့စားချေပါမယ် "

ဟု ကြုံးဝါးခဲ့လေ၏။ လော်ပန်ကြီးက ရာဇာ၏ ပခုံးကိုဖက်

" မင်းသွားစရာရှိတာသွားပါ၊ မမြရင်ကို အဖေတို့ပဲ သဂြိုဟ် လိုက်ပါမယ် "

ဟု ကြုံးဝါးခဲ့လေ၏။

ရာဇာသည် ဆင်ဖြူတော်လေး၏ အရေးအတွက် ခရီးထွက်ခဲ့ ရလေ၏။

ဆံရှည်ကိုယ်တော်ထံသို့ရောက်သောအခါ သူအလွန်တန်ဖိုး ထားသောမြင်းကို မရရအောင် ငှားရမ်းရလေ၏။

ဆံရှည်ကိုယ်တော်က ခေါင်းကို တဖျင်းဖျင်းကုပ်၍

" ငါ့မြင်းကြီးက သိပ်လိမ္မာတယ်ကွ၊ စီးရင်လဲ သိပ်မြန်တယ်၊ ငါ့မြင်းကို ငါကလွဲရင် ဘယ်သူမှ မစီးရဘူး၊ ဒါပေမယ့် မင်းက ငါ့မိတ် ဆွေပဲ၊ အရူးတွေကို လိုက်ဖမ်းဖို့ဆိုတော့လဲ ငှားရတော့မှာပေါ့မြင်း ကြီးကို အစာတော့ ကောင်းကောင်းကျွေးပါကွာ "



www.burmeseclassic.com

www.burmeseclassic.com



ဟု အတန်တန်မှာကြားလေ၏။

ရာဇာသည် မြင်းကြီးနှင့် ရင်းနှီးကျွမ်းဝင်ပြီး မကြာခဏ စီးဖူးနေသဖြင့် အခက်အခဲမရှိဘဲ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ ခရီးဆက်ခဲ့၏။


ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။






သူသည် ဆင်သူခိုးများ၏ လမ်းကြောင်းအတိုင်း ခရီးနှင်ခဲ့လေ၏။

ရာဇာသည် တစ်နေကုန် ခရီးနှင်ပြီးနောက် ဆင်သုံးကောင်ဖြင့် ခရီးသွားလာနေသော သဲလွန်စကို ရ၏။

ဆင်များ၏ မစင်ပုံကိုကြည့်၍ မစင်စွန့်သွားသော ကာလကို ခန့်မှန်းရ၏။

ရာဇာသည် ထိုနေ့ညက တောစပ်၌ မြင်းကြီးနှင့်အတူအိပ်စက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးကို တောကောင်များ၏ အန္တရာယ်မှ ကာကွယ်ရန် မီးဖိုထားရ၏။

မြင်းနှင့် ခရီးနှင်သောကြောင့် ခရီးတွင်ပြီး ဆင်ကြီးများကို နောက်ယောင်ခံနိုင်ခြင်းဖြစ်၏။

သို့သော် ရံဖန်ရံခါတွင် ဆင်များသွားလာသော လမ်းကြောင်းအတိုင်း မြင်းဖြင့်လိုက်ရန် မဖြစ်နိုင်သဖြင့် ပြေပြစ်သောလမ်းများမှ လိုက်ရလေ၏။

ထို့ကြောင့်ပင် မြင်းကြီးသည် တဖြည်းဖြည်းနောက်ကျ၍ ကျန်ရစ်ခဲ့လေ၏။

ဆင်များသည် ကျောက်တုံးကျောက်ခဲများ ထူထပ်စွာရှိနေသော လမ်းများကို ကောင်းစွာဖြတ်သန်းနိုင်၏။

ရာဇာ၏မြင်းကြီးကမူ အချို့သောတောင်ကြီးများကို ကွေ့ပတ်၍ ခရီးနှင်ရသဖြင့် တဖြည်းဖြည်းနောက်ကျကျန်ခဲ့ခြင်းဖြစ်၏။ ရာဇာသည် နေ့ လယ်ခင်းအချိန် တွင် မြင်းကြီးကို စမ်းချောင်းတစ်ခုအနီးတွင် အစာကျွေးရင်း မြေပုံ ကို ထုတ်ကြည့်လေ၏။

မြေပုံညွှန်းအရဆိုလျှင် ဆင်ဖြူတော်လေးသည် နှစ်နိုင်ငံနယ်စပ်ဒေသသို့ပင် ရောက်ရှိနေလေ၏။

ရာဇာသည် မြေပုံကိုကြည့်၍ ဆင်ဖြူတော်လေးအတွက် ရတက်မအေးနိုင်ဘဲ ဖြစ်သွားလေ၏။

နှစ်နိုင်ငံ နယ်စပ်သို့ရောက်လျှင် ဆင်ဖြူတော်လေးကို ဆုံးရှုံး





ရဖို့ သေချာသွားလေ၏။

ရာဇာသည် မြေပုံကိုငုံ့ကြည့်ရင်း လူဆိုးလူသွမ်းများကို မီအောင်လိုက်နိုင်မည့် လမ်းတစ်လမ်းကိုသွားတွေ့လေ၏။

ထိုလမ်းမှာ ချောင်းငယ်လေးတစ်ခုကို ဖြတ်သန်းထားသော ချောက်ကမ်းပါးလမ်းပင်ဖြစ်၏။

ချောက်ကမ်းပါးတစ်ဖက်သို့ရောက်အောင် ကူးသန်းနိုင်လျှင် မြင့်မားလှသော တောင်တန်းကြီးကို ကွေ့ပတ်ရောက်စရာမလိုတော့ဘဲ ဖြတ်လမ်းခရီးဖြင့် ရောက်ရှိသွားနိုင်၏။

မြေပုံထဲတွင် ချောက်ကမ်းပါးကိုသာ ဖော်ပြထားပြီး တစ်ဖက်သို့ ကူးသန်းရန် တံတားရှိပုံမရပေ။

မည်သို့ပင်ဖြစ်စေ ချောက်ကမ်းပါးနှင့် နီးကပ်စွာရှိနေသဖြင့် ရောက်အောင်သွား၍ ကြည့်ရှုရန်ဆုံးဖြတ်လိုက်၏။

ရာဇာသည် ချောက်ကမ်းပါးရှိရာသို့ ခရီးနှင်ခဲ့ပြန်၏။

ချောက်ကမ်းပါးကြီးသည် တောင်ကုန်းကြီးတစ်ခု၏အထက်၌ ရှိပြီး တောင်ကုန်းပေါ်သို့ မြင်းဖြင့်လွယ်ကူစွာ ကျော်ဖြတ်နိုင်၏။

တောင်ကုန်းပေါ်သို့ရောက်သောအခါ လေဟာဟူးဟူးတိုက်နေပြီး ချောက်ကမ်းပါးကြီးကို မြင်သောအခါ ရာဇာသည် မျက်လုံးပြူးသွားလေ၏။

ချောက်ကမ်းပါးတစ်ဖက်သို့ မြင်းဖြင့်ကူးသန်းရန် လုံးဝမဖြစ်နိုင်ပေ။ နောက်ဆုံး၌ ရာဇာသည် မြင်းကြီးကို ချောက်ကမ်းပါးတစ်ဖက်၌



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး လူကိုယ်တိုင်ကူးသန်းရန် ကြံစည်လေ၏။

မိမိ၌ ကြိုးခွေပါရှိသော်လည်း တစ်ဖက်ကမ်းသို့ ကြိုးဖြင့်ပစ်ရန် မလွယ်ကူချေ။

တောင်ကုန်းပေါ်တွင် ဝါးပင်ကဲ့သို့ အပင်များမရှိသဖြင့် တံတားထိုး၍ ကူးသန်းရန်လည်း မဖြစ်နိုင်ပေ။

ရာဇာသည် လက်ထဲတွင် ယူဆောင်လာသော မြားဖြင့်တစ်ဖက်ကမ်းသို့ ကြိုးကွင်းပစ်ရန် ကြံစည်ကြည့်၏။

မြားတံကို ကြိုးချည်၍ တစ်ဖက်ကမ်းသို့ ပစ်နိုင်သော်လည်း မြားစိုက်ဝင်သောနေရာသည် လူတစ်ကိုယ်၏အလေးချိန်ကို ခံနိုင်ဟန်မရှိပေ။

ရာဇာသည် အကြံရခက်သည်နှင့် မြားတံကို ကြိုးဖြင့်ချည်၍ တစ်ဖက်ကမ်းရှိ သစ်ပင်ရှိရာသို့ မြားဖြင့်လှမ်းပစ်လိုက်၏။

မြားသည် သစ်ပင်၏ပင်စည်တွင် စိုက်ဝင်သွားကြောင်းတွေ့ဂ ၏။ ထိုအခါ ကြိုးကိုအားစိုက်၍ ဆွဲကြည့်ရာ ပင်စည်မှ ကျွ ၊ ့သွားလေ၏။

ထိုအခိုက်မှာပင် လွန်စွာထူးဆန်းသော အဖြစ် ့ ဲ့ာ်တစ်ခုသည် ဖြစ်ပေါ်ခဲ့လေ၏။

ရာဇာ မြားပစ်လိုက်သောအပင်သည် မျောက်များ၏ မျော်စံရာဖြစ်သဖြင့် မျောက်များသည် သစ်ပင်ပေါ်မှ အစုလိုက်အပြုံလိုက် ခုန်ဆင်းပြီး မြားတံကို တအံ့တသြကြည့်ရှုကြ၏။





ထို့နောက်မြားတံတွင် ချည်နှောင်ထားသောကြိုးကို ဖြေလိုက်ပြီး မြားတံကို ချောက်ကမ်းပါးထဲသို့ ပစ်ချလိုက်၏။

မျောက်များအနက် ခွန်အားအကြီးဆုံးမျောက်ကြီးသည် တစ်ဖက်ကမ်းတွင် လက်ပိုက်ရပ်နေသော ရာဇာကိုလှမ်းကြည့်လေ၏။

ရာဇာသည် မျောက်ကြီး၏အပြုအမူကို ပြန်လည်ကြည့်ရှုရင်း တစ်ဖက်ကမ်းသို့ ကူးနိုင်မည့်နည်းလမ်းများကို ရှာဖွေပြန်၏။

ထိုအခိုက်မှာပင် မျောက်ကြီးသည် ကြိုးစတစ်စကို ကောက်ယူကြည့်ရှုလေ၏။ ထို့နောက် ကြိုးများကိုယူ၍ သူ၏ခန္ဓာကိုယ်ကို ပတ်လေ၏။

မျောက်သည် ခန္ဓာကိုယ်ကို ကြိုးဖြင့်ပတ်၍ ဝသောအခါ ကြိုးများကိုပြန်ဖြေလိုက်၏။

ပြီးနောက် ကြိုးစကိုယူ၍ သစ်ပင်၏ပင်စည်တွင် တစ်ပတ်ပြီး တစ်ပတ် ပတ်လေ၏။

မျောက်ကြီး၏အပြုအမူကိုကြည့်၍ ရာဇာသည် လွန်စွာပျော်ရွှင်သ့ လ၏။

မျောက်ကြီးသည် ကြိုးစကို ပင်စည်တွင် ပတ်ပြီးသောအခါ ရာဇာသည် တစ်ဖက်မှ ကြိုးစကိုဆွဲကြည့်ရာ လူတစ်ကိုယ်စာကို ကောင်း စွာခံနိုင်ကြောင်း သိရလေ၏။

ရာဇာသည် အခွင့်အရေးရပြီဖြစ်သဖြင့် မိမိဘက်ကမ်းရှိ ကျောက်တုံးကြီးတစ်တုံးတွင် ကြိုးကိုချည်နှောင်၍ ချောက်ကမ်းပါးကြီးကိုဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ တစ်ဖက်ကမ်းသို ကူးခဲ့လေ၏။

ချောက်ကမ်းပါးကြီး၏အောက်တွင် တသွင်သွင်စီးဆင်းနေသော ချောင်းကလေးကိုမြင်ရ၏။

ရာဇာသည် ကြိုးကိုဆွဲခိုရ်၍ တစ်ဖက်ကမ်းသို့ တရွေ့ရွေ့ကူးသန်းခဲ့လေ၏။

ချောက်ကမ်းပါးအလယ်သို့ရောက်သောအခါ ကြိုးသည် သိမ့်သိမ့်တုန်သွား၍အလန့်တကြားလှမ်းကြည့်လိုက်ရာ မျောက်များသည် မိမိကို အတုယူ၍ ကြိုးများကို ဝိုင်းဝန်း၍ ခိုဆွဲနေကြောင်း တွေ့ရ၏။

မျောက်များ၏အလေးချိန်ကို မခံနိုင်ဘဲ ခန္ဓာကိုယ်တွင်ပတ်ထားသော ကြိုးပြုတ်ထွက်သွားမှာ ကြောက်၏။ ရာဇာသည် တစ်ဖက်ကမ်းသို့ လျှင်မြန်စွာကူးသန်းရင်း လှမ်းကြည့်လိုက်ရာ ခွန်အား သန်မာသောမျောက်ကြီးသည် ပင်စည်တွင်ပတ်ထားသောကြိုးများကို တစ်ပတ်ပြီးတစ်ပတ် ဖြေနေလေ၏။

ရာဇာသည် ထိုမြင်ကွင်းကိုကြည့်၍ ဘုရားတလိုက်ပြီး တစ်ဖက်ကမ်းသို့ အမြန်ဆုံးကူးသန်းရလေ၏။ ခေါင်းဆောင်မျောက်ကြီးသည် ကြိုးများကို တစ်ပတ်ပြီးတစ်ပတ် ဖြေနေလေ၏။

ရာဇာသည် လက်များပြုတ်ထွက်မတတ် နာကျင်ပြီး မောပန်းနေသည့်ကြားမှ အသက်အန္တရာယ် နီးကပ်လှသဖြင့် အမြန်ဆုံး တစ်ဖက်ကမ်းသို့ရောက်အောင် ကူးသန်းခဲ့၏။

ရာဇာတစ်ဖက်ကမ်းသို့ရောက်ရှိရန် ရှိသမျှအင်အားများကို





စုစည်းပြီး ကူးသန်းခဲ့၏။

ရာဇာ၏ခန္ဓာကိုယ်သည် တစ်ဖက်ကမ်းသို့ရောက်ကာနီး လက်တစ်ကမ်းအလိုတွင် မျောက်ကြီးဖြေနေသောကြိုးသည် ပင်စည်မှ ကျွတ်လွတ်သွားပြီး ရာဇာ၏ခန္ဓာကိုယ်သည် လေထဲသို့ ထိုးကျသွားလေ၏။

ရာဇာသည် အထိတ်တလန့်ဖြင့် အော်ဟစ်ကာ ချောက်ကမ်းပါးထဲသို့ ထိုးကျပြီး ကံကောင်းထောက်မစွာဖြင့် ကျောက်တုံးတစ်တုံးကို ဖမ်းကိုင်လိုက်မိ၏။

ရာဇာသည် ကျောက်တုံးကြီးကိုဆွဲ၍ ချောက်ကမ်းပါးပေါ်သို့ တက်နေစဉ် မျောက်များသည် ကမ်းပါးအစပ်မှနေ၍ စုပြုံကြည့်ရှုနေလေ၏။

သူသည် ကျောက်တုံးကြီးတစ်တုံးကို ခက်ခက်ခဲခဲ ဆွဲတက် ရင်း ချောက်ကမ်းပါးထိပ်သို့ရောက်ကာနီးတွင် ခေါင်းဆောင်မျောက်ကြီးသည် သဘောကျဟန်ဖြင့် ခွီးခနဲအသံပြု၍ ချောက်ကမ်းပါးအစပ်မှ တွယ်ကပ်၍ဆင်းကာ သူ၏လက်ကို ကမ်းပေးလေ၏။

ရာဇာသည် မျောက်ကြီး၏အပြုအမူကို တအံ့တသြကြည့်ရှု၍ မျောက်၏လက်ကို ဆွဲသင့်မသင့် စဉ်းစားနေလေ၏။

ထို့နောက်တွင်မူ ချောက်ကမ်းပါးထိပ်သို့ တွယ်ကပ်တက်ရန် အခက်အခဲရှိသဖြင့် မျောက်ကြီး၏လက်ကို အရဲစွန့်၍ဆွဲကာ တောင်ထိပ်ပေါ်သို့ တက်ခဲ့၏။

တောင်ပေါ်သို့ရောက်သောအခါ မျောက်များသည် ရာဇာကို



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်မပြုဘဲ ခပ်လှမ်းလှမ်းမှနေ၍ ဝိုင်းအုံကြည့်ရှုနေ၏။

ရာဇာကို လက်ကမ်းပေး၍ ကယ်တင်ခဲ့သော ခေါင်းဆောင်မျောက်ကြီးသည် ငှက်ပျော်သီးတစ်ဖီးကို ယူလာ၍ ရာဇာကို လှမ်းပစ်ပေးလေ၏။

ရာဇာသည် အသိဉာဏ်ရှိလှသော မျောက်ကြီးကိုကြည့်၍ လွန်စွာထူးဆန်းနေမိလေ၏။

သို့သော် မျောက်များကိုလေ့လာရန် အချိန်မရတော့ဘဲ ဆင်ဖြူတော်အတွက် ခရီးဆက်ရန်ရှိသဖြင့် ငှက်ပျောသီးများကိုစား၍ မျောက်အုပ်စုကို လမ်းခွဲထွက်ရန် ပြင်လေ၏။

သူသည် မျောက်ကြီး၏အနီးသို့သွား၍ ပခုံးကိုလက်ဖြင့်ပုတ်ကာ ခရီးဆက်ခဲ့လေ၏။ ရာဇာသည် တောလမ်းခရီးအတိုင်း နှစ်နာရီခန့်ခရီးဆက်ပြီးသောအခါ နှစ်နိုင်ငံနယ်စပ်ဒေသသို့ရောက်လေ၏။





သူသည် ဆင်ဖြူတော်နှင့်ပတ်သက်၍ သဲလွန်စကို ရှာဖွေကြည့်ရာ ဆင်ဖြူတော်ကို ခိုးယူသွားသော လူများမရောက်သေးကြောင်းတွေ့ရလေ၏။

ရာဇာသည် တောင်ကြားလမ်းကလေးရှိ မြင့်မားသော ကျောက်ဆောင်ပေါ်သို့တက်၍ လူဆိုးလူသွမ်းများ လာရာလမ်းကို ကြည့်ရှုနေလိုက်၏။ အတန်ကြာသောအခါ တရွေ့ရွေ့လှမ်းလာနေသော ဆင်ဖြူတော်လေးကို ခိုးယူသွားသော အဖွဲ့ကိုတွေ့လိုက်ရလေ၏။

ရာဇာသည် ဆင်ဖြူတော်လေးကို ပြန်လည်ရယူရန် နည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



များကို အလျှင်အမြန်စဉ်းစားနေမိ၏။

လူဆိုးလူသွမ်းအဖွဲ့သည် လှေအင်အားတောင့်တင်းပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်လာ၏။

မိမိ၌ ဓားမြှောင်နှင့်မြားတစ်လက်သာပါ၏။ ရန်သူများကို ရင်ဆိုင်တိုက်ခိုက်လျှင် အန္တရာယ်ရှိနိုင်၏။

ရာဇာသည် တရွေ့ရွေ့ခရီးဆက်လာသော လူဆိုးလူသွမ်းများကိုကြည့်ရှု၍ မိခင်သေဆုံးခဲ့ပုံကို အမှတ်ရကာ သွေးများဆူပွက်လာလေ၏။

ဤလူစုမှ တစ်ယောက်သောသူသည် မိခင်ကို ရက်ရက်စက်စက်သတ်ဖြတ်သွားသူပင်ဖြစ်လိမ့်မည်။

ရာဇာသည် လူဆိုးလူသွမ်းအဖွဲ့ကိုကြည့်ရှုရင်း တောထဲတွင် မျောက်များလှုပ်ရှားသွားလာပုံကို မျက်လုံးထဲ၌ မြင်ယောင်လိုက်မိ၏။

မျောက်များသည် မြင့်မားသောသစ်ပင်ကြီးများ တစ်ပင်နှင့်တစ်ပင်သို့ နွယ်ကြိုးများကို ခိုတွယ်၍ ကူးသန်းသွားလေ၏။

ရာဇာသည် မျောက်များကို အတုခိုး၍ ဆင်ဖြူတော်ကို ပြန်လည်ရယူရန် နည်းလမ်းကို စဉ်းစားမိ၏။

ထို့ကြောင့် ကျောက်ဆောင်ပေါ်မှဆင်းကာ တောင်ကြားလမ်းရှိ ကြီးမားသော သစ်ပင်ကြီးပေါ်သို့ တွယ်ကပ်တက်ခဲ့၏။

တောင်ကြားလမ်းထဲတွင် နေပျောက်မထိုးနိုင်အောင်ပင် သစ်ပင်ကြီးများ ထူထပ် ဖွာပေါက်ရောက်နေ၏။





ရာဇာသည် သစ်ပင်ကြီးပေါ်သို့ရောက်သောအခါ ဆင်ဖြူတော်လေးကို ခိုးယူလာသောအဖွဲ့သည် တောင်ကြားလမ်းထဲသို့ ဝင်ရောက်လာလေ၏။

ရာဇာသည် ဆင်သူခိုးအဖွဲ့ကို အနီးကပ်ကြည့်ရှုသောအခါ လယ်ပိုင်ရှင်ဦးဘတုတ်ခေါင်းဆောင်သော ဓားပြအဖွဲ့ပင်ဖြစ်ကြောင်း တွေ့ရ၏။

လယ်ပိုင်ရှင်ဦးဘတုတ်နှင့်အတူ သူနှင့်ရန်ဖြစ်ခဲ့ဖူးသော လယ်ပိုင်ရှင်သား ဘမြင့်ကိုလည်း တွေ့ရလေ၏။

၎င်းတို့လူစုသည် ရာဇာပုန်းခိုနေသော သစ်ပင်ကြီးအောက်သို့ ရောက်သောအခါ လယ်ပိုင်ရှင်ဦးဘတုတ်က

'' ငါတို့ ဒီနေရာက စောင့်မယ်ဟေ့၊ တစ်ဖက်နိုင်ငံက ကုန်သည်တွေနဲ့ တောင်ကြားလမ်းမှာ ချိန်းထားတယ်ဆိုတော့ ဒီနေရာဟာ အကောင်းဆုံးပဲ ''

ဟုပြောလေ၏။

ရာဇာသည် သစ်ပင်ကြီးပေါ်ရှိ သစ်ကိုင်းများ ပေါ်တွင်ထိုင်ရင်း ၎င်းတို့လူစု၏ အပြုအမူကို စောင့်ကြည့်နေလေ၏။

လယ်ပိုင်ရှင်သားဘမြင့်က ဆင်တစ်စီးပေါ်မှနေ၍ ရာဇာရှိသော သစ်ပင်ပေါ်သို့မော့ကြည့်ကာ

'' အပင်ကြီးတွေက သိပ်ကောင်းတော့ နေပျောက်မထိုးနိုင်ဘူး၊ အပင်ပေါ်မှာ မျောက်တွေဘာတွေရှိရင် ပစ်ချစမ်းဗျာ၊ အနေစာ



www.burmeseclassic.com

www.burmeseclassic.com



ကို မျောက်သားနဲ့စားရအောင်လို့ ''

ဟုပြောလေရာ ရာဇာသည် သူ၏ခန္ဓာကိုယ်ကို သစ်ရွက်များကြားတွင် ပုန်းကွယ်လိုက်ရလေ၏။

လယ်ပိုင်ရှင်ဦးဘတုတ်တို့လူစုသည် ထိုနေရာမှာပင် စခန်းချ၍ မီးပုံကြီးများဖိုကာ အသားဘူး ငါးဘူးများကို ဖောက်၍ စားသောက်ကြလေ၏။

ရာဇာသည် သစ်ကိုင်းပေါ်တွင်ထိုင်၍ ၎င်းတို့စားသောက်နေပုံကိုကြည့်ကာ ရင်ထဲတွင် ဆာလောင်သလိုရှိ၏။ ထို့ကြောင့် အသင့်မီးဖုတ်ထားပြီးဖြစ်သော ဆတ်သားခြောက်တစ်ချောင်းကိုကိုင်၍ ကိုက်ဝါးနေမိ၏။

ဆတ်သားခြောက်တစ်ချောင်းကုန်သွားသောအခါ ဗိုက်ထဲတွင် ဆာလောင်နေဆဲဖြစ်သဖြင့် လွယ်အိတ်ထဲမှ ဆတ်သားခြောက် တစ်ချောင်းကို ထပ်မံယူ၍ ကိုက်ဝါးနေရာမှ လက်မှလွတ်ကျသွားလေ၏။

ထိုအခါ ဆတ်သားခြောက်သည် လယ်ပိုင်ရှင်သားဘမြင့်၏ ပေါင်ကြားထဲသို့ ဖုတ်ခနဲကျလေရာ ရာဇာသည် ခေါင်းနပန်းကြီးသွားလေ၏။

ဘမြင့်သည် သူ့အား ခေးပြုအဖွဲ့မှ ဆတ်သားခြောက်လှမ်းပစ်ပေးသည်ထင်၍ ကောက်ယူ၍ ဝါးစားလိုက်ရင်း

'' ကောင်းလိုက်တဲ့ ဆတ်သားခြောက်ဗျာ၊ ဆားပေါ့လေးနဲ့ အနေတော်လုပ်ထားတယ်၊ ပေးစမ်းပါဦးဗျူ၊ အသားဘူး ငါးဘူးတွေ





ဖောက်စားရတာ အရသာကိုမတွေ့ဘူး ''

ဟုပြောလေရာ ခေးပြုတစ်ဦးက လယ်ပိုင်ရှင်သားကို အူကြောင်ကြောင်ကြည့်၍

'' ကျုပ်တို့ဆီမှာ ဆတ်သားခြောက်မှမပါတာ၊ ဘယ်လိုလုပ်ပေးရမှာလဲ ''

ဟုမေးမြန်းလေ၏။ ဘမြင့်က ရယ်မော၍

'' ဟဲဟဲ မနောက်ပါနဲ့ဗျာ၊ စောစောက ဆတ်သားခြောက်က စားလို့ကောင်းလွန်းလို့ပါဗျူ ပေးစမ်းပါဦး ''

ဟုတောင်းဆဲပြန်၏။ ထိုအခါ ခေးပြုက ခေါင်းကုတ်၍

'' မင်း ဘာတွေပြောနေတာလဲ၊ ငါတို့ခရီးထွက်ဖို့ ရိက္ခာစုဆောင်းတုန်းက အသားဘူး ငါးဘူးတွေပဲပါတယ်၊ အသားခြောက်ဆိုလို့ ဘာမှမပါဘူး ''

ဟုပြောလေ၏။ လယ်ပိုင်ရှင်သားသည် သူ့အား အတည်ပေါက်နှင့် နောက်နေသည်ဟုထင်ကာ ကျွဲမြီးတိုသွား၏။

ဘမြင့်သည် သူ့အားအကြောင်ရိုက်ခံရသည်ဟု သဘောထားကာ မကျေမနပ်ကြည့်၍

'' ခင်ဗျားတို့ မနောက်ပါနဲ့ဗျာ၊ အခုပဲ ကျုပ်ပေါင်ပေါ်ကို ဆတ်သားခြောက်တစ်ချောင်း လှမ်းပစ်ပေးပြီးတော့ ''

ဟုပြောလေရာ ခေးပြုတစ်ဦးက မျက်မှောင်ကြုတ်၍

'' လယ်ပိုင်ရှင်ကြီးသားတော့ တောစောင့်နတ်မင်း ဖမ်းစား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပေါက်ကရလျှောက်ပြောပြီထင်တယ်၊ သူ့ကို ဘယ်သူက ဆတ်သားခြောက်နဲ့ပစ်ရမှာလဲ ''

ဟုပြောလေရာ ဘမြင့်သည် စကားမဆက်တော့ဘဲ စိတ်ဆိုးဟန်ဖြင့် ငြိမ်သက်သွားလေ၏။

ထိုအခိုက် အနီးသို့ လယ်ပိုင်ရှင်ကြီးရောက်လာပြီး

'' ညနေစောင်းရင် ငါတို့နဲ့ချိန်းထားတဲ့ ကုန်သည်အဖွဲ့လာလိမ့်မယ်၊ သူတို့နဲ့အတူ ဆင်ဖြူတော်ရဲ့ကြန်အင်လက္ခဏာကို ဖတ်ကြားပေးနိုင်တဲ့ ပညာရှိတစ်ယောက်လဲ ပါလိမ့်မယ်၊ ဆင်ဖြူတော်ကို ငါတို့လိုချင်တဲ့ဈေးရရင် ရောင်းလိုက်ပြီး ရွာကို ဣန္ဒြေမပျက်ပြန်ရုံပဲ ''

ဟုပြောလေ၏။

ထိုအခါ လယ်ပိုင်ရှင်သားဘမြင့်က လက်သီးဆုပ်၍

'' ကျုပ်တို့နောက်ကို လော်ပန်ကြီးတို့လူစု လိုက်လာနိုင်တယ်နော် ''

ဟုပြောလေရာ လယ်ပိုင်ရှင်ကြီးက ခေါင်းခါ၍

'' ငါတို့သွားမဲ့လမ်းက သုံးသွယ်လောက်ရှိတယ်၊ တိတိကျကျ လိုက်လာနိုင်ဖို့မလွယ်ဘူးကွ၊ လိုက်လာရင်လဲ သူတို့မှာ လေးမြှားနဲ့ ဓားလုံလောက်သာရှိတာပဲ၊ ငါတို့လက်နက်တွေကို ယှဉ်လို့မရပါဘူး ''

ဟုပြောလေ၏။ ထိုအခါ ဘမြင့်က

'' ရာဇာဆိုတဲ့ကောင်တော့ သူ့အမေကိုသတ်ခဲ့လို့ ဆွေ့ဆွေ့ခုန်ပြီး ကျန်ရစ်ခဲ့မှာပဲ၊ အဘွားကြီးက ရှေ့ကနေ ကန့်လန့်ကန့်လန့်





လုပ်နေလို့ ကျုပ်ရှင်းခဲ့တာ၊ မူလက သတ်ဖို့ရည်ရွယ်ချက်မရှိပါဘူး ''

ဟုပြောလေရာ ရာဇာသည် မိခင်ကို သတ်ဖြတ်သူမှာ လယ်ပိုင်ရှင်သား ဘမြင့်ဖြစ်မှန်းသိ၍ သွေးများပွက်ပွက်ဆူလာပြီး လယ်ပိုင်ရှင်သားကို ယခုပင် ထ၍ သတ်ချင်စိတ်များဖြစ်ပေါ်လာ၏။

မိခင်အတွက် ဘမြင့်ကို လက်စားချေရပေမည်။ မိခင်သေဆုံးသကဲ့သို့ ဘမြင့်လည်း လူ့လောကကို စွန့်ခွာရပေမည်။

ရာဇာသည် အချိန်မတန်သေးသဖြင့် ဘမြင့်ကို လက်တုံ့မပြန်သေးဘဲ စောင့်နေလေ၏။

လယ်ပိုင်ရှင် ဦးဘတုတ်က လက်သီးဆုပ်၍

'' ငါတို့ တစ်ဖက်နိုင်ငံက ကုန်သည်အဖွဲ့နဲ့တွေ့ပြီး မနက်ဖြန်မနက်မှာတော့ အရောင်းအဝယ်တည့်မှာပဲ၊ အရောင်း အဝယ်မဖြစ်မီ အတားအဆီးလုပ်တဲ့သူနဲ့တွေ့ရင် ဘယ်သူမဆို အသေသာ ရှင်းပစ်လိုက်၊ ငါတို့ရဲ့ အရောင်းအဝယ်ကို အပျက်မခံနိုင်ဘူး၊ ဆင်ဖြူတော်လေးကို ဘုံဘေဘားမားကုမ္ပဏီက မျက်နှာဖြူတွေကလဲ လိုချင်နေတယ်လို့သိရတယ်၊ ဒီတော့ ဒီကောင်တွေရဲ့ အနှောင့်အယှက်ကိုလဲ သတိပြုရမယ် ''

ဟု ပြောလေ၏။ ရာဇာသည် သစ်ပင်ကြီးပေါ်မှထိုင်၍ ၎င်းတို့အဖွဲ့၏ ယုတ်မာပက်စက်သော အကြံအစည်များကို နားထောင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းသောအခါ တစ်ဖက်နိုင်ငံမှ ကုန်သည်အဖွဲ့သည် မြင်းကိုယ်စီဖြင့် ရောက်လာလေ၏။

ကုန်သည်အဖွဲ့နှင့်အတူ မြင်းဖြူကြီးတစ်ကောင်ကို စီးထားသော မိန်းမလှတစ်ယောက်ပါရှိ၏။

သူမ၏ အသားအရောင်သည် ရွှေရောင်ဝင်းနေပြီး ရှည်လျားသော ဆံပင်များကို ဖားလျားချထားသဖြင့် အလွန်ကြည့်ကောင်း၏။

သူမ၏ အရပ်အမောင်းမှာ မြင့်မားပြီး ကိုယ်လုံးကိုယ်ပေါက်မှာ ယောကျ်ားများအသက်ရှူမှားစေ၏။





သူမ၏ ဝတ်စားဆင်ယင်ပုံမှာ အလွန်ကြော့ရှင်းပြီး နန်းဆန်သော အမူအရာရှိ၏။

ဦးဘတုတ်နှင့် ဓားပြများသည် ကုန်သည်အဖွဲ့ကို ကြိုဆို၍ ဆင်ဖြူတော်လေးကို ပြသလေ၏။

ကုန်သည်အဖွဲ့ရှိ လူများအားလုံး မြန်မာစကားကို အသင့်အတင့်ပြောဆိုတတ်သဖြင့် ဦးဘတုတ်တို့နှင့်ကောင်းစွာပြောဆိုနိုင်၏။

ကုန်သည်အဖွဲ့နှင့် လိုက်ပါလာသော ဥပဓိရုပ်ကောင်းမွန်သည့် အဘိုးကြီးသည် ဆင်ကြန်အင်လက္ခဏာဖတ်နိုင်သူဖြစ်၏။

အဘိုးကြီးသည် တစ်ညနေလုံး ဆင်ဖြူတော်လေးကို အဖက်ဖက်မှ စစ်ဆေးကြည့်ရှုလေ၏။

ညနေစောင်းသောအခါမှပင် ဆင်ဖြူတော်လေးကို ကြည့်ရှုခြင်းရပ်တန့်ကာ ကုန်သည်အဖွဲ့တွင်လိုက်ပါလာသော မိန်းမလှကို တီးတိုးတိုင်ပင်ရလေ၏။

ထိုမိန်းမသည် ကုန်သည်အဖွဲ့တွင် ဩဇာရှိပုံရပြီး မြန်မာစကားပြောတတ်ပုံမရချေ။

ကုန်သည်အဖွဲ့ဝင်များက ဦးဘတုတ်တို့လူစုအား ဆင်ဖြူတော်ကို ရောင်းမည့်ဈေးကို မေးမြန်းလေရာ ဦးဘတုတ်က ဆင်ဖြူတော်၏ရောင်းဈေးကို ရွှေဒင်္ဂါးအပြားငါးထောင်သတ်မှတ်လေ၏။

ရာဇာသည် ဦးဘတုတ်၏တောင်းဆိုမှုကြောင့် မျက်လုံးပြူးသွားလေ၏။ ဆင်ဖြူတော်လေး၏ တန်ဖိုးကိုလည်း ပိုမိုနားလည်



www.burmeseclassic.com

www.burmeseclassic.com



လာမိ၏။

ကုန်သည်အဖွဲ့က ယနေ့ညနေ စဉ်းစားပြီး နောက်တစ်နေ့တွင် အကြောင်းပြန်မည်ဟုဆိုလေ၏။

ညသို့ရောက်သောအခါ ကုန်သည်အဖွဲ့က ရွက်ဖျင်တဲကြီး သုံးလုံးထိုးကာ အိပ်စက်လေ၏။

ဦးဘတုတ်တို့လူစုသည်. မီးဖိုကြီးများဖို၍ မလှမ်းမကမ်းတွင် အိပ်စက်လေ၏။





ရာဇာသည် ညဥ့်နက်သောအခါ သစ်ပင်ပေါ်မှ တိတ်တဆိတ် ဆင်း၍ ဆင်ဖြူတော်လေးကို ခိုးယူရန် ကြံစည်လေ၏။

သို့သော် ဆင်ဖြူတော်လေးသည် အဖိုးထိုက်တန်လှသဖြင့် ဦးဘတုတ်တို့လူစုသည် အထူးဂရုပြု၍ စောင့်ကြပ်နေသည်ဖြစ်ရာ ခိုးယူရန် မလွယ်ကူလှချေ။

ထို့ကြောင့် တစ်ဖက်နိုင်ငံကုန်သည်များ၏ ရွက်ဖျင်တဲရှိရာသို့ တိတ်တဆိတ်တိုးကပ်ပြီး နားထောင်ကြည့်လေရာ ကုန်သည်များသည် မြန်မာစကားနှင့် ၎င်းတို့၏ ဘာသာစကားကို ရောစပ်၍ ပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

ငင်းတို့သည် ဆင်ဖြူတော်လေးကို ကြန်အင်လက္ခဏာများ စစ်ဆေးသောအခါ ဆင်ဖြူတော်အစစ်ဖြစ်ကြောင်း အတည်ပြုကြ၏။

ရာဇာသည် မီးလင်းနေသော ရွက်ဖျင်တဲတစ်လုံးသို့ တိုးကပ်သွားပြီး ရွက်ဖျင်တဲကို ဓားဖြင့်ခွဲ၍ အတွင်းသို့ချောင်းကြည့်လိုက်ရာ သံသားရေပြားတစ်ချပ်ပေါ်တွင် ထိုင်၍ တစ်စုံတစ်ရာကို စဉ်းစားနေသော ချောမောလှပသည့် မိန်းမကို မြင်ရလေ၏။

သူမသည် ခဏကြာသောအခါ အဝတ်အစားများကို လဲလှယ်၍ ဂါဝန်ရှည်ကြီးတစ်ထည်ကို ပြောင်းလဲဝတ်ဆင်လေ၏။

ရာဇာသည် သူမ၏ ရှုမငြီးသောအလှကို ရှုစားရင်း မျက်တောင်ခတ်ရန်ပင် မေ့လျော့သွားလေ၏။

ထိုအခိုက်မှာပင် သူမ၏ ရွက်ဖျင်တဲအတွင်းသို့ ကုန်သည်သုံးဦးဝင်ရောက်လာပြီး ၎င်းတို့ဘာသာဖြင့် စကားပြောဆိုလေ၏။

ကုန်သည်များသည် ရွက်ဖျင်တဲအတွင်း၌ သူမကို ပိုမို၍ ကြည်ညိုလေးစားဟန်ရှိပြီး အကြီးအကဲတစ်ယောက်ကဲ့သို့ လက်အုပ်ချီ၍ ဂါရဝပြုကြောင်းတွေ့ရ၏။

ထိုမိန်းမသည် တစ်ဖက်နိုင်ငံရှိ မင်းမျိုးမင်းနွယ်ဝင် တစ်ဦးဖြစ်နိုင်ကြောင်း ရိပ်စားမိလေ၏။

ကုန်သည်များသည် ခဏကြာအောင် ဆွေးနွေးပြီး မိန်းမလှ၏ ရွက်ဖျင်တဲမှ ပြန်ထွက်သွားလေ၏။





ကုန်သည်များ ပြန်ထွက်သွားသောအခါ မိန်းမလှသည် အခန်းထောင့်ရှိ လွန်စွာလှပသော ယွန်းဘူးလေးကို ဖွင့်လိုက်ပြီး ယွန်းဘူးထဲမှ ငွေရောင်တလက်လက်တောက်ပနေသော ခြောက်လုံးပြူး သေနတ်လေးကို ထုတ်ယူလိုက်၏။

ပြီးနောက် ခြောက်လုံးပြူးဖြင့် ရာဇာရှိရာဘက်သို့ တည့်မတ်စွာ ချိန်ထားပြီး

'' အမှောင်ထဲက ချောင်းကြည့်မနေနဲ့၊ ကျွန်မရဲ့ တဲထဲကို ဝင်လာခဲ့ပါ ''

ဟု အမိန့်ပေးလိုက်ရာ ရာဇာသည် ထိတ်လန့်သွားလေ၏။

မိမိ ချောင်းမြောင်းကြည့်ရှုနေခြင်းကို မိန်းမချောသည် ရိပ်စားမိနေပုံရ၏။

ရာဇာသည် သက်ပြင်းချ၍ သူမရှိရာ ရွက်ဖျင်တဲထဲသို့ ဝင်ရောက်သွားလေ၏။

ရွက်ဖျင်တဲထဲသို့ ရောက်သောအခါ မိန်းမချောက ရာဇာကို သေနတ်ဖြင့်ချိန်၍ အံ့ဩဟန်ဖြင့်ကြည့်ကာ မြန်မာဘာသာဖြင့်ပင်

'' ဟင်... ရှင်က ဦးဘာတုတ်ရဲ့အဖွဲ့က မဟုတ်ပါလား ''

ဟု ရေရွတ်လေ၏။

ရာဇာက ခေါင်းညိတ်၍

'' ကျုပ်နဲ့ လူယုတ်မာကြီး ဦးဘာတုတ် ဘာမှမဆိုင်ဘူး၊ ကျုပ်က ဆင်ဖြူတော်လေးကို ကယ်တင်ဖို့လိုက်လာတာ၊ ခင်ဗျားရဲ့ရွက်



www.burmeseclassic.com

www.burmeseclassic.com



ဖျင်ကဲကို ချောင်းကြည့်သလိုဖြစ်ရင် ကျုပ်ကိုခွင့်လွှတ်ပါ ''

ဟု ပြောလေရာ ချောမောလှပသော မိန်းကလေးသည် အံ့ဩဟန်ဖြင့်

'' ဟင်... ရှင်က ဆင်ဖြူတော်လေးကို ကယ်တင်ဖို့ဟုတ်လား၊ ကျွန်မတော့ နားမလည်နိုင်တော့ဘူး၊ ရှင်းပြပါဦး ''

ဟု တောင်းဆိုလေ၏။

ရာဇာက ဆင်ဖြူတော်လေးနှင့်ပတ်သက်သော ဘဝနောက်ကြောင်းကို ပြောပြလေတော့၏။

မိန်းမချောသည် ရာဇာ၏စကားများကို ငြိမ်သက်စွာနားထောင်နေပြီး စကားဆုံးသောအခါ

'' ဒါဆိုရင်တော့ တော်ပါသေးရဲ့ရှင်၊ ကျွန်မတို့ အမှားကြီးမှားတော့မလို့၊ ကျွန်မတို့က ဆင်ဖြူတော်လေးကို ဦးဘတုတ်ခိုးလာတာတော့မသိဘူး၊ သူပိုင်ဆင် အောက်မေ့လို့ ရွှေဒင်္ဂါးအပြားငါးထောင်ပေးပြီး ဝယ်ဖို့တောင် စဉ်းစားပြီးပြီ၊ ရှင်ပိုင်တဲ့ဆင်ဆိုရင်တော့ ကျွန်မတို့မဝယ်တော့ပါဘူး၊ ဆင်ဖြူတော်လေးအတွက် သေဆုံးခဲ့ရတဲ့ ရှင့်အမေအတွက်လဲ ကျွန်မ စိတ်မကောင်းပါဘူး ''

ဟု ပြောကာ ရာဇာ၏လက်ကို ဆတ်ခနဲဆွဲ၍ သူမရှိရာဘက်သို့ ဆွဲခေါ်လိုက်ရာ ရာဇာသည် သူမ၏ရင်ခွင်ထဲသို့ ရောက်ရှိသွားလေ၏။

ရာဇာသည် မိန်းမချောလေး၏ အပြုအမူကြောင့် ရင်တုန်ပန်း





တုန်ဖြစ်နေစဉ် မိန်းမချောက တိတ်တိတ်နေဟု တီးတိုးပြောကာ သူမအနောက်ရှိ ခန်းဆီးအနောက်သို့ ပုန်းခိုခိုင်းလေ၏။

ထိုအခိုက်မှာပင် ရှက်ဖျင်တဲအထဲသို့ ကုန်သည်နှစ်ဦး ဝင်ရောက်လာပြီး မိန်းမချောနှင့် စကားပြောဆိုပြန်၏။

ကုန်သည်နှစ်ဦးထွက်ခွာသောအခါ မိန်းမချောက သက်ပြင်းချ၍

'' ကျွန်မတို့လူတွေက ဆင်ဖြူတော်ကို ရွှေဒင်္ဂါးလေးထောင်နဲ့ ဈေးဆစ်ဖို့ ပြောကြတယ်၊ ညဥ့်နက်နေလို့ ကျွန်မမပြောတော့ဘူး၊ မနက်ရောက်တော့မှ ဆင်ဖြူတော်ဝယ်မဲ့ကိစ္စကို ဦးရိုးတော်နဲ့ ပြန်တိုင်ပင်ဦးမယ်ဆိုပြီး ဖျက်လိုက်မှာပါ ''

ဟုပြောလေ၏။

ရာဇာက မိန်းမချောကို ကျေးဇူးတင်ဟန်ဖြင့် ကြည့်ရှု၍

'' အခုလို ကူညီတာ ကျေးဇူးသိပ်တင်ပါတယ်၊ ဒါနဲ့ ခင်ဗျားတို့က ဆင်ဖြူတော်ကို ဘာကိစ္စကြောင့် ဝယ်တာလဲ၊ ဆင်ဖြူတော်ကို နိုင်ငံခြားတိုင်းပြည်တွေကို ပြန်ရောင်းဖို့လား ''

ဟု မေးမြန်းလေ၏။

မိန်းမချောက ခေါင်းကိုဖြည်းညင်းစွာခါယမ်း၍

'' ဒီလိုရည်ရွယ်ချက် မရှိပါဘူး၊ ဆင်ဖြူတော်ကိုဝယ်ပြီး အမြတ်တနိုး သိမ်းထားချင်လို့ပါ ''

ဟုပြောလေ၏။

ရာဇာက မိန်းမချောကို နားမလည်ဟန်ဖြင့် ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



'' ခင်ဗျားကို ကုန်သည်တွေက အလွန်လေးစားကြတယ်နော်၊ ဘာဖြစ်လို့လဲ ''

ဟု မေးမြန်းလေ၏။ သူမက ရာဇာ၏မျက်နှာကို စူးစိုက်ကြည့်၍

'' ဒီမေးခွန်းကို တော်ရုံလူမေးရင်တော့ ကျွန်မဖြေလေ့မရှိဘူး၊ ရှင့်ကိုတော့ ရိုးသားမှန်းသိလို့ အမှန်အတိုင်းဖြေလိုက်ပါ့မယ်၊ ကျွန်မက နန်းတွင်းက ဆွေတော်မျိုးတော်တစ်ယောက်ပါ၊ ဒါကြောင့်ဆင်ဖြူတော်လေးကို တန်ဖိုးထားပြီးဝယ်ယူခဲ့တာပါ၊ ဒါပေမဲ့ ဆင်ဖြူတော်မှာ ပိုင်ရှင်ရှိမယ်ဆိုရင်တော့ ကျွန်မ မလိုချင်တော့ပါဘူး၊ သူတို့အဖွဲ့က လူအင်အားများတယ်နော်၊ လက်နက်တွေလဲရှိတယ်၊ ဒီလိုလူဆိုး ဓားမြတွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ လွယ်ပါ့မလား ''

ဟုပြောလေ၏။ ထိုအခါ ရာဇာက လက်သီးဆုပ်၍

'' ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့ ကိုယ်ပိုင်ဥစ္စာရှိသမျှ ကာကွယ်တိုက်ခိုက်ရမှာပဲ ''

ဟုပြောလေ၏။ မိန်းမချောက ရာဇာ၏မျက်နှာကိုကြည့်၍

'' ရှင်နဲ့ ကျွန်မ မမျှော်လင့်ဘဲ တွေ့ဆုံတဲ့အထိမ်းအမှတ်အဖြစ် ကျွန်မက လက်ဆောင်တစ်ခု ပေးပါရစေ၊ ဒီလက်ဆောင်ဟာ ရှင့်အတွက် အသုံးဝင်မှာပါ ''

ဟု ပြောကာ သူမလက်ထဲရှိ ငွေရောင်တလက်လက်တောက်ပနေသော ခြောက်လုံးပြူးသေနတ်ကို ပေးလေ၏။ ရာဇာက အကြိမ်ကြိမ်ငြင်းဆန်သော်လည်း မိန်းမချော၏ စေတနာကို မငြင်းဆန်လိုသဖြင့်





လက်ခံယူလိုက်ရ၏။

ရာဇာက သေနတ်ကိုကြည့်ကာ

'' သေနတ်ထက် မြားပစ်တာကို ပိုကျွမ်းကျင်တယ်၊ အနီးကပ်ရင်ဆိုင်ရမယ်ဆိုရင် သေနတ်သမားကို ကျုပ်မကြောက်ပါဘူး၊ ဒါနဲ့ မင်းသမီးက နန်းတော်ထဲမှာ နေမှာပေါ့နော် ''

ဟု မေးမြန်းလေရာ သူမက ရယ်မော၍

'' ကျွန်မကို အထင်မကြီးပါနဲ့ရှင်၊ ကျွန်မက အိမ်နိမ့်စံ မင်းသမီးတစ်ယောက်ပါ၊ ကျွန်မရဲ့ဖခင်ဟာ ဘုရင်မင်းမြတ်နဲ့ မပြေမလည်ဖြစ်ပြီး ကတောက်ကဆဖြစ်တာနဲ့ ရွှေမြို့တော်မှာမနေဘဲ နယ်စပ်ဒေသမှာပဲ စံအိမ်ကြီးတစ်လုံးနဲ့ နေထိုင်ပါတယ်၊ အဖေဟာ အမဲလိုက်ဘာရယ်၊ သစ်ပင်စိုက်တာရယ်ကို ဝါသနာပါတော့ အခုလိုတောထဲမှာ နေတာ အကောင်းဆုံးပါပဲ၊ ကျွန်မတို့ စံအိမ်တော်ကြီးကို နယ်စပ်ဒေသမှာတော့ မြစိမ်းရောင်စံအိမ်ကြီးလို့ လူသိများပါတယ်၊ ရှင့်မှာ အခက်အခဲရှိနေပြီဆိုရင် ကျွန်မတို့ စံအိမ်တော်ကြီးရှိတဲ့ အရပ်ကိုလာခဲ့ပါ၊ ရှင့်ကို အကူအညီပေးနိုင်ပါတယ် ''

ဟုပြောလေ၏။ ရာဇာက ခေါင်းညိတ်၍

'' ကျေးဇူးတင်ပါတယ်၊ အခက်အခဲနဲ့ကြုံရင် မြစိမ်းရောင်စံအိမ်ကြီးကို ရောက်အောင်လာခဲ့ပါမယ် ''

ဟု ပြောလေ၏။

မိန်းမချောလေးက ရာဇာကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို မြင်မြင်ချင်း ကျွန်မခင်မင်တယ်၊ ရှင့်မှာ အခက်အခဲတွေ အများကြီးရှိတယ်လို့ ကျွန်မထင်တယ်၊ ဘာပဲဖြစ်ဖြစ် အခက်အခဲနဲ့ကြုံရင် ကျွန်မဆီလာခဲ့ပါ၊ နယ်စပ်ဒေသမှာတော့ ကျွန်မတို့မြစိမ်းရောင်စံအိမ်ကြီးက အထိုက်အလျောက်တော့ ဩဇာရှိပါတယ်"

ဟုပြောလေ၏။ ရာဇာသည် မိမိအား မြင်မြင်ချင်း ကရုဏာသက်နေရှာသော မင်းသမီးကို နှုတ်ဆက်၍ ရွက်ဖျင်တဲမှ ထွက်ခဲ့လေ၏။

ရာဇာသည် ညဉ့်နက်လာပြီဖြစ်သဖြင့် သစ်ပင်ကြီးပေါ်သို့ ပြန်တက်ကာ သစ်ပင်၏ ခွဆုံတွင် ခက်ခက်ခဲခဲ အိပ်စက်ခဲ့လေတော့၏။

ပေဟန်စာ၊ ဘကြုံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ် (၅)၊ အင်းသာကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။





မနက်သို့ရောက်သောအခါ လယ်ပိုင်ရှင် ဦးဘတုတ်တို့ တောင်းဆိုသော ရွှေဒင်္ဂါးငါးထောင်ဟူသော ငွေကြေးပမာဏကို များလွန်း၍ မပေးနိုင်ကြောင်း မင်းသမီးတို့အဖွဲ့က ပြောဆိုလေ၏။

ထိုအခါ လယ်ပိုင်ရှင် ဦးဘတုတ်နှင့် အဖွဲ့သည် မှန်းချက်နှင့် နှမ်းထွက်မကိုက်သဖြင့် မျက်စိမျက်နှာပျက်သွား၏။

ထို့ကြောင့် ရွှေဒင်္ဂါးငါးထောင်ကို လျော့ပေါ့ပေးမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

မင်းသမီးနှင့်အဖွဲ့က ဆင်ဖြူတော်လေးကိုဝယ်ယူရန် ခင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်တိုင်ပင်မည်ဖြစ်ကြောင်း ပြောဆိုလေရာ ဦးဘတုတ်တို့ လူစုသည် မကျေမချမ်း ကျန်ရစ်ခဲ့လေ၏။

ဦးဘတုတ်သည် နယ်စပ်ဒေသသို့ ပြန်လည်ထွက်ခွာသွားသော မင်းသမီးနှင့် ကုန်သည်များကိုကြည့်၍ တက်ခေါက်ကာ

" တောက်... ဒီကောင်တွေ စိတ်ကူးပြောင်းသွားပုံရတယ်၊ သူတို့နဲ့ အရောင်းအဝယ်ပျက်သွားတာ ငါတို့မှာ အခက်အခဲရှိနေပြီ၊ ဆင်ဖြူတော်လေးကို နယ်စပ်ဒေသမှာပဲ ဖွက်ထားမှဖြစ်မယ်၊ လောလောဆယ် ငါတို့သားအဖက ရွာကိုပြန်လို့လဲ မဖြစ်တော့ဘူး။ ဆင်ဖြူတော်လေးကို ရောင်းဖို့ အဆက်အသွယ်ထပ်ရှာရမှာပဲ "

ဟု ညည်းညူလေ၏။

ရာဇာသည် သစ်ပင်ကြီးပေါ်တွင် ၎င်းတို့ လူစုကို ချောင်းမြောင်းကြည့်ရှု၍ ဆင်ဖြူတော်လေးကို ကယ်တင်ရန် နည်းလမ်းကို ရှာကြံနေမိ၏။

ဆင်ဖြူတော်လေးသည် ၎င်းရောက်ရှိနေသော သစ်ပင်ကြီးနှင့် မလှမ်းမကမ်းတွင် ရှိနေ၏။

သူသည် သစ်ပင်ပေါ်တွင် ချောင်းမြောင်းရင်း ဤတောတွင်းရှိ မျောက်များ၊ နွယ်ကြိုးဖြင့် ကူးသန်းသွားလာပုံကို သတိရလေ၏။

သူသည် နွယ်ကြိုးများဖြင့် ခိုဆွဲတက်၍ ဆင်ဖြူတော်လေးကို ရရှိရန် ကြံစည်လေ၏။

ထို့ကြောင့် ဆင်ဖြူတော်လေး သစ်ပင်ကြီးအောက်သို့ ရောက်





ရှိရန် စိတ်ရှည်ရှည်ဖြင့် စောင့်နေမိ၏။

ရာဇာသည် အတန်ကြာအောင် စောင့်ပြီးနောက် ဆင်ဦးစီးများသည် ဆင်နှစ်ကောင်ခြံရံ၍ ဆင်ဖြူတော်လေးကို သစ်ပင်ကြီးအောက်သို့ တရွေ့ရွေ့သယ်ဆောင်လာ၏။

ရာဇာသည် သူ၏လက်တွင် ကင်းတင်းဆုပ်ထားသော နွယ်ကြိုးကိုကိုင်၍ ဆင်ဖြူတော်လေးကို အကောင်းဆုံးအနေအထားရောက်အောင် စောင့်နေမိ၏။

ထို့နောက်တွင်မူ နွယ်ကြိုးကို ခိုဆွဲ၍ အရှိန်ဖြင့် ဆင်းလိုက်လေ၏။

ရာဇာ၏ခန္ဓာကိုယ်သည် လေထဲတွင်ဝဲပျံသွားပြီး ဆင်ဖြူတော်လေးအပေါ်သို့ရောက်သောအခါ ဆင်ဦးစီးကို ခြေဖြင့်တအားဆောင့်ကန်လိုက်ရာ ဆင်ဦးစီးသည် လွင့်စင်ကျသွားလေ၏။

ဆင်ဦးစီး မြေပေါ်သို့ ကျသောအခါ ဆင်ဖြူတော်အနီးတွင် ခြံရံလာသူ ဆင်ဦးစီးများက အလန့်တကြားအော်ဟစ်ကြလေ၏။

ရာဇာသည် အခွင့်အရေးကို လက်လွှတ်မခံဘဲ ဆင်ဖြူတော်လေးကို ၎င်းတို့လက်မှ အလျင်အမြန် စီးနင်း၍ ထွက်ရန် ကြိုးစားလေ၏။

လယ်ပိုင်ရှင်ဦးဘတုတ်တို့ သားအဖသည် မိုးပေါ်မှ ကျလာသကဲ့သို့ ဆင်ပေါ်သို့ရောက်လာသော ရာဇာကိုကြည့်၍ [illegible]းစပ်အလောင်းသားဖြစ်သွားပြီး ဦးဘတုတ်က



www.burmeseclassic.com

www.burmeseclassic.com



" တော့က်၊ ဒီကောင်လိုက်လာပြီ၊ မလွှတ်စေနဲ့ဟေ့၊ ဆင်ဖြူတော်လေးကို အပါမခံနဲ့၊ ဝိုင်းထား၊ ဝိုင်းထား "

ဟု အော်ဟစ်လေ၏။ ရာဇာသည် ဆင်ဖြူတော်လေးကို တောင်ကြားလမ်းအတိုင်း လျှင်မြန်စွာ စီးနင်းခဲ့လေ၏။

ဆင်ဖြူတော်လေးသည် သူ၏ကျောပေါ်သို့ ရောက်ရှိလာသော သခင်ဖြစ်သူကို မှတ်မိဟန်ဖြင့် စိတ်အားတက်ကြွစွာ ပြေးလေတော့၏။

လယ်ပိုင်ရှင် ဦးဘတုတ်၏ တပည့်ခေးပြများက ရာဇာကို သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်လေ၏။

ဦးဘတုတ်က ကမန်းကတန်းအော်ဟစ်၍

" ဟေ့ကောင်တွေ၊ သေနတ်နဲ့ မပစ်နဲ့၊ ဆင်ဖြူတော်လေးကို ထိသွားမယ်၊ ဒီကောင်ကို မရရအောင်လိုက်ကြ "

ဟု အမိန့်ပေးလေ၏။

ထိုအခါ ခေးပြများသည် ဆင်သုံးစီးဖြင့် ရာဇာနှင့် ဆင်ဖြူတော်လေးအနောက်သို့ လိုက်လေ၏။

ရာဇာသည် ဆင်ဖြူတော်လေးနှင့် ပြေးလွှားရင်း အနောက်သို့ လှည့်ကြည့်လိုက်ရာ ခေးပြများသည် ဆင်ကိုယ်စီဖြင့် အရှိန်အဟုန်ပြင်းစွာ လိုက်လာကြောင်းတွေ့ရလေ၏။

ဆင်ဖြူတော်လေးအနောက်သို့ လိုက်လာသော ဆင်ကြီးများမှာ အရွယ်ရောက်ပြီးဖြစ်သော စွယ်စုံဆင်ကြီးများဖြစ်၍ တခဏချင်းမှာပင် ဆင်ဖြူတော်လေးကို မှီလာလေ၏။





ရာဇာသည် တဖြည်းဖြည်းနီးကပ်လာသော ခေးပြများကို ကြည့်၍ လက်ဦးအောင် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

ဆင်ဖြူတော်လေးကို ခေးပြများလက်သို့ အပါမခံနိုင်ချေ။

ထို့ကြောင့် အရှိန်ပြင်းစွာ ပြေးလွှားနေသော ဆင်ဖြူတော်လေးပေါ်မှ ခက်ခက်ခဲခဲ မတ်တပ်ရပ်၍ ခါးတွင် သိုင်းလွယ်ထားသော လေးနှင့်မြားကို ထုတ်ကာ ခေးပြများကို တစ်ချောင်းပြီးတစ်ချောင်း ပစ်လေ၏။

တောင်ကြားလမ်းသည် ကျဉ်းမြောင်းသော အပိုင်းသို့ ရောက်ရှိလာလေရာ တောင်ကြားလမ်းထဲရှိ သစ်ပင်ကြီးများမှ သစ်ကိုင်းများ အရွက်အခက်များသည် ရာဇာ၏ကိုယ်ကို တဖြန်းဖြန်း ရိုက်ခတ်နေသဖြင့် ရန်သူများကို ပစ်ခတ်ရာတွင် အခက်အခဲရှိ၏။

သို့သော် မြားပစ်ရာတွင် ကျွမ်းကျင်သူဖြစ်သဖြင့် စွယ်စုံဆင်ကြီးများပေါ်တွင် လိုက်ပါလာသော ခေးပြအချို့ကို ဆင်ပေါ်မှ ကားခနဲ ကျအောင် ပစ်ချနိုင်ခဲ့၏။

စွယ်စုံဆင်ကြီးများသည် ဆင်ဖြူတော်လေးကို မီလုနီးပါးဖြစ်ပြီး ကျဉ်းမြောင်းသော တောင်ကြားလမ်းကလေးတွင် အရှိန်ပြင်းစွာ ပြေးလွှားနေပြီး ရာဇာ၏ မြားချက်ကြောင့် ဆင်ဦးစီးတစ်ဦးပင်လျှင် ရင်ဝတွင် မြားစိုက်၍ ဆင်ပေါ်မှ ပြုတ်ကျမတတ်ဖြစ်သွားလေ၏။

ရာဇာသည် ဆင်ဖြူတော်လေး၏ အန္တရာယ်အတွက် ရန်သူများကို မညှာတာနိုင်ဘဲ ပစ်ခတ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခါးပြများ၏ စွယ်စုံဆင်ကြီးများသည် ရာဇာ၏ ဆင်ဖြူတော်လေးကို မှီကာနီး လက်မတင်လေးတွင် တောင်ကြားလမ်းထဲမှ လွတ်မြောက်သွားပြီး ကျယ်ဝန်းသော လွင်ပြင်ကျယ်ကြီးသို့ ရောက်သွားလေ၏။

ရာဇာသည် လွင်ပြင်ကျယ်ကြီးသို့ ရောက်သောအခါ ရန်သူများလက်မှ လွတ်မြောက်ရန် လမ်းစပေါ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။

သို့သော် သူ၏အနောက်သို့ တစ်ရှိန်ထိုးလိုက်လာသော ရန်သူများ၏ ဆင်များသည် ဆက်မလိုက်တော့ဘဲ ရပ်တန့်၍ ကျန်ရစ်ခဲ့သဖြင့် အံ့သြသွားလေ၏။

သူသည် ရန်သူအဖွဲ့ကို တအံ့တသြကြည့်၍ လွင်ပြင်ကြီး၏ အရှေ့သို့ကြည့်လိုက်ရာ ခေါင်းနပန်းကြီးသွားလေ၏။





သူ၏အရှေ့တွင် ဘုံဘေဘားမား ကုမ္ပဏီမှ စွယ်စုံဆင် ၁၀ ကောင်ခန့်သည် ငြိမ်သက်စွာ ရပ်တန့်နေကြ၏။

ရှေ့ဆုံးရှိ စွယ်စုံဆင်ကြီး၏ အပေါ်တွင် ဘုံဘေဘားမား ကုမ္ပဏီမှ မန်နေဂျာမိုင်ကယ်ကို တွေ့ရ၏။

မိုင်ကယ်နှင့် ရှေ့ဆုံးရှိ တပည့်တပန်းများ၏လက်ထဲတွင် လက်နက်ကိုယ်စီကိုင်ထားလေ၏။

ရာဇာသည် သူ့အား ရှေ့နောက် ရန်သူများ ပတ်လည်ဝိုင်းနေသဖြင့် သက်ပြင်းချလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဖခင် လှေ်ပန်ကြီးနှင့်အဖွဲ့ အချိန်မီ ရောက်မလာသဖြင့် ရန်သူများ၏လက်၌ ညှပ်ပူးညှပ်ပိတ် ဖြစ်နေ၏။

ရာဇာသည် ဆင်ဖြူတော်လေးနှင့်လွင်ပြင်အလယ်တွင် ထီးထီးကြီး ရှိနေ၏။

ဆင်ဖြူတော်လေးကို အလုအယက်လိုချင်နေကြသော လောဘသားများသည် လွင်ပြင်၏ တစ်ဖက်စီတွင် ညှပ်ပူးညှပ်ပိတ် ဝိုင်းရံထားလေ၏။

လယ်ပိုင်ရှင် ဦးဘတုတ်သည် ဘုံဘောဘားမားကုမ္ပဏီမှ မိုင်ကယ်နှင့်အဖွဲ့ကို မြင်သောအခါ တက်ခေါက်၍

" တောက်၊ ငါထင်တဲ့အတိုင်း ဘုံဘောဘားမားက မိုင်ကယ်ရဲ့အဖွဲ့ လိုက်လာပြီ၊ ဆင်ဖြူတော်ကိုရဖို့ ငါတို့လူတွေ အတော်များများ ဆုံးရှုံးပြီးပြီ၊ ဒီတော့ နောက်ဆုတ်လို့မဖြစ်တော့ဘူး၊ ဒီတိုက်ပွဲဟာ ငါတို့ရဲ့ နောက်ဆုံးတိုက်ပွဲပဲ၊ မရရအောင်တိုက်ပေတော့ "

ဟု သူ၏တပည့်များကို အမိန့်ပေးလေ၏။

လယ်ပိုင်ရှင်သား ဘမြင့်ကလည်း ဓားပြများဘက်သို့လှည့်၍

" ဒီကောင်တွေဟာ ခင်ဗျားတို့လောက် အတွေ့အကြုံမရှိဘူး၊ သတ္တိလဲရှိမှာမဟုတ်ဘူး၊ ဒါကြောင့် ဆင်ဖြူတော်လေးကို ရအောင်လုပါ "

ဟု အမိန့်ပေးလေ၏။ ထိုအခါ ဦးဘတုတ်ထံသို့ ဆင်ဖြူတော်လေးသတင်းကို ယူလာသော မုဆိုးဘသိုက်က လက်သီးဆုပ်၍





" ဒီအတွက် ကျုပ်တာဝန်ထားပါ၊ ကျုပ်က ဗန်တိုဗန်ရှည် သိုင်းပညာမှာ ဆရာတစ်ဆူပါ၊ ကောင်လေးနဲ့ဆင်ချင်းယှဉ်ပြီး အနီးကပ်တိုက်ခိုက်ရင် မခံနိုင်ပါဘူး၊ ဆင်ဖြူတော်လေးကို ရရင်သာ ကျုပ်ကို ဆုငွေ များများပေးဖို့ ဆုံးဖြတ်ထားပါ "

ဟု ရဲရဲကြီး အာမခံလိုက်ရာ လယ်ပိုင်ရှင်ဦးဘတုတ်က လက်ဖျစ်တီး၍

" ကောင်းပြီ၊ ဆင်ဖြူတော်လေးကို ရအောင်ယူခဲ့ပါ၊ ဆုတွေအတွက် ဘာမှမပူနဲ့ "

ဟု ပြောလိုက်လေတော့၏။

ဘုံဘောဘားမားကုမ္ပဏီမှ မိုင်ကယ်ကလည်း သူ၏တပည့်တပန်းများဘက်သို့လှည့်၍

" လယ်ပိုင်ရှင် ဦးဘတုတ်ရဲ့ ဓားပြတွေနဲ့ ထိပ်တိုက်တွေ့ပြီ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဆင်ဖြူတော်လေးကို မရရအောင်ယူရမယ်၊ ဆင်ဖြူတော်လေးကို ရအောင်ယူပေးနိုင်တဲ့လူကို ဆုတော်ငွေ တောင်းသလောက်ပေးမယ် "

ဟု ပြောလေရာ လက်မရှိ ဘိုးစောက လေချွန်၍

" ကြိုက်သွားပြီ၊ တောင်းသလောက်ပေးမယ်ဆိုရင်တော့ ငရဲမင်းကြီးနဲ့တောင် ယှဉ်ဝံ့တယ်၊ ဒီကောင်လေးကို လွင်ပြင်ထဲထွက်ပြီး ကျုပ်ကိုယ်တိုင် ဖမ်းမယ် "

ဟုပြောကာ ဆင်ကို ချွန်းဖွင့်၍ ကွင်းပြင်ထဲတွင် ညှပ်ပူးညှပ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော ဆင်ဖြူတော် ရှိရာသို့ ထွက်ခဲ့လေ၏။

လယ်ပိုင်ရှင် ဦးဘတုတ်၏ တပည့် မုဆိုးဘသိုက်ကလည်း စွယ်စုံဆင်ကြီး တစ်ကောင်ဖြင့် ကွင်းပြင်ရှိရာသို့ ထွက်ခဲ့လေ၏။

ရာဇာသည် မိမိထံသို့ တရွေ့ရွေ့ လှမ်းလာသော စွယ်စုံဆင်ကြီးနှစ်ကောင်ကိုကြည့်၍ အံကိုကြိတ်ကာ ကျောပိုးအိတ်ထဲရှိ ဓားရှည်ကို ဆွဲထုတ်လိုက်၏။

မုဆိုးဘသိုက်သည် လှံရှည်တစ်ချောင်းကို ဆွဲကိုင်ထားပြီး လက်မရွံ့ဘိုးစောကမူ ဓားရှည်တစ်ချောင်းကို ကိုင်စွဲထားလေ၏။

ဆင်သုံးကောင်သည် လွင်ပြင်ကြီး၏ အလယ်တွင် ဆုံတွေ့ကြလေ၏။ ရာဇာသည် ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ သူ၏ ရန်သူများကို စောင့်ကြို့နေလေ၏။

ဆင်ဖြူတော်လေးအတွက် သူ့အသက်ကို စွန့်လျှင်ပင် စွန့်ရပေတော့မည်။

ဆင်ဖြူတော်လေးကို တစ်ပါးသူလက်သို့ အပါမခံနိုင်တော့ပေ။

မုဆိုးဘသိုက်သည် ရာဇာ၏အနီးသို့ စွယ်စုံဆင်ကြီးဖြင့် တိုးကပ်လာပြီး ပထမဦးဆုံး စတင်တိုက်ခိုက်၏။

မုဆိုးဘသိုက်သည် ဝါရင့် မုဆိုးတစ်ဦးဖြစ်သဖြင့် သူ၏လှံရှည်၏ အစွမ်းကို ယုံကြည်၏။

သူသည် ရာဇာ၏နံကြားကို လှံရှည်ဖြင့် အားကုန်ထိုးလိုက်၏။

ရာဇာက လှံရှည်ကို ဓားဖြင့်ရိုက်ဖယ်၍ သူ့အား ပြန်လည်





တိုက်ခိုက်ရန် ကြိုးစားသောအခါ မျက်လုံးပြူးသွားလေ၏။

ရာဇာဆိုသော ကောင်လေးသည် သိုင်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်ထားကြောင်း သတိရလိုက်မိ၏။

လက်မရွံ့ ဘိုးစောသည် ရာဇာနှင့် မုဆိုးဘသိုက် တိုက်ခိုက်နေပုံကိုကြည့်၍ ရာဇာကို အထင်မသေးဝံ့တော့ချေ။

ရာဇာသည် အရွယ်ငယ်သော်လည်း ကိုယ်ခံပညာကောင်းစွာ တတ်ကျွမ်းပုံရ၏။

ထို့ကြောင့် ရာဇာကို တစ်ဖက်တစ်လမ်းမှ ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

လက်မရွံ့ဘိုးစောသည် ဆင်ဖြူလေး၏ အပေါ်သို့ လှမ်းခုန်တက်ကာ ရာဇာ့ကို ဓားရှည်ဖြင့် ဝင်ရောက်တိုက်ခိုက်လေ၏။

ရာဇာသည် လက်မရွံ့ဘိုးစော၏အနီးကပ်တိုက်ခိုက်မှုကို ခံရပြီး မုဆိုးဘသိုက်ကလည်း အပြင်းအထန်တိုက်ခိုက်နေ၏။

မည်သို့ပင်ဖြစ်စေ၊ ရာဇာသည် ကိုယ်ခံပညာကို ကောင်းစွာ တတ်ကျွမ်းပြီး ဆင်ဖြူတော်လေးကို အသက်စွန့်၍ ကာကွယ်ရန် ဆုံးဖြတ်ထားသဖြင့် ရဲဝံ့စွာ ပြန်လည်တိုက်ခိုက်လေ၏။

နောက်ဆုံးတွင် မုဆိုးဘသိုက်သည် ဒေါ်မာန်ကြီးစွာဖြင့် ရာဇာ၏ ခေါင်းကို လှံရှည်ဖြင့် လွှဲရိုက်လိုက်ရာ ရာဇာက မခေါင်းငုံ့ရှောင်တိမ်း၍ ၎င်း၏ပခုံးစွန်းကို ဓားဖြင့်ထိုးစိုက်လိုက်ရာ အားခန့်ထော၍ ဆင်ပေါ်မှ ပြုတ်ကျလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်မရှံ့ ဘိုးစောကလည်း လက်မောင်းနှင့် ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိပြီး ဆင်ပေါ်မှ ပြုတ်ကျလေ၏။

ရာဇာသည် ရန်သူနှစ်ဦးကို အောင်မြင်ပြီးသောအခါ အချိန်ဆွဲမနေတော့ဘဲ ဆင်ဖြူတော်လေး လွတ်မြောက်ရန် တစ်လမ်းတည်းရှိသော တောင်ဘက်ရှိ သစ်တောဘက်သို့ ပြေးခဲ့လေ၏။

ဘုံဘောဘားမားသစ်ကုမ္ပဏီမှ ဆင်ဦးစီးများနှင့် ဦးဘတုတ်၏ မားပြများသည် ဆင်ဖြူတော်လေးအနောက်သို့ ဆင်ကိုယ်စီဖြင့် လိုက်လာကြ၏။

ရာဇာသည် သစ်တောဆုံးလျှင် ပြေးစရာမရှိတော့ဘဲ တောင်မြင့်ကြီးတစ်လုံးကို မြင်ရသဖြင့် တောင်ကုန်းပေါ်သို့ ဆင်ဖြူတော်လေးကို မောင်းနှင်ခဲ့၏။

တောင်ကုန်းပေါ်သို့ ရောက်သောအခါမှပင် များစွာ နောင်တရမိလေ၏။

တောင်ကုန်းမြင့်ကြီး၏ အဆုံးတွင် ပြေးစရာမြေမရှိတော့ဘဲ ချောက်ကမ်းပါးကြီးသာ ရှိလေ၏။

ဆင်ဖြူတော်လေးသည် ချောက်ကမ်းပါးအစွန်းသို့ ရောက်သောအခါ အောက်သို့ ငုံ့ကြည့်၍ ဆက်လက်ပြေးလွှားရန် မဖြစ်နိုင်တော့ပေ။





လယ်ပိုင်ရှင် ဦးဘတုတ်နှင့် သားဖြစ်သူ မောင်ဘမြင့် စီးနှင်လာသော ဆင်ကြီးသည် အနီးသို့ ဦးစွာ ရောက်လာ၏။

ဦးဘတုတ်က တဟားဟားရယ်မော၍

" ဟား ဟား ဟား ပြေးလို့မလွတ်တော့ပါဘူးကွာ၊ ဆင်ဖြူတော်လေးကို ငါတို့လက်ကို အသာတကြည် အပ်လိုက်ပါ "

ဟုပြောလေ၏။

ထိုအခါ ဘုံဘောဘားမားကုမ္ပဏီမှ မိုင်ကယ်ကလည်း ဆင်တစ်ကောင်ဖြင့် အနီးသို့ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဟေ့ကောင်လေး၊ ဆင်ဖြူတော်လေးကို ငါတို့လက်ကိုအပ်ရင် မင်းဟိုရွှေဒင်္ဂါး တစ်ရာတိတိပေးမယ်၊ ငါတို့ အင်္ဂလိပ်ကုမ္ပဏီလက်ထဲကို ဆင်ဖြူတော်ရောက်ရင်တော့ ဘယ်လိုရန်သူမျိုးမှ လုယူဝံ့မှာမဟုတ်ဘူး၊ ဆင်ဖြူတော်ကို လုတဲ့သူက အစိုးရကို ပုန်ကန်တဲ့သူပဲ "

ဟု ရာဇာ့ကို မက်လုံးပေးရင်း ဦးဘတုတ်တို့လူစုကို ခြိမ်းခြောက်လေ၏။

ဦးဘတုတ်က ပိုင်ကယ်၏ စကားကြောင့် ကြောက်ရွံ့ဟန်မရှိဘဲ တဟားဟားရယ်မော၍

" ဟား ဟား ဟား… ဆင်ဖြူတော်လေးကို ရမယ်ဆိုရင် ဘယ်လိုအန္တရာယ်မျိုးကိုမဆို ကျုပ်တို့က ရင်ဆိုင်ဝံ့တယ်၊ အင်္ဂလိပ်ကို ပုန်ကန်ဖို့လဲ ဝန်မလေးဘူး "

ဟု ပြောလေ၏။ ရာဇာသည် သူ၏ဆင်ဖြူတော်အနီးသို့ တရွေ့ရွေ့ တိုးကပ်လာကာ ရန်သူများကို ကြည့်၍ အခက်တွေ့နေ၏။

အောက်ဘက်ရှိ ချောက်ကမ်းပါးကြီးသို့ ငုံ့ကြည့်လိုက်သောအခါ ရေများတသွင်သွင်စီးဆင်းနေသော ချောင်းကိုမြင်ရ၏။

ဆင်ဖြူတော်လေး၌ ပြေးစရာလမ်းမရှိတော့ပေ။

ဦးဘတုတ်တို့လူစုသည် တရွေ့ရွေ့တိုးကပ်လာ၏။

ဆင်များသည် တစ်ကောင်နှင့်တစ်ကောင် အလွန်နီးကပ်လာလေ၏။

ထိုအခိုက်မှာပင် ဆင်ဖြူတော်လေးသည် လူအများမထင်





မှတ်သော အပြုအမူတစ်ခုကို ကျူးလွန်လေတော့၏။

ဆင်ဖြူတော်လေးသည် ဆင်၏ ဦးကင်းတွင်ထိုင်နေသော လယ်ပိုင်ရှင်သားဘမြင့်ကို နှာမောင်းဖြင့်ဆွဲယူလိုက်ပြီး အဝေးသို့ လှမ်းပစ်လိုက်ရာ ဘမြင့်သည် ကျောက်ဆောင်ဖြင့် ရိုက်မိပြီး အသံနက်ကြီးဖြင့်အော်ကာ ဆန့်ငင်ဆန့်ငင်ဖြင့် အသက်ထွက်သွားလေ၏။

လယ်ပိုင်ရှင် ဦးဘတုတ်သည် သူ၏တစ်ဦးတည်းသောသား သေဆုံးသောအခါ ဒေါသူပုန်ထသွားပြီး ဆင်ဖြူတော်လေးကို ငဲ့ညှာရန် မကြိုးစားတော့ဘဲ လက်ထဲရှိ ဆင်ပစ်သေနတ်ဖြင့် ပစ်ရန် ချိန်ရွယ်လိုက်၏။

ထိုအခါ ဆင်ဖြူတော်လေးသည် သူ၏အန္တရာယ်ကို နားလည်ဟန်ဖြင့် ချောက်ကမ်းပါးကြီးထဲသို့ ခုန်ချလိုက်လေ၏။

ရာဇာသည် ဆင်ဖြူတော်လေး၏ကိုယ်ပေါ်တွင် ဖက်တွယ်၍ ဆင်ဖြူတော်နှင့်အတူ ချောက်ထဲသို့ ထိုးကျသွားလေ၏။

ဆင်ဖြူတော်နှင့်အတူ လေထဲတွင် ကျဆင်းနေစဉ် ရင်ထဲတွင် အေးခနဲခံစားရပြီး ဆင်ဖြူတော်လေးသည် ချောင်းရေထဲသို့ ဝုန်းခနဲ ပြုတ်ကျလေ၏။

ကံကောင်းထောက်မစွာဖြင့် ဆင်ဖြူတော်လေးကျဆင်းသော နေရာသည် ရွှံ့နွံများရှိသောနေရာဖြစ်သဖြင့် ဆင်ကလေးသည် ချောင်းရေထဲမှ ရုန်းကန်၍ ပြန်ထွက်လာနိုင်ကြောင်း အံ့ဩဖွယ်တွေ့ရလေ၏။

ရာဇာသည် ဆင်ဖြူတော်လေး၏ အသက်အန္တရာယ် မစိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် လွန်စွာဝမ်းသာသွားလေ၏။

ထို့ကြောင့် ဆင်ဖြူတော်လေးနှင့်အတူ ချောင်းထဲမှ အန္တရာယ်ကင်းစွာဖြင့် ကုန်းပေါ်သို့ ပြန်တက်နိုင်၏။

ချောင်းရေသည် ဆင်ဖြူတော်လေး၏ အရပ်နီးပါးဖြစ်သဖြင့် ကုန်းပေါ်သို့လွယ်ကူစွာပြန်တက်နိုင်၏။

ကုန်းပေါ်သို့ရောက်သောအခါ ခပ်လှမ်းလှမ်းတွင် ရောက်ရှိနေသော သူ၏ဖခင်လော်ပန်ကြီးနှင့် ဆင်သမားများကိုတွေ့သောအခါ ရာဇာသည် ပိုမို၍ဝမ်းသာသွားလေ၏။

လော်ပန်ကြီးတို့အဖွဲ့သည် ရာဇာနှင့်အတူ ဆင်ဖြူတော်လေးကို ပြန်လည်ရယူလာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြလေ၏။

လော်ပန်ကြီးသည် စွယ်စုံဆင်ကြီးဖြင့် အနီးသို့ရောက်လာပြီး

" ငါ့သား မင်းသိပ်တော်ပါလား၊ ဒါမှ ငါ့သားအစစ်ကွ "

ဟု ချီးမွမ်းလေ၏။

ဆင်သမားကြီး ဘိုးသာဦးကလည်း ရာဇာ၏ မျက်နှာကို စူးစိုက်ကြည့်၍ စွယ်စုံဆင်တစ်စီးဖြင့် အနီးသို့တိုးကပ်ကာ

" မင်းမဆိုးဘူး၊ ငါထင်တဲ့အတိုင်း ဆင်ဖြူတော်လေးကို ရအောင်ယူနိုင်တယ် "

ဟု ချီးမွမ်းလေ၏။

ထို့နောက် စွယ်စုံဆင်ပေါ်မှ ဆင်ဖြူတော်လေးပေါ်သို့ ခုန်၍ကူးသန်းလေ၏။





ရာဇာက ဘိုးသာဦးကြီးကို ဆီးကြိုလိုက်၏။

ဘိုးသာဦးကြီးက ဆင်ဖြူတော်ပေါ်သို့ ရောက်သောအခါ ရာဇာ၏ ခန္ဓာကိုယ်ကို သိုင်းဖက်လိုက်၏။

ရာဇာကလည်း ပြန်လည် ပွေ့ဖက်လိုက်၏။

သို့သော် သူ၏လည်ပင်းတွင် စူးရှသော အထိအတွေ့ကို ခံစားရသဖြင့် ဘိုးသာဦးကြီးကို တအံ့တသြကြည့်မိလေ၏။

ရာဇာက လည်ပင်းဆီမှ နာကျင်မှုကြောင့် အားခနဲအော်၍

" အား… ဘိုးသာဦးကြီး ဘာလုပ်တာလဲ "

ဟု အော်ဟစ်လိုက်လေ၏။

ဘိုးသာဦးကြီးသည် ရာဇာကို ချုပ်ကိုင်၍ လည်တိုင်ကို ဓားမြှောင်ဖြင့် ထောက်ထားလေ၏။

ဘိုးသာဦးကြီးက

" မလှုပ်နဲ့ကောင်လေး၊ လှုပ်တာနဲ့ ငါ့ရဲ့ဓားမြှောင်က မင်းရဲ့ လည်ပင်းကို စိုက်ဝင်သွားမယ် "

ဟု ခြိမ်းခြောက်လေရာ ရာဇာသည် မယုံနိုင်လွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

ဘိုးသာဦးကြီးသည် အဘယ်ကြောင့် မိမိကို အန္တရာယ်ပြုနေသနည်း။

လော်ပန်ကြီးက ဘိုးသာဦးကြီးကို တအံ့တသြကြည့်၍

" ခင်ဗျား ဘာလုပ်တာလဲ၊ ကျုပ်သားကို လွှတ်လိုက်စမ်း "



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်လိုက်လေ၏။ ဘိုးသာဦးကြီးက ရာဇာကို မလွှတ်ဘဲ ခါးမြှောင်ဖြင့် ထောက်မြဲထောက်ထားလိုက်ပြီး

'' ငါ့စကားကို နားထောင်ရင် မဲ့တစ်ပေါက် မစွန်းစေရဘူး၊ ဆင်ဖြူတော်ကို ငါယူသွားမယ်၊ ဆင်ဖြူတော်ကို လွတ်ကင်းတဲ့နေရာ ရောက်ရင် ဒီကောင်လေးကို ငါပြန်လွှတ်ပေးမယ် ''

ဟုပြောလေရာ လော်ပန်ကြီးသည် မယုံနိုင်ဟန်ဖြင့် ပါးစပ် အဟောင်းသားဖြစ်ပြီး သေနတ်ဖြင့်ချိန်ကာ

'' ဘိုးသာဦးကြီး၊ ခင်ဗျားရူးနေပြီလား၊ ဆင်ဖြူတော်လေးဟာ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ကျုပ်သားကို လွှတ်ဆိုလွှတ်လိုက်စမ်း၊ မလွှတ်ရင် ကျုပ်ကို အဆိုးမဆိုနဲ့ ''

ဟု အော်ဟစ်လေ၏။

ဘိုးသာဦးကြီးက တဟားဟားရယ်မော၍

'' ဟား ဟား ဟား မင်းသေနတ်က ကျည်ဆန်တွေ ငါ အကုန်လုံး ထုတ်ထားပြီးပြီ၊ ပစ်ဖို့မကြိုးစားနဲ့တော့ ''

ဟုပြောလေရာ လော်ပန်ကြီးသည် သူ၏သေနတ်ကို စမ်းကြည့်ရာ ကျည်ဆန်မထွက်ကြောင်းတွေ့ရလေ၏။

လော်ပန်ကြီးက ဒေါသအကြီးဖြင့်

'' ဟေ့လူကြီး ခင်ဗျားအသက်ကြီးမှ ရူးသွားပြီလား၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ''

ဟု မေးမြန်းလေ၏။ ဘိုးသာဦးကြီးက ရယ်မော၍





'' ငါ မရူးပါဘူးကွာ၊ ဒီအကြံအစည်ကို လွန်ခဲ့တဲ့နှစ်တွေ ကတည်းက ငါကြံရွယ်ထားပြီးသားပါ၊ တကယ်တော့ မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှလက်အောက်မှာ သူ့ကျွန်ဖြစ်နေရတယ်၊ ဒီလို အချိန်မျိုးမှာ ဆင်ဖြူတော်လေးဟာ ဒီနိုင်ငံမှာ မရှိသင့်ဘူး၊ ဆင်ဖြူတော်လေး မြန်မာပြည်မှာရှိနေရင် နယ်ချဲ့အစိုးရရဲ့ မတရားသိမ်းပိုက်ခြင်းကို ခံရမှာပဲ၊ ဒါဆိုရင် ဆင်ဖြူတော်လေးဟာ အနောက်တိုင်းနိုင်ငံတွေမှာ သူတစ်ပါးကို ဖြေဖျော်ရတဲ့ ဘဝမျိုးကို ရောက်သွားမယ်၊ ဆင်ဖြူတော်လေးဟာ ကြန်အင်လက္ခဏာတွေနဲ့ ပြည့်စုံတဲ့ ဆင်ဖြူတော်အစစ်ပဲ၊ ဒီလိုဆင်ဖြူ တော်မျိုးဟာ ရှားပါးမြင့်မြတ်ပြီး နှစ်တစ်ရာမှာ တစ်ကောင်ပေါ်ဖို့ မလွယ်ဘူး၊ ဒါကြောင့် ဆင်ဖြူတော်လေးကို နယ်ချဲ့လက်အောက် အရောက်မခံနိုင်ဘူး ''

ဟုပြောလေရာ လော်ပန်ကြီးက လက်သီးဆုပ်၍

'' ကျုပ်တို့ သားအဖမှာလဲ ဒီလိုရည်ရွယ်ချက်မျိုးရှိတာပဲ၊ ခင်ဗျားက ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲ ''

ဟု မေးမြန်းလေ၏။

ဘိုးသာဦးကြီးက ရာဇာ့ကို ချုပ်နှောင်ထားလျက်ပင်

'' ငါတို့ရဲ့ ရည်ရွယ်ချက်ကတော့ ဆင်ဖြူတော်လေးကို ကိုယ့်ထီးကိုယ့်နန်းနဲ့ နေထိုင်နိုင်တဲ့ တစ်ဖက်နိုင်ငံက ဘုရင်မင်းမြတ်ဆီ ဆက်သဖို့ပဲ၊ ဆင်ဖြူတော်လေးဟာ ဘုရင်မင်းမြတ်ဆီကိုရောက်ရင်တော့ စိတ်ချပြီး အရှေ့တိုင်းမှာပဲ အေးချမ်းသာယာစွာ နေထိုင်ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်တယ်၊ ဘုရင်မင်းမြတ်ဟာ ဆင်ဖြူတော်လေးကို ယုံကြည် သက်ဝင်ပြီး တန်ဖိုးထားမယ်လို့ ငါယုံကြည်တယ် ''

ဟု ပြောလေ၏။ ထိုအခါ လော်ပန်ကြီးက ဒေါသတကြီးဖြင့်

'' ခင်ဗျား ရူးနေသလား၊ ဆင်ဖြူတော်ကို အင်္ဂလိပ်လက် မအပ်နိုင်ဘူးဆိုပြီး တစ်ဖက်နိုင်ငံကို သွားအပ်မယ်ပြောတယ်၊ ဆင်ဖြူတော်ဟာ မြန်မာပြည်ကလွဲပြီး ဘယ်နိုင်ငံမှာမှ မရှိသင့်ဘူး ''

ဟု ပြောလေ၏။ ဘိုးသာဦးကြီးက ခေါင်းကိုခါယမ်း၍

'' ငါ မရူးပါဘူး၊ ငါ့ရဲ့ လူမျိုးအစစ်အမှန်ဟာ ဘာလူမျိုးလဲ ဆိုတာ မင်းတို့မေ့နေပြီလား၊ ငါဟာ မြန်မာလူမျိုးမှမဟုတ်တာ၊ တစ်ဖက်နိုင်ငံသားပဲ၊ ဒီတော့ ငါ့နိုင်ငံ၊ ငါ့လူမျိုးကို ငါသစ္စာစောင့်သိရမှာပေါ့ ''

ဟုပြောလေ၏။

ဘိုးသာဦးကြီး၏ စကားကြောင့် လော်ပန်ကြီးက တက်ခေါက်၍

'' တောက် အသားထဲက လောက်ထွက်တဲ့လူကြီး၊ ခင်ဗျားကြီးဟာ တစ်ဖက်နိုင်ငံသားဖြစ်ပေမယ့် မြန်မာပြည်မှာပဲ ကြီးပြင်းခဲ့တာပဲမဟုတ်လား၊ ခင်ဗျားလုပ်တဲ့အပြုအမူဟာ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို သစ္စာဖောက်တဲ့လုပ်ရပ်ပဲ ''

ဟုပြောလေ၏။

ထိုအခါ ဘိုးသာဦးကြီးက တဟားဟားရယ်မော၍

'' ဟားဟားဟား မင်းတို့နိုင်ငံမှာပဲ ဆင်ဖြူတော်နဲ့ပတ်သက်လို့ အလေးအမြတ်ထားတယ်အောက်မေ့လို့လား၊ ငါတို့နိုင်ငံမှာလဲ





ဆင်ဖြူတော်ဟာ ရတနာတစ်ပါးပဲ၊ ငါတို့မျိုးရိုးဟာ စတုတ္ထမြောက် မဟာရာမဘုရင်လို့ခေါ်တဲ့ မောင်းကွတ်မင်းကြီးလက်ထက်ကတည်းက နန်းတော်ထဲမှာ ဆင်ဖြူတော်ကို ပြုစုခံစားရတဲ့ အမျိုးအနွယ်ပဲ၊ မောင်းကွတ်မင်းကြီးရဲ့နေရာမှာ ဆက်ခံတဲ့ ဆူလာလုံကွန် ဘုရင်ကြီးလက်ထက်ကစပြီး ငါတို့မျိုးရိုးဟာ ဆင်ဖြူတော်ကိုရှာဖွေခဲ့တာ ဒီနေ့အထိပဲ၊ ငါ့အဖေ အဘိုးတွေ ညီအစ်ကို မောင်နှမတွေ မတွေ့ခဲ့တဲ့ ဆင်ဖြူတော်ကို ငါ့ရဲ့လက်ထက်ရောက်တော့မှ ဆင်ဖြူတော်ကို ဘုရင်မင်းမြတ်ဆီကို ဆက်သနိုင်တော့မယ်၊ ဒါဟာ ငါ့ရဲ့မဟာအောင်မြင်မှုကြီးပဲ၊ ဒီကိစ္စကို ငါသိပ်ဂုဏ်ယူတယ်၊ ကဲ မင်းတို့အားလုံး တစ်ယောက်မှ ရှေ့မတိုးနဲ့၊ ဆင်ဖြူတော်လေးနဲ့ လွတ်ရာကျွတ်ရာကိုရောက်ရင် ဒီကောင်လေးကို ပြန်လွှတ်ပေးမယ်၊ ငါ့စကားကို နားမထောင်ရင်တော့ လူသတ်သင့်ရင် သတ်ရမှာပဲ ''

ဟုပြောလေရာ လော်ပန်ကြီးသည် အလွန်ဒေါသဖြစ်သွားပြီး

'' ခင်ဗျားဟာ လူယုတ်မာကြီး၊ ဆင်ဖြူတော်လေးကို ဆုံးရှုံးရင် ကျုပ်လက်နဲ့ ခင်ဗျားကို အသေသတ်ရမှ ကျေနပ်မယ် ''

ဟုအော်ဟစ်လေ၏။

ရာဇာသည် ဘိုးသာဦးကြီးလက်မှ ရုန်းကန်ရန်ကြိုးစားသော်လည်း မြွေမြွေချင်း ခြေမြင်သော ဘိုးသာဦးကြီးက လည်ပင်းကို ဘေးမှ ဖိစိုက်လိုက်သဖြင့် သွေးများ စီးကျကာ အားခနဲအော်ဟစ်လိုက်လေ၏။

ထိုအခိုက်မှာပင် တစ်စုံတစ်ယောက်သည် နွယ်ကြိုးကိုခိုဆွဲ၍



www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင် ပျံ့ဝဲလာပြီး လက်ထဲရှိဓားရှည်ဖြင့် ဘိုးသာဦးကြီးကို ခုတ်ပိုင်းလိုက်ရာ ဘိုးသာဦးကြီးသည် အားခနဲအော်ဟစ်၍ ဆင်ပေါ်မှ လဲကျသွားလေ၏။

ရာဇာသည် ကယ်တင်ရှင်ကို ကမန်းကတန်းလှည့်ကြည့်လိုက်သောအခါ ဆံရှည်ကိုယ်တော်ကိုတွေ့လိုက်ရလေ၏။

ဆံရှည်ကိုယ်တော်သည် ဝမ်းသာအားရဖြင့် သွေးစွန်းနေသောဓားကြီးကို မြှောက်ကာ

'' အရှူးကို ငါနှိမ်နင်းလိုက်ပြီ၊ အရှူးမရှိတော့မှ ငါကိုယ်တော်ရဲ့ တိုင်းပြည်ကြီး သာယာဝပြောမယ် ''

ဟုကြွေးကြော်လေ၏။

ရာဇာသည် ဆံရှည်ကိုယ်တော်ကိုမြင်သောအခါ ၎င်း၏မြင်းကြီးကို သတိရပြီး ပြောဆိုရန်ပြင်လိုက်ရာ ဆံရှည်ကိုယ်တော်က လက်ကာပြ၍

'' ငါကိုယ်တော်မြတ်ရဲ့ စီးတော်မြင်းကြီးကို တောင်ကြားထိပ်မှာပြန်တွေ့တယ်၊ အရှူးတွေကို နှိမ်နင်းပြီးပြီမို့ ငါကိုယ်တော်ပြန်တော့မယ်၊ ဒုက္ခနဲ့ကြုံရင် ခြေမြန်တော်လွှတ်လိုက်ပါ၊ ငါကိုယ်တော် အံရောက်လာမယ် ''

ဟုပြောဆို၍ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ရာဇာသည် ဆံရှည်ကိုယ်တော်ထွက်ခွာသွားသောအခါ ဆင်ဖြူတော်၏နှောင်ရေးကို တွေးတော၍ ရင်ထဲတွင် လေးလံသွားလေ၏။



BURMESE CLASSIC .com



ဆင်ဖြူတော်လေးအတွက် အန္တရာယ်တွေ များလွန်းလှ၏။

သူသည် ဆင်ဖြူတော်လေးကို စူးစိုက်ကြည့်၍ တစ်စုံတစ်ရာကို တွေးတောနေလေ၏။

အတန်ကြာအောင် တွေးတောပြီးနောက် ဆုံးဖြတ်ချက် တစ်ရပ်ကို ခိုင်ခိုင်မာမာချလိုက်ပြီး

'' အဖေ၊ ကျုပ် ရွာကိုမပြန်တော့ဘူး၊ ဆင်ဖြူတော်လေးနဲ့ အတူတောထဲမှာပဲနေတော့မယ်၊ ဒီလိုနေတာဟာ ဆင်ဖြူတော်လေးအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်၊ နောက်ပြီးတော့ ဆင်ဖြူတော်လေးနဲ့ ကျွန်တော် မခွဲနိုင်တော့ဘူး၊ ရွာကိုပြန်ရင် ကျွန်တော်တို့ခွဲရမှာ သေချာတယ်၊ ဆင်ဖြူတော်လေးမှာ အန္တရာယ်တွေ အများကြီးပဲ ''

ဟုပြောလေ၏။ လော်ပန်ကြီးသည် ရာဇာ၏စကားကြောင့် အံကိုတင်းတင်းကြိတ်၍ မျက်မှောင်ကြုတ်ကာ စဉ်းစားနေလေ၏။

ပြီးမှ လက်သီးဆုပ်၍

'' ငါ့သားရဲ့ဆုံးဖြတ်ချက်ဟာ အသင့်တော်ဆုံးပါပဲ၊ တို့တိုင်းပြည် နယ်ချဲ့လက်အောက်က လွတ်မြောက်ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ နေရတဲ့အခါ ငါ့သား ဆင်ဖြူတော်လေးနဲ့အတူပြန်လာခဲ့ပါ၊ အဖေ မသေသေးရင် သားကိုစောင့်ကြိုနေပါ့မယ် ''

ဟုပြောကာ ဆင်အုပ်ကြီးကို ဆုတ်ခွာရန် အချက်ပြလိုက်လေ၏။

ထိုအခါ ဆင်ဦးစီးများသည် ဆင်များကိုနောက်ကြောင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ကြလေ၏။

ရာဇာသည် ဆင်ဖြူတော်လေးနှင့်အတူ တောထဲတွင် တစ်ကိုယ်တည်း ကျန်ရစ်ပေတော့မည်။

လော်ပန်ကြီးသည် ရာဇာ၏အနီးတွင် စွယ်စုံဆင်ကြီးနှင့်တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီး ရာဇာနှင့်ဆင်ဖြူတော်လေးကို အားရအောင်ကြည့်ရှု၍ တရွေ့ရွေ့ ထွက်ခွာသွားလေ၏။

ရာဇာသည် ဝေး၍ဝေး၍ သွားသော ဆင်အုပ်ကြီးကို ကြည့်ရှု၍ တစ်ကိုယ်တည်း ကျန်ရစ်သောအခါမှပင် တောအုပ်ထဲသို့ ဝင်ခဲ့လေ၏။


အရာအားလုံး ပြီးဆုံးသွားချေပြီ။

သိမ်းပိုက်ခြင်းတင်းသော
မင်းမြတ်သူရ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com